www.burmeseclassic.com

# ကိုရွှေတောသား

ချစ်တော့တာတုန်းက....ထုံးစံများ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက် – ၅၀၀၈၈၃၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၁၀၅၀၈၀၇

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာ။

စီစဉ်သူ – ကိုဖြိုး(စိန်မိုးယံစာပေ)

မျက်နှာဖုံးနှင့်အတွင်းပန်းချီ – VANDAR

ထုတ်ဝေသူ – ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ်(၂)၊ ချုန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးကျော်စိန်(ကျောက်စိမ်းစာပေ)
အမှတ်(၁၇၁)၃၃လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀ကျပ်

ရွှေတောသား၊ ကို ၈၉၅ . ၈၃
ဂျင်ကျော့ကုန်းကထုံးစက်/ ကိုရွှေတောသား။ ရန်ကုန်
ရဲအောင်စာပေ၊ ၂၀၀၇။
၁၄၆-စာ၊ ၁၃ . ၂၁ × ၂၀ . ၈၃ စင်တီ၊
(၁) ဂျင်ကျော့ကုန်းက ထုံးစက်။

စိန်မိုးယံ စာပေ

# ကိုရွှေတောသား

## ဂျင်ကျော့ကုန်းက ထုံးစက်များ

(ဟာသလုံးချင်းဝတ္ထုစစ်စစ်)

စိန်မိုးယံ စာပေ

www.burmeseclassic.com

www.burmeseclassic.com

- သူပြောင်လျှင်အခေါင်ကွန့်
ကြောင်ဝံ့တဲ့...သူ။
- (ဝ)မရှိပေမဲ့လည်း
ရှိလေတဲ့'ထဆင်ထူး'တို့ဖြင့်
(ဝိ)ဖြစ်အောင်ဉာဏ်တွန့်မြူးလို
လူးလဲထောင်သူ။
- မွတ်မွတ်လည်ဂျင်ရဲ့ကျောပေါ်လ
ပြချွတ်ဖွယ်စံမတူ
ထုံးစက်မြူတို့ထိသွား။
- ဘယ်သူတွေဘယ်လိုပြောစေတော့
လည်သူတွေအလယ်ဝတို့တောမှာဖြင့်
ရယ်မောဖွယ်တောဇာတ်လမ်းကို
အဆန်းထွင်ကြံစည်တွေးလို့
ရေးရပေသား။ ။

မြို့မတွေ့ခဲ့သူမယ့်
ကိုရွှေတောသား







**တိုး မောင် တို့** မျိုးရိုးစဉ်ဆက်ကား ပုလိပ်နှင့် ဘယ်သောအခါမှ မကင်းခဲ့။

မှတ်မိပါသေးတော့ . . ။

တိုးမောင် လူမှန်းသိတတ်ခါစက ဘွားအေကြီး ဒေါ်ရွှေစာနှင့် နေခဲ့ရသည်။ မနေ၍လည်းမဖြစ်။ တိုးမောင်မှာ မိဘနှစ်ပါးမရှိတော့။ အဖေက ဘယ်သူမှန်းမသိ၊ အမေကတော့ သူ လူ့ ဘဝထဲရောက်ပြီး ရက်အနည်းငယ်မှာပင် လောက၏ အထုအထောင်းများကို ခံစားရင်း ဘွားအေကြီးဒေါ်ရွှေစာထံ အပ်နှံခဲ့ကာ ခရီးရှည်ထွက်သွားခဲ့သည်။

သည်တော့ တိုးမောင်၏ဘဝသည် ကောင်းသောလာခြင်း မဟုတ်သည်က သေချာသည်။ ဘွားအေကြီး ဒေါ်ရွှေစာအနေဖြင့်လည်း ချမ်းတောင့်ချမ်းသာမဟုတ်။ ရရစားစားဘဝပေမို့ ကြုံလာရသည့် လောကဓံကို ကြံ့ကြံ့ခံရင်း မိဘမဲ့ဖြစ်သော မြေးကလေးသူ့အား ထိန်းကျောင်းဖေးမလာခဲ့သည်။ ဒေါ်ရွှေစာအဖို့ မိသားစုစားဝတ်နေရေး ရပ်တည်နိုင်ရေးအတွက် ဥပဒေနှင့်မလွတ်ကင်းသည့်ကိစ္စများကို လုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည့်အတွက် သတ္တိကတော့ မခေ။

အိမ်မှာ ဖဲဝိုင်းထောင်သည်။ အရက်ပုန်းချက်သည်။ သည့်ကတည်းက ပုလိပ်ဆိုသည့် ဗြိတိသျှနယ်ချဲ့၏ ကြိုးဆွဲရုပ်သေးများနှင့် ပတ်သက်ရတော့သည်။

တိုးမောင် မှတ်မိပါသေးသည်။

အဲ့သည်တုန်းကသူသည် အကစားမက်သည့် ကလေးအရွယ်။

ထိုနေ့က ဘွားအေကြီး ဒေါ်ရွှေစာအိမ်မှာ တိတ်တိတ်ပုန်းဖဲဝိုင်းရှိသည်။ သည်သို့ ဖဲဝိုင်းရှိကြောင်းကို ရွာထဲက ဘယ်သူကများ အတို့အထောင် လုပ်လိုက်သည်မသိ။ ပုလိပ်ကလေးတစ်ယောက် ခြံဝသို့ ရောက်လာသည်။

"အဒေါ်ကြီး . . ဗျို့ . . အဒေါ်ကြီး"

"ဟေ . . ဘယ်သူလဲ ခြံဝက အော်နေ,ခေါ်နေ တာ။ လာပြီ . . . လာပြီ"

ဒေါ်ရွှေစာလည်း အိမ်ထဲမှ ကပျာကယာ ထွက်လာသည်။

"ဩော် . . . ဘယ်သူများလဲလို့၊ စခန်းကရောက်လာတာကိုး။ အေးကွယ် . . . အေးကွယ်"

သည်သို့စကားခံရင်းမှ ပုလိပ်သားထင်ရှားစွာ သိသာစိမ့်သောငှာ မျက်စိအစုံကိုတဖျတ်ဖျတ်နှင့် ဖွင့်ချည်ပိတ်ချည် ပြုလေသည်။ ဒါကို သတိထားမိသော ပုလိပ်သားက သဘောပေါက်လိုက်သည်။

"ဟား . . . သေချာပြီ။ သတင်းရထားတဲ့အတိုင်း ဖဲဝိုင်းဖြစ်နေတာ သေချာပြီ။ ဒါပေမဲ့ အဒေါ်ကြီးက မျက်စိမှိတ်ပြနေတယ်။ ဒါ . . အတော်လေးကြာမှ တစ် ခေါက်ပြန်လှည့်လာဖို့ နိမိတ်ပြလိုက်တာပဲ။ ကျုပ် 'မအ' ပါဘူးဗျာ။ ပုလိပ်လုပ်နေတာ ကြာပေါ့။ အင်း . . တော်လေးကြာမှ ပြန်လှည့်လာပြီး ဆက်ကြေး တောင်းရတော့မှာပဲ"





ပုလိပ်သားကလည်း ၎င်းဘာသာရင်း သဘောပေါက်သွားပြီး သကာလ ဒေါ်ရွှေစာအား လက်ပြနှုတ်ဆက်ကာ လှည့်ပြန်သွားလေသည်။ ဘွားအေကြီး ဒေါ်ရွှေစာအဖို့ ပုလိပ်အပေါ်တွင် ခပ်ချဉ်ချဉ်ရှိရကား အကောက်ငွေမရလျှင်လည်းနေတော့ဟု သဘောထားလျက် ဝိုင်းကို ရှင်းပစ်လိုက်သည်။ ဖဲလာရိုက်သူတွေကိုလည်း ပြန်ခိုင်းလိုက်သည်။

ညနေရီနေညိုချမ်းမှာတော့ နံနက်ခင်းကာလက ရောက်လာခဲ့သော ပုလိပ်သားသည် ငွေကြေးမြက်မြက်ကလေး ရပေတော့မည်ဟူသော စိတ်ကူးဖြင့် မြူးမြူးကြွကြွကလေး ရောက်ရှိလာခဲ့သည်။

"ဗျို့ . . . အဒေါ်ကြီး . . ၊ အဒေါ်ကြီး"

"ဟေ . . . ဘယ်သူတုံး"

"ကျုပ် . . ပုလိပ်မောင်ထွေးပါဗျ"

"လာပြီ . . လာပြီ၊ ကိုင်း . . ဆို၊ ဘာကိစ္စတုံး"

"အဒေါ်ကြီး . . . ကျုပ်ကို ပထမတစ်ခေါက်လာ တုန်းက ပြောတာလေ"

"ဟာ . . ငါမင်းကို ဘာမှ မပြောလိုက်ပါဘူး"

"မဟုတ်သေးပါဘူးဗျာ။ အဒေါ်ကြီးက ပြောတော့ မပြောပါဘူး။ ဒါပေမဲ့ အခုမလာနဲ့ဦး၊ တော်ကြာမှ တစ်ခေါက်ပြန်လာခဲ့လို့ မျက်စိအဖွင့်အပိတ် လုပ်ပြခဲ့တယ်မဟုတ်လား"

"ကျားသားမိုးကြိုးတော်။ ကျုပ်က အမြဲတမ်း မျက်စိအဖွင့်အပိတ် လုပ်နေတဲ့ဥစ္စာ။ အခုတစ်လော မျက်ခမ်းကလည်း စပ်ချင်နေသလား မသိပါဘူး"

ပြောရင်းဆိုရင်းနှင့် မျက်တောင်နှစ်ဖက်ကို နံနက်တုန်းကအတိုင်း တဖျတ်ဖျတ် ပုတ်ခတ်ပြသဖြင့် ပုလိပ်ငနဲအဖို့ အူတူတူကြောင်တောင် ဖြစ်သွားလေသည်။

"ဒါ . . . ဒါဖြင့်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အဲဒါကြောင့် မင်းနဲ့ကျုပ်နဲ့ ပတ်သက်စရာ ဘာမှ မရှိဘူး။ မင်းကိုလည်း တစ်ပြားမှ မပေးနိုင်ဘူး။ ကဲ . . . ကြွ . . ကိုယ်တော် . . ကြွကြွ လာရာလမ်းအတိုင်း သာကြွ"

ဒေါ်ရွှေစာက သာသာနှင့်နာနာ နှင်လွှတ်လိုက်သည်။ မနက်ကသာ ထိုသို့ဆက်ဆံလိုက်ပါက ကြိတ်ဝိုင်းကို တစ်နည်းမဟုတ်တစ်နည်း ပြဿနာရှာနိုင်သော်လည်း ယခုအချိန်မှာတော့ ဘာဆိုဘာမျှ မတတ်နိုင်ပြီ။ သည့်အတွက် မကျေမချမ်းဖြင့်ပင် ဆန်ပြုတ်သောက်လာခဲ့ရလေတော့သည်။

ဒေါ်ရွှေစာကြီး မဟုတ်တာလုပ်တာကို သိသည်။

သို့ပေမင့် ရင်းထဲမှ လာဘ်ငွေကလေးကို မျှော်လင့်မိ၍ အသာရှောင်ပေးခဲ့သည်။ ယခု ပြန်လာတော့ အတည်ပေါက်ဖြင့် ကိုယ့်ကိုပြန်နှင်လေတော့ ပုလိပ်ကလေးမောင်ထွေးအဖို့ မကျေနပ်စိတ်တွေကရင်ထဲမှာ တလိပ်လိပ်။

သည်တော့ စခန်းပြန်ရောက်တော့ ရင်းနှင့် ပုလင်းတူဘူးဆို့ဖြစ်သော ပုလိပ်မောင်ပိန်ကို ရင်ဖွင့်ပြခဲ့သည်။

"ရာဇဝင်ရှိင်းပ့ါ မောင်ထွေးရာ၊ ဒေါ်ရွှေစာဆိုတာ သူ့ရွာပေါက်တောကုန်းမှာ တကယ့်မိန်းမလည် သိန်းကြွယ်ကွ။ ကိစ္စမရှိဘူး။ ဒီတစ်ခါ ငါနဲ့တွေ့ရင် မင့်ကိုယ်စား ကောင်းကောင်းကြီး ပညာပေးလိုက်မယ်"

"လုပ်စမ်းပါ ကိုပိန်ရာ။ ကျွန်တော့်စိတ်ထဲမှာ ဒီမိန်းမကြီး မလိမ့်တစ်ပတ်လုပ်သွားတာ ရင်ထဲမှာ တနုံ့နုံ့နဲ့။ ခင်ဗျားသာ ကျွန်တော့်အတွက် ပညာပေးခဲ့ရင် ကျေးဇူးမမေ့ပါဘူးဗျာ"

"အေး . . မမေ့တဲ့အနေနဲ့ ငါ့ကို ခုလောလောဆယ် ချက်အရက်တစ်ပိုင်းဖိုးလောက်လုပ်ကွာ။ သွေးတောင်းနေပြီကွ





မောင်ထွေးရ"

"ရော့ပါဗျာ . . . ရော့ . . ရော့။ နောက်ရက်တွေကျရင်သာ အဲဒီမိန်းမကြီးကို အပီ ပညာပေးလိုက် စမ်းပါ"

"စိတ်သာချစမ်းပါကွာ။ ပုလိပ်မောင်ပိန်ဆိုတာ နာမည်တစ်လုံးနဲ့ နေတဲ့ဥစ္စာ။ မပိုင်လို့များကတော့ မုန့်ဟင်းခါးထဲဘယ်တော့မှ အကြော်ညှပ်မထည့်ဘူး"

ချက်အရက်တစ်ပိုင်းဖိုး ရသွားလေသည့်အတွက် ပုလိပ်မောင်ပိန်တစ်ယောက် အားရဝမ်းသာဖြင့် ခွက်ပုန်းဆိုင်တွေဘက် ထွက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com









ဝွှား

ဇေအ

**ကြီး** ဒေါ်ရွှေစာ၏ အဘိဓမ္မာက ဝက်ဖြစ်နေမှတော့ မစင်ကို ကြောက်စရာမလိုဟု ခံယူထားလေသည်။ သည်တော့ ရံဖန်ရံခါ ဖဲဝိုင်းထောင်တတ်သလို၊ ရံဖန်ရံခါလည်း အရက်ပုန်းကလေး ချက်တတ် သည်။

သည်သို့ အရက်ပုန်းချက်သည်ကို သတင်းအတိအကျရထား သော ပုလိပ်မောင်ပိန်သည် အရက်ကြိုက်သူပီပီ အကွက်ကောင်းမိနေ တော့သည်။

"ဗျို့ အဒေါ်ကြီး၊ နေ့တိုင်း တစ်ပိုင်းလောက် သောက်ရ တာ သိပ်စံချိန်မကိုက်ဘူးဗျာ။ တစ်လုံးလောက်မှ စံချိန်[illegible] မှာဗျ"

"ဟဲ့ . . . အဲသလောက် သောက်ချင်ရင်လည်း ပိုက်ဆံ လေးဘာလေး ပေးသောက်မှပေါ့ မောင်ပိန်ရယ်၊ [illegible] ဈေးကလည်း သိတဲ့အတိုင်းပဲ။ စိမ်ရေဖောက်ဖို့ [illegible] ကလည်း ဈေးကြီးပေးဝယ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . အဲဒါတွေ မပြောနဲ့ဗျာ။ အဲဒါတွေက ကျုပ် အလုပ် မဟုတ်ဘူး"

ပုလိပ်မောင်ပိန်၏ စကားက တူသားအရွယ်ရှိသော်လည်း လွန်စွာမှ ရင့်သီးလှ၏။

"ဟဲ့ . . . ငါက စားဝတ်နေရေးအတွက် လုပ်နေရတာမို့ ငါ့အခက်အခဲကို ပြောနေရတာ"

"မပြောနဲ့ဗျာ။ နားညည်းတယ်။ ပိုက်ဆံတောင်းရင် တခြားလူကိုသွားတောင်း။ ကျုပ်ကဘာဖြစ်လို့ ခင်ဗျားအရက်ကို ပိုက်ဆံပေးသောက်ရမှာလဲ။ ဟင်း . . ဟင်း . . ဟင်း သိပ်တော့ လူပါးဝမလာနဲ့နော်။ လိုင်စင်မရှိဘဲ အရက်ခိုးချက်တယ် ဆိုပြီး ခင်ဗျားကို ဖမ်းချုပ်လို့ရတယ်နော်။ ခင်ဗျားကို အခု ဖမ်းပစ်လို့ရတယ်"

အရက်လည်း အလကားသောက်သေး၊ နင်ပဲဆဲ မောက်မောက် မာမာလည်း နှုတ်ကျွံသေးဆိုတော့ ဒေါ်ရွှေစာ့စိတ်ထဲ ထောင်းခနဲဖြစ်သွားခဲ့ရသည်။ မျိုးနှင့်ရိုးနှင့် သတ္တိကောင်းသူများပေမို့ ဒေါ်ရွှေစာက လည်း ကြက်ခေါင်းဆိတ်မခံခဲ့။

"အောင်မာ . . . ဘယ်လိုပြောလိုက်တယ်။ နင်က ငါ့ကို အခုဖမ်းလို့ရတယ် . . ဟုတ်လား ငပိန်၊ ပြောစမ်းပါ ငပိန်ရဲ့။ ဟဲ့ . . ငပိန် . . သူတောင်းစား။ နင် ပေါက်တောကုန်းက သင်္ချိုင်းမှာ ကုလားမြကြိုင်တို့နဲ့ ဝေစုခွဲပြီး မြေကြီးတူးလာကတည်းက နင့်ကိုသိနေတာ။ အခုမှ ပုလိပ်ထဲရောက်၊ မသထာ့ရေစာတွေ အပင်းဆိုပြီး အားရတော့ ငါ့ကို ကဏ္ဍာ ကောစ ပြောတာပေါ့ ဟုတ်စ။ နင်က ဖမ်းချင်တိုင်းဖမ်း ရအောင် ငါက အဖမ်းခံမယ့် မိန်းမစားမျိုးမှတ်နေသလား။ ငါက နင်ဖမ်းတာကို မခံဘူးဆိုရင် နင်က ဘာများလုပ်ချင်





လို့တုံး"

"ဟား . . ခင်ဗျားကြီး ကျုပ်ကို အထင်မသေးနဲ့။ ကျုပ်တာ နှယ်နှယ်ရရမဟုတ်ဘူး။ အင်္ဂလန်အဝေးက ဘင်သံပယ်ကြီး အုပ်ချုပ်နေတဲ့ ဂျော့ဘုရင်မင်းမြတ်ကြီးရဲ့ အာဏာစက်နဲ့ သူ့ အမှုတော်ကို ကျေပွန်စွာ ထမ်းရွက်နေတဲ့ ပုလိပ်ဗျ . . ပုလိပ် . . ပုလိပ်။ အေးအေးသက်သာခေါ်လို့ မလိုက်ဘူးဆိုရင် ကျုပ် အကြမ်းနည်းသုံးပြီး ခင်ဗျားကိုဖမ်းမယ်ဗျာ . . လာ . . လိုက်ခဲ့"

အရက်တန်ခိုးဖြင့် မောင်ပိန် ပါဝါပြတော့သည်။

ဘာရမှာတဲ့နည်း။

ဒေါ်ရွှေစာသည် ချက်ချင်းဆိုသလိုပင် ၎င်း၏ ညစ်ထပ်ထပ် ရှန်သားအင်္ကျီကိုဆွဲဖြဲကာ အသားကုန်အော်ဟစ် လေတော့သည်။

"လာကြပါဦး . . လာကြပါဦး၊ ဟောဒီမှာ . . ကျုပ်ကို မောင်ပိန် မဟားဒယား လုပ်နေပါတယ်။ လာကြပါဦး အရပ်ကတို့ . . ."

အာခေါင်ကိုခြစ်ပြီး ကုန်းအော်လိုက်သံကြောင့် အာဏာတွေ ပါဝါတွေ ပြလိုသော မောင်ပိန်ခမျာ ကြောင်အမ်းအမ်းဖြစ်သွားရပြီး ခုတ်တရက် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားရသည်။

"ဟေ ဘယ်သူလဲကွ။ မိန်းမသားတစ်ယောက်ကို မတော် မတရားကြံတာ"

"ပုလိပ်စုတ်၊ အာဏာလေး နှစ်ပဲတစ်ပြားနဲ့ လာစော်ကား တဲ့ကောင် . . မလွှတ်စေနဲ့"

"ချ . . ချ ကောင်းကျိုးမပေးတဲ့ ကြွက်မျိုး အသေထု"

အသံပလံတွေနှင့်အတူ ပတ်ဝန်းကျင် ရွာသူရွာသားများ ဝိုင်း လာသည့်အတွက် ပုလိပ်မောင်ပိန်လည်း နောက်ကျသည့်ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက်ဟု ခံယူကာ ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် လစ်ပြေးပါလေတော့၏။

လက်တလောမှာတော့ဖြင့် ပုလိပ်မောင်ပိန်၏ အန္တရာယ်မှ ကင်းဝေးရသည်မှာ မှန်၏။ သို့သော် ရေရှည်အနေအထားမှာတော့ မကောင်း။ ပုလိပ်မောင်ပိန်အဖို့ ရှက်ရမ်းရမ်းလျက် တုံ့ပြန်အန္တရာယ် မပေးဟု အတပ်မပြောနိုင်။

သည်တော့ ဒေါ်ရွှေစာအဖို့ အိမ်သားတို့ကို အပါးသို့ခေါ်ကာ မှာကြားစရာရှိသည်တို့ကို မှာကြား၏။ ပြုဖွယ်ကိစ္စမှန်သမျှတို့ကို ဆောလျင်စွာ ပြုစေ၏။ ပိပိရိရိရှိစေရန်လည်း မှာကြား၏။

ဒေါ်ရွှေစာ တွေးဆထားသည်မှာ မြေကြီးကိုလက်နှင့် ပုတ်ပါက လွဲချော်ကောင်း လွဲချော်ပေလိမ့်မည်။

ယခုတော့ တွေးဆထားသည့်အတိုင်း ကွက်တိ။

မကြာမတင်ကာလမှာပင် ပုလိပ်မောင်ပိန်သည် သူ့ ချည်းသက်သက်မဟုတ်ဘဲ ဆားပုလင်းဒင်းဒေါင်ကိုပါ အဖော်ခေါ်လျက် အများသူငါ အထင်ကြီးစေရန် နှစ်လုံးပြူးကိုယ်စီဖြင့် ဒေါ်ရွှေစာအား အရက်ပုန်းချက်မှုဖြင့် ဖမ်းခေါ်သွားလေတော့၏။

ဒေါ်ရွှေစာကတော့ လာမည့်ဘေးပြေးတွေ့ဖို့ ကြံရွယ်ဆုံးဖြတ်ထားသူပီပီ ပြူးပြူးပျာပျာမဖြစ်။ သွေးအေးအေးဖြင့်ပင် ပုလိပ်မောင်ပိန်တို့ ခေါ်ဆောင်ရာနောက်သို့ လိုက်သွားခဲ့ပါ၏။





**ဝါတ်**

**တဲ**

**ရောထ်တော့** အိုင်ပီမောင်ပျင်းဆိုသည့် ဗိုက်ရွှဲရွဲ ပုလိပ်အရာရှိကြီးက စားပွဲရှေ့ရှိခုံတွင် ဒေါ်ရွှေစာအား ထိုင်ခိုင်းလိုက်သည်။

"အဒေါ်ကြီးနာမည်"

"ရွှေစာပါ . . ပေါက်တောကုန်းရွာမှာ နေပါတယ်"

"ဒါထက် အဒေါ်ကြီးက အရက်ပုန်းချက်ရောင်းတယ်ဆို"

နံဘေးမှာတော့ ပုလိပ်မောင်ပိန်က တရားခံကို လက်ရဖမ်းဆီးလာနိုင်ခဲ့သော အောင်ပွဲရစစ်သူကြီးအလား ရင်ကော့လျက် ဒေါ်ရွှေစာအား ထီမထင်အကြည့်ဖြင့် ကြည့်နေသည်။ ၎င်း ထီမထင်သကဲ့သို့ ဒေါ်ရွှေစာကလည်း ထီမထင်ပါချေ။

"ဟုတ်ပါတယ်။ ကျွန်မ အရက်ပုန်းချက်ရောင်းပါတယ်"

ကိုင်း . . သည်လိုဝန်ခံလိုက်တော့ ကျိန်းသေ အမြစ်ပေးခံရတော့မည် မဟုတ်လား။ ပုလိပ်မောင်ပိန်အဖို့ ၎င်းအပေါ် တဏှာဇောစပြုသော ဒေါ်ရွှေစာအား ပညာပေးရမည့်အတွက် အူမြူးနေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အရက်ပုန်းချက်တယ်။ လိုင်စင်မရှိဘဲနဲ့ လုပ်တယ်ဆို တော့ အစိုးရကထုတ်ပြန်တဲ့ ဥပဒေကို ဖီဆန်တာပဲ။ ဘာ ကြောင့် အရက်ပုန်းချက်ရတာတဲ့လဲ"

"ကျွန်မကို ပုလိပ်မောင်ပိန်က အတင်းကာရော ချက်ခိုင်း လို့ပါ"

"ဗျာ . . . "

သည်အာမေဍိတ်သံက နံဘေးရှိ ပုလိပ်မောင်ပိန်ထံမှ ပေါ်ထွက် လာခြင်းဖြစ်ပြီး မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ၎င်း၏ဆံပင်များ ထောင်ထကုန်ကြသည်။ ပုလိပ်အရာရှိ အိုင်ပီမောင်ပျင်းသည် ဒေါ်ရွှေစာ ထံမှ ကြားလာရသည့်စကားကြောင့် အပါးတွင်ရှိနေသည့် ပုလိပ်မောင်ပိန် ကို မျက်လုံး လှန်ကြည့် လိုက်လေ၏။

"ဟေ့ မောင်ပိန်၊ ဒီအဒေါ်ကြီးပြောတာ ဟုတ်သလား"

"မ . . မဟုတ်ပါဘူး အိုင်ပီ။ ဒီ . . ဒီ . . ဒီမိန်းမကြီး ညာပြောနေတာ၊ ကျွန်တော့်ကို ချောက်ချနေ တာပါခင်ဗျ"

"ကိုင်း . . ဒေါ်ရွှေစာ၊ ကျုပ်တို့လူ ပုလိပ်မောင်ပိန် ကတော့ သူမဟုတ်တဲ့အကြောင်း ငြင်းနေပြီ။ ခင်ဗျားက ဘာသက်သေ သာဓကတွေရှိလို့ သူ့ကို စွပ်စွဲရတာလဲ။ တကယ်မဟုတ်ရင် ပိုပြီး အပြစ်တွေကြီးလေးသွားလိမ့် မယ်နော်"

"သိပါတယ်ရှင့် . . .၊ ကျွန်မကို မောင်ပိန်က ချက်သာ ချက်၊ သူ လုံးဝဥဿုံ တာဝန်ယူတယ်၊ ဒီစခန်းကလူတွေ ဘယ်သူ့ ကိုမှ (-)ဂရုစိုက်စရာ မလိုဘူး။ ချက်သာချက်ဆိုလို့ သာ ချက်မိတာပါ။ အဲသည်လို ချက်တဲ့အတွက် သူ့ ကို တစ် နေ့ အရက်တစ်လုံး အခွန်ဆက်ရပါတယ်။ အခုတောင် သူ့





အိမ်မှာသွားရှာရင် အခွန်ဆက်ထားတဲ့ အရက်တစ်လုံးရှိပါ လိမ့်ဦးမယ်ရှင့်"

ဒေါ်ရွှေစာ၏စကားက မောင်ပိန်၏မျက်နှာအား **ဆီးရွက်** တလေးတမျှ ဖြစ်သွားစေခဲ့သည်။ အိုင်ပီမောင်ပျင်းသည် မောင်ပိန့်**အား** တစ်ချက်စွေကြည့်လိုက်ရင်း . . .

"ဒီမှာ အဒေါ်ကြီး၊ မောင်ပိန့်အနေနဲ့ သူ့ဘာသာ သူ ဝယ်သောက်လည်း ဖြစ်တဲ့အနေအထား ရှိတာပဲဗျာ။ အဒေါ် ကြီးပေးရပါတယ်ဆိုတဲ့ အရက်ပုလင်းဆိုရင် ဘယ်လို အမှတ် အသားတွေ ပြနိုင်သလဲ"

"ပြနိုင်တာပေါ့ရှင် . . ပြနိုင်တာပေါ့။ ကျွန်မ ဒီနေ့ ပို့ပေး ရတဲ့ ပုလင်းဆိုရင် ငှက်ပျောဖူးပုလင်း၊ အရောင်က အစိမ်း ရောင်ရှင့်။ နှုတ်ခမ်းကလေးက စပါးနှစ်စေ့လောက် ပဲ့နေ တယ်။ ပုလင်းအဖုံးကို ဖော့ဆို့နဲ့ပိတ်ထားတယ်။ ပုလင်း လည်ပင်းမှာ ကြိုးအနီလေးရှိတယ်။ အဲဒီကြိုးနဲ့အတူ 'ရွှေစာ' ဆိုတဲ့ ကတ်ပြားလေးတောင် ချိတ်ထားသေး . . ."

ဒေါ်ရွှေစာ၏ စကားက တိတိကျကျ သေသေချာချာ။

"ဟေ့ . . . ဆားပုလင်းဒင်းဒေါင်၊ ခုချက်ချင်း မောင်ပိန့် အိမ် သွားရှာစမ်း။ ရလာတာနဲ့ ဒီကိုယူလာခဲ့"

"ရက် . . ဆားစ်"

ဆားပုလင်းဒင်းဒေါင် ထွက်သွားပြီး မကြာခင်မှာပင် **ပစ္စည်းနှင့်** တကွ ပြန်ရောက်လာခဲ့၏။

ဟုတ်ပါရဲ့ . . .။ ဒေါ်ရွှေစာ အစစ်ခံသကဲ့သို့ပင် **တွတ်တိမှ** တွက်တိ။

အစိမ်းရောင် ငှက်ပျောဖူးပုလင်း။

နှုတ်ခမ်းမှာ စပါးလုံးနှစ်စေ့စာ အပဲ့ကလေး။



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းလည်ပင်းမှာ ကြိုးနီလေး။ ကြိုးလေးနှင့်တွဲထားသည့် ကတ်ပြားမှာ ရေးထားသည်က 'ဒေါ်ရွှေစာ'။

"ကိုင်း . . မောင်ပိန်၊ မင်းဟာ ပုလိပ်လုပ်နေပြီး အာဏာကို အလွဲသုံးစားလုပ်တယ်။ မင့်လုပ်ရပ်ကြောင့် တို့ပုလိပ်တွေ အကြည်ညိုပျက်ရတယ်"

"ကျွန် . . ကျွန်တော်"

"တော်တော့ . . မင်း ဘာမှ ဆက်မပြောနဲ့တော့။ အခုကိစ္စကို အဖြစ်မှန်အတိုင်း မင်းကြီးဆီ တင်ပြရမှာပဲ။ မင်းကြီးရဲ့ အဆုံးအဖြတ်ကို မင်းခံရလိမ့်မယ်"

သည့်နောက် ဘာမျှ ချုပ်နှောင်ဖမ်းဆီးခြင်းမခံရဘဲ နောက်နောင် လိုင်စင်မရှိဘဲ အရက်ပုန်းမချက်ပါဟု ခံဝန်ပြုလုပ်လျက် ဒေါ်ရွှေစာ ပြန်လာခဲ့ရသည်။ ပုလိပ်မောင်ပိန်မှာတော့ နောက်ရက်၌ ဝေးလံခေါင်ဖျား နေရာဒေသတစ်ခုသို့ ပို့လွှတ်ခြင်း ခံရပါလေတော့သတည်း။







**တိုး**

**မောင်**

**အဖိုးတော့** မိဘနှစ်ပါး၏ မေတ္တာရေကြည် ဝတ်ခဲ့ရသော်လည်း ဘွားအေကြီးဒေါ်ရွှေစာ၏ မေတ္တာရေကြည်ကို သောက်သုံးခွင့်ရနေသဖြင့် တော်ပါသေးဟု ဆိုရပါလိမ့်မည်။

ဘွားအေကြီးသည် မြေးဖြစ်သူ မိဘမဲ့တိုးမောင်ကလေး အိပ်ရာဝင်ပြီဆိုလျှင် ဘဝအားမာန်တက်စေမည့် ကြားဖူးနားဝ ပုံတိုပတ်စ၊ ဒဏ္ဍာရီများကို စိတ်ဝင်စားဖွယ်ကောင်းလောက်အောင် ပြောဆိုတတ်လေသည်။ ခုလည်း မြေးကလေးတိုးမောင်အတွက် သူကြားခဲ့ဖူးသော ဒဏ္ဍာရီမဟုတ်သည့် အဖြစ်အပျက်ကလေးတစ်ခုကို ပြောဆိုဖို့ ပြင်ဆင်ပါလေပြီ။

"အဘွား အခုပြောမှာ ပုံပြင်မဟုတ်ဘူး မြေးလေးရဲ့၊ ကချင်ပြည်နယ်မှာ ဖြစ်ခဲ့တာ။ အင်္ဂလိပ်တွေ ကျွန်ပြုတော့ ကချင်ပြည်နယ်လည်း အင်္ဂလိပ်တွေ လက်အောက်ကို ကျရောက်ရတာပဲပေါ့။ အဲဒီကာလမှာ ကချင်ပြည်နယ် ဗန်းမော်မြို့မှာ တေက်ပြားဆိုတဲ့ လူစွမ်းကောင်းတစ်ယောက် ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့"

"ဘုရင် သတိုးမင်းဖျားလက်ထက်က သူခိုးကြီးလား ဟင်"

"သူခိုးကြီးချင်းတော့ တူပါတယ်။ နာမည်ရင်းကတော့ တောက်ပြားမဟုတ်ဘူး။ သတိုးမင်းဖျားဘုရင် လက်ထက်က သူခိုးကြီးတောက်ပြားစွမ်းသလိုမျိုး စွမ်းလွန်းလို့ 'တောက်ပြား' လို့ တွင်လာတာပဲ မြေး . . .။ ကချင်လူမျိုးတွေဟာ အင်မတန် ရိုးသားကြပါတယ်။ ခိုးတတ်ဝှက်တတ်တယ် မရှိပါဘူး။ ခုဟာက ကချင်လူမျိုး မရှိဆင်းရဲသားတွေအပေါ် မတရား အမြတ်ထုတ်ထားတာတွေကို ပြန်လည်ခိုးယူပြီး ဆင်းရဲသားတွေကို ဝေငှပေးတတ်လို့ ပြည်သူချစ် တောက်ပြား ဖြစ်လာရတာပေါ့"

ဘွားရွှေစာ၏ စကားများက အရာရာကိုစူးစမ်းလိုသော တိုးမောင်အတွက်တော့ စိတ်ဝင်စားဖွယ် ကောင်းလွန်းလှသည်။

"ဆက်ပြောပါဦး အဘွားရယ်"

"တစ်နေ့တော့ ပန်ချာပီခေါင်းပေါင်းတွေ ပေါင်းထားတဲ့ ကုလားပုလိပ်သုံးယောက်က ကချင်လူရွယ်လေးတစ်ယောက်ကို လက်ထိတ်ကြိုးတွေ တုတ်နှောင်လို့ တောလမ်းအတိုင်း ဆွဲခေါ်လာခဲ့တယ်။ သူတို့ကျောတွေမှာလည်း သေနတ်တွေ ကိုယ်စီနဲ့။ လက်ထိတ်ကြိုးတွေ တုတ်နှောင်ခံလာရတဲ့သူကတော့ တောက်ပြားပါပဲ။ သူဟာ နာမည်ထွက်လာတဲ့အတွက် အင်္ဂလိပ်အစိုးရက ရာဇဝတ်ကောင်အဖြစ် သတ်မှတ်ပြီး ဆုငွေ ထုတ်ထားခြင်းခံရတဲ့သူ။ ဒီတော့ သူ့ကိုဖမ်းလာနိုင်တဲ့ ကုလားပုလိပ် သုံးယောက်ကတော့ ဌာနကိုပြန်ရောက်ရင် ဆုငွေတွေရတော့မယ်ဆိုပြီး အပျော်ကြီးပျော်၊ အမြူးကြီး





မြူးနေကြတော့ တာပဲပေါ့။

အဲဒီလိုနဲ့ တောလမ်းကလေးတစ်နေရာ ရောက်တော့ တောက်ပြားက နောက်ဖေးသွားချင်တဲ့ အကြောင်း ပြောဆို ခွင့်တောင်းတယ်။ မပေးလို့က လမ်းတစ်လျှောက် အနံ့အသက်တွေ ခံစားရမှာမို့ လက်ထိတ်ကြိုးကို အနည်းငယ်လျှော့ပေး၊ ချုံပုတ်ထဲမှာ တောထိုင်ခွင့်ပေးလိုက်တယ်။ တော်တော်နဲ့ကိစ္စမပြီးလို့ ပုလိပ်တွေလည်း စိတ်မရှည်နိုင်တော့ဘဲ ဆဲဆဲဆိုဆိုလုပ်ရင်း လက်ထိတ်ကြိုးကို အတင်းဆွဲလိုက်ကြတယ်။ သူတို့ဘယ်လောက်ပဲဆဲဆဲ ကြိုးဘယ်လောက်ဆွဲဆွဲ တောက်ပြားကတော့ တုပ်တုပ်တောင်မှ မလှုပ်ပါဘူး။ နောက်ဆုံး ကုလားပုလိပ်တစ်ယောက်က ဒေါသတွေပေါက်ကွဲပြီး သူစီးထားတဲ့ ဘွတ်ဖိနပ်နဲ့ တအားဆောင့်ကန်မယ်ဆိုပြီး ချုံထဲလည်းဝင်ရော ဟိုက်ခနဲ ဖြစ်သွားတော့တာပဲ"

"ဘာဖြစ်လို့လဲဟင် . . အဘွား"

"ဘာဖြစ်ရမလဲ မြေးရယ်။ တောက်ပြားမှ မရှိတော့ဘဲကိုး။ သူ့ကိုခတ်ထားတဲ့ လက်ထိပ်ဟာ သစ်ကိုင်းမှာခတ်လျက်သား ဖြစ်နေတယ်။ ဒီတော့ ပုလိပ်တွေ ဗန်းမော်ပြန်ရောက်တဲ့အခါ မြို့ပိုင်မင်းကို အကြောင်းစုံလျှောက်ထားခဲ့တယ်။ ဒါပေမဲ့ မြို့ပိုင်မင်းကြီးဟာ မယုံကြည်ပါဘူး။ ပုလိပ်တွေရဲ့ ပေါ့လျော့မှုကြောင့် လွတ်မြောက်သွားရတာဆိုပြီး ဆဲဆိုကြိမ်းမောင်းရင်း ပုလိပ်သုံးဦးကို အချုပ်ထဲထည့်ထားလိုက်တော့တယ်။

အဲဒီနောက် မြို့ပိုင်မင်းကြီးဟာ သူ ယုံကြည်စိတ်ချရတဲ့ လက်စွဲတော်နှစ်ယောက်ကို တောက်ပြားနေတဲ့ရွာ လွှတ်လိုက်တယ်။ တွေ့တာနဲ့ ဖမ်းဆီးခဲ့ဖို့လည်း မှာလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တောက်ပြားက လူတစ်မျိုးမြေးရဲ့။

သူအိမ်မှာရှိနေရင် ဘယ်သူပဲ ရောက်လာ၊ ရောက်လာ ထွက်ပြေးလေ့မရှိဘူး။ သူ့ကို ဖမ်းဖို့လာတာဆိုရင် အဖမ်းခံ *လိုက်တာချည်းပါပဲ။ ရုန်းကန်ခုခံတာမျိုး လုပ်လေ့လည်း* မရှိဘူးဆိုပဲ။ အဲ . . မြို့ပိုင်ကြီးရဲ့ လက်စွဲတော် ပုလိပ်နှစ်ယောက်ဟာ တောက်ပြားရဲ့ ရွာကိုရောက်သာလာခဲ့တယ်။ တောက်ပြားရဲ့အိမ်ကိုမသိသလို၊ တောက်ပြားဆိုတာကိုလည်းမသိဘူးတဲ့။

အဲဒီအချိန်မှာ အိမ်တစ်အိမ်ရဲ့ အပြင်ဘက်မှာ အကျီချွတ်နဲ့ လူတစ်ယောက် နှီးဖြာနေတာကို တွေ့ရတယ်။ ဒီတော့ အဲဒီလူကိုပဲ မေးမြန်းစုံစမ်းရမယ်ဆိုပြီး ထိုသူရှိနေတဲ့နေရာကို လျှောက်သွားသတဲ့"

ဘွားရွှေစာပြောသော အကြောင်းအရာအဖြစ်အပျက်က စိတ်ဝင်စားဖွယ် ကောင်းလွန်းလှသည်မို့ တိုးမောင်ခမျာ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း တောက်ပြားအပေါ် အားကျစိတ်များ ဝင်လာလေတော့၏။





အိမ်

ရှေ့

**မြေတွတ်လေဝ်** သစ်ပင်ရိပ်၌ နှီးဖြာလျက်ရှိသော လူရွယ်သည် ၎င်းရှိရာသို့ ပုလိပ်နှစ်ယောက် လှမ်းလာနေသည်ကို မြင်ရသောအခါ ဖိုးရွှေထိတ်လန့်မှု အလျဉ်းမရှိဘဲ နှစ်လိုဖွယ်ရာအပြုံးဖြင့်ပင် ခရီးဦးကြိုပြု လိုက်ပါသေးသည်။

"လာပါခင်ဗျား . . လာပါ၊ ဘာအကူအညီများ ပေးရပါ့မလဲ ခင်ဗျာ"

"ကျုပ်တို့လာတာ တောက်ပြားဆီကိုပါ။ ဒါထက် တောက်ပြားအိမ်က ဘယ်မှာလဲ"

"သြော် . . . သြော် . . . တောက်ပြားဆီ လာကြတာကိုး၊ အဟင်း. . . ဟင်း . . . တောက်ပြားနေတာက အဝေးကြီးမဟုတ်ပါဘူး။ ဒီအနီးအနားတင်ပါပဲ။ ကျွန်တော်ပဲ လိုက်ပြပါ့မယ်လေ၊ ခဏနော် . . ခဏ၊ အကျီကလေး ဝတ်လိုက်ချင်လို့"

သည်သို့ပြောဆိုပြီး လုံချည်ကိုခါလျက် အိမ်ပေါ်သို့ အသာတတ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ အတန်ကြာသော် အိမ်ပေါ်တက်သွားသော လူရွယ်သည် အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။

သည်ခဏ ပုလိပ်နှစ်ဦးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် မင်တက်သွားကြသည်။ အကြောင်းမူ အိမ်ပေါ်မှ ဆင်းလာသောလူရွယ်သည် မောင်းတင်ပြီးသား တူမီးသေနတ်တစ်လက်အား ၎င်းတို့နှစ်ယောက်ကို ချိန်ရွယ်ထားသကဲ့သို့ ကျန်လက်တစ်ဖက်ကလည်း အသွားပြောင်လက်နေသော လှံတစ်ချောင်းကို ကိုင်ထားသောကြောင့်ပင်။

လူရွယ်သည် ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်နေသော ပုလိပ်နှစ်ယောက်အား တည်ငြိမ်အေးဆေးစွာ ပြုံးပြလိုက်သည်။

"ကိုင်း . . မိတ်ဆွေတို့၊ ခင်ဗျားတို့ တွေ့ချင်နေတဲ့၊ ရှာဖွေနေတဲ့ တေက်ပြားဆိုတာ တခြားမဟုတ်ဘူး။ ကျုပ်ပါပဲ။ ဘာကိစ္စများ ရှိပါသလဲ။ ဘယ်လိုမျိုး အကူအညီပေးရမလဲ။ အဲ . . မိတ်ဆွေတို့ကို ကြုံတုန်းပြောချင်တာက ကျုပ်ရဲ့ လှံဟာ စောစောကပဲ သွေးထားတာဗျ။ နောက်ပြီး ဟောဒီတူမီးသေနတ်ကလည်း မောင်းကို အဆင်သင့်တင်ထားတာ"

ပြောပြောဆိုဆိုနှင့် လှံကိုလည်းကောင်း၊ တူမီးသေနတ်ကိုလည်းကောင်း ရွှေ့လျားဟန်ပြုလေသောအခါ ပုလိပ်နှစ်ယောက်လည်း လာရာလမ်းအတိုင်း ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြလေတော့၏။

စင်စစ် တေက်ပြားသာ သတ်ဖြတ်လိုစိတ်ရှိလျှင် နေရာတွင်ပင် အဆိုပါ ပုလိပ်နှစ်ယောက်အား လက်စတုံးစီရင်ပစ်နိုင်သည့် အနေအထားရှိသည်။ လက်တည့်လိုက်သည်မှာလည်း ပြောစရာမရှိ။ အိမ်ခေါင်မိုးပေါ် သီးနေသည့် ဖရုံသီးကို လိမ့်ဆင်းလာအောင် ပစ်ချနိုင်ပြီး မြေပြင်ပေါ်သို့ ပြုတ်မကျမီ အဆင့်နှစ်ဆင့်လောက်ကို မလွဲချော်ရလေ





အောင် လက်စွမ်းပြနိုင်သော သေနတ်သမားလည်း ဖြစ်သည်။ ဓားရေး လှံရေးတို့တွင်လည်း ကျွမ်းမှကျွမ်း။

သည်တော့ သူ့သတင်းက ရွာနီးချုပ်စပ်မှသည် တစ်စတစ်စ မြို့အနှံ့သို့ ပြန့်ကားပေါ် ထွက်လာကာ နာမည်ကြီးသထက် ကြီးလာသည်။ ကျော်ကြားသည်ထက် ကျော်ကြားလာသည်။ သို့ရာတွင် သူ၏စိတ်ဓာတ် အရင်းခံက ထင်ပေါ်ကျော်ကြားမှုကို နှစ်ခြိုက်သူမဟုတ်။ အေးအေးလူလူ သာနေလိုသည်။ ဥပဒေပြင်ပ၌ စခန်းသွားရသည်ကို ညည်းငွေ့လာသည်။ သည်တော့ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကိုချသည်။ ဆုံးဖြတ်ချက်ချသည့်အတိုင်းပင် မည်သူ၏ အဖမ်းအဆီးကိုမျှမခံဘဲ မြို့သို့တက်၍ မြို့ပိုင်မင်းကြီးထံဝင်ကာ ကိုယ်တိုင်အဖမ်းခံလေသည်။ အဖမ်းမခံခင် စကားကို ကြိုတင်ခံထားသည်။

"မင်းကြီးခင်ဗျား၊ ကျွန်တော့်ကို ထောင်ချမယ်ဆိုရင် ထောင်တစ်ပတ်သာ ချဖို့ မေတ္တာရပ်ခံပါတယ်"

တကယ့်တကယ် အမှုများကို စစ်ဆေးပြီး စီရင်ချက်ချသည့် အခါမှာတော့ တေက်ပြား၏ တောင်းဆိုမှုသည် ရေပေါ်အရုပ်ရေးသည့်နှယ် အလဟဿဖြစ်သွားခဲ့ရသည်။ ၎င်း၏မေတ္တာရပ်၍ အသနားခံမှုကို လုံးဝထည့်သွင်း မစဉ်းစားတော့ဘဲ 'ထောင်ဒဏ်သုံးနှစ်တိတိ ကျခံစေ' ဟူသောအမိန့်ကို မြို့ပိုင်မင်းကြီးကိုယ်တိုင် ချမှတ်ခဲ့လေသည်။

သည့်အတွက် တေက်ပြား တောင်းပန်ပါသည်။ အမျိုးမျိုး အသနားခံပါသည်။ သို့သော် အချည်းနှီးပါတည်း။

"ဟေ့ . . ဒီရာဇဝတ်သား တေက်ပြားကို ထောင်ထဲ ဆွဲခေါ်သွားကြစမ်း"

မြို့ပိုင်မင်းကြီးကိုယ်တိုင် အမိန့်ပေးခဲ့သည်။ အမိန့်ပေးပြီး နေရာမှ ထဖို့ ကြိုးစား၏။ မရ၊ လုံးဝ မရ။ သည့်အတွက် တစ်စုံတစ်ခုကို စဉ်းစားမိဟန်တူသဖြင့် မျက်စိမျက်နှာပျက်သွားပြီး ပုလိပ်တို့အား လှမ်း



www.burmeseclassic.com

www.burmeseclassic.com



၍ ဟန့်တားလိုက်သည်။

"ဟေ့ . . ဟေ့ နေကြဦး။ အမိန့်တော် ပြင်မယ်။ တရားခံရာဇဝတ်သား တေက်ပြားကို ထောင်ဒဏ်သုံးနှစ်အစား တစ်ပတ်တိတိသာ ချမှတ်စေ"

"ဟာ . ."

"ဟင် . ."

ပုလိပ်များအားလုံး အံ့အားတသင့်ဖြစ်သွားပြီး တေက်ပြားအား ထောင်သို့ ခေါ်ဆောင်သွားလေတော့သည်။ ထိုအခါမှပင် မြို့ပိုင်မင်းကြီးလည်း သက်ပြင်းချနိုင်တော့သည်။ အကြောင်းရင်းခံကား ပြစ်ဒဏ်သုံးနှစ် ချမှတ်လိုက်စဉ်က မြို့ပိုင်မင်းကြီးအဖို့ အမိန့်ချပြီးနေရာမှ ထမည်ပြုသောအခါ တင်ပါးနှင့်ကျောပြင်သည် ကုလားထိုင်မှ လုံးဝဆိုလုံးဝ ခွာမရအောင် ကပ်နေခဲ့သည်။ တေက်ပြား၏ ဆန္ဒသဘောထားကို မလိုက်လျောပါက သုံးနှစ်လုံးလုံး ကုလားထိုင်နှင့် ကပ်နေရမည့်ဒုက္ခကို တွေးရင်း ထိတ်လန့်လာဖြီးသကာလ အမိန့်ကို ပြန်လည်ပြင်ဆင်မှသာလျှင် ကုလားထိုင်နှင့် အကြောဖြုတ်နိုင်တော့သည်။

တေက်ပြားသည် စီရင်ချက်ချမှတ်သည့်အတိုင်း ထောင်ထဲ၌ တစ်ပတ်တိတိ စံစားလိုက်ရ၏။ တစ်ပတ်ပြည့်၍ ထောင်မှ ထွက်လာပြီး ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်လာသောအခါ အမည်နာမနှင့် လိုက်လျောညီထွေလှစွာပင် လူထုအပေါ် မတော်လောဘဖြင့် ကုပ်သွေးစုပ်ကာ ကြီးပွားချမ်းသာနေကြသူတို့အား အမျိုးမျိုးအဖုံဖုံ ဒုက္ခပေးလေတော့၏။ ငွေကြေးဥစ္စာတို့ကို ခိုးဝှက်၏။ သည့်အတွက်ကြောင့်လည်း ထုံးစံအတိုင်းဆိုသလို ပုလိပ်များကလည်း လာရောက်ဖမ်းဆီးကြရစမြဲဖြစ်ရာ ပုလိပ်များနှင့် တေက်ပြားမှာ ကြာသော် မျက်မှန်းတန်းမိရုံမက ခင်မင်ရင်းနှီးသွားကြလေတော့သည်။

ပုလိပ်များအဖို့ တေက်ပြားနှင့် ပတ်သက်လာလျှင် အတော်ပင်





အထာနပ်နေခဲ့ပြီဖြစ်၏။ သူတို့အဖို့ တေက်ပြားကို ဖမ်းတော့မည်ဆိုလျှင် အမှန်အတိုင်းပြောဆိုပြီးဖမ်းပါက တေက်ပြားတလည်း အေးအေးလူလူ ကြည်ကြည်သာသာ ဖမ်းဆီးခံစမြဲ။ အကြမ်းသုံးပါက ဘယ်နည်းနှင့်မှ မရ။

ပုလိပ်များအဖို့ တေက်ပြားနှင့် ရင်းရင်းနှီးနှီးဖြစ်၍ အကြောင်းရင်းမှန်အတိုင်း လာရောက်ဖမ်းဆီးသည့်အကြောင်း ပြေပြေပြစ်ပြစ် စကားဆိုလျှင် တေက်ပြားက လူမှုရေးရာ၌ လွန်စွာမှ ညှိဝတ်ကျေပွန်လှတော့သည်။

ပုလိပ်တို့သည် တေက်ပြားအိမ်၌ တေက်ပြား ခိုးဝှက်ရလာသည်မှ စီစဉ်ချက်ပြုတ်ထားသော ထမင်းဟင်းလျာတို့ကို သုံးဆောင်ရ၏။ ရေနွေးကြမ်းနှင့် မြည်းစရာတို့ကို အရသာခံခွင့်ရ၏။ ပြီးတော့မှ သတ်သောင့်သက်သာဖြင့် တေက်ပြားအား ဗန်းမော်ဂါတ်သို့ ခေါ်ဆောင်လာခဲ့ရတော့၏။ ထိုသို့ခေါ်ဆောင်ရာဝယ် ရှေးကလို လက်ထိတ်ကြိုးတွေဘာတွေ ခတ်မနေတော့။ တေက်ပြားကလည်း မည်သို့အခွင့်သာသာ ထွက်ပြေးဖို့ လုံးဝ စိတ်မကူး။

မြို့ပိုင်မင်းကြီးအဖို့ တေက်ပြား၏ အရေးကိစ္စကို တွေးမိသေတိုင်း တစ်စက်ကလေးမျှ စိတ်မအေးရပါချေ။

"ဒီကောင်ဟာ မြွေမှ မြွေပဲ။ ငါအုပ်ချုပ်တဲ့ နယ်မြေမှာ ဒင်းရှိနေသမျှ ကာလပတ်လုံး တစ်နေ့မဟုတ်တစ်နေ့ ဒင်းနဲ့ပတ်သက်ပြီး ငါ့အပေါ် အမှုပတ်လာမှာ သေချာတယ်။

ဒီတော့ ဒင်းကို ဥပါယ်တံမျဉ်၊ အနုနည်းနဲ့ ကျုံးသွင်းပြီး သူ့နည်းသူ့ဟန်နဲ့ အစဖျောက်ပစ်လိုက်ရင် တိစ္ဆေခြောက်ပြီး ဟုတ်တယ်၊ အဲသလိုပဲ ရှင်းပစ်ရမယ်"

အကြံအစည်အတိုင်းပင် အချုပ်ထဲမှနေ၍ တေက်ပြားအား ရှေ့တော်မှောက်သို့ ခေါ်ယူလိုက်သည်။ ဆားပုလင်းဒင်းအောင်သည်



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းတွင်းမှ တေက်ပြားကိုခေါ်ထုတ်၍ မြို့ပိုင်မင်းရှေ့မှောက်သို့ ပို့ပေးပြီး အပြင်သို့ထွက်သွားခဲ့သည်။

တေက်ပြား၏ မျက်နှာကား နိုင်ငံရေးအမှုဖြင့် အဖမ်းခံရသူ တစ်ဦးအလား ရှုတည်တည်၊ ခပ်တင်းတင်း။

"ကဲ . . ထိုင်စမ်းပါဦး ကိုယ့်လူရာ။ စီးကရက် ကြိုက်တတ်ရင်လည်း ဟောဒီမှာ . . သောက်"

မြို့ပိုင်မင်းကြီးက ပြုံးပြုံးရွှင်ရွှင် အရေးတယူ ဆက်ဆံနေသည်ကို မြင်ရတော့ အံ့ဩချင်စရာ ကောင်းနေသည်က အမှန်။ သို့ရာတွင် မင်းပရိယာယ်ဆိုသည်မှာ ဘယ်သို့လာဦးမည် ကို မခန့်မှန်းတတ်နိုင်၍ ဘာမျှမသိသလိုမျိုး မသိကျိုးကျွန်ပြုထားရင်း မြို့ပိုင်မင်းရှေ့မှ ကုလားထိုင်တွင် ထိုင်လိုက်သည်။

"လူကလေး . . မောင်မင်း တေက်ပြား . .

ယခု လူကလေးကို ကျွန်ုပ်ခေါ်ရခြင်းအကြောင်းရင်းကတော့ လူကလေးတေက်ပြားဆီက အကူအညီ လိုအပ်နေလို့ပါပဲ"

မြို့ပိုင်မင်းကြီးထံမှ ပေါ်ထွက်လာသည့်စကားကြောင့် တေက်ပြားအဖို့ ပိုမို၍ အံ့အားသင့်စရာ ဖြစ်ရတော့သည်။ လူသူအင်အား၊ လက်နက်အင်အား တောင့်တောင့်တင်းတင်းနှင့် အာဏာရှိ ပါဝါရှိသောသူတွေက သူလို ဘာလက်နက်မျှမရှိ၊ အတန်းစာလည်း မတတ်သောသူဆိုးတစ်ယောက်ထံမှ အကူအညီတောင်းခံလာသည်ဆိုတော့ အံ့ဩစရာကောင်းမနေဘူးတဲ့လား။ သို့သော် ဘယ်သောအခါမှ သွေးကြောင်စိတ်မရှိသူပီပီ ရဲရဲဝံ့ဝံ့ ကတိပေးလိုက်၏။

"ကျွန်တော်ကူညီနိုင်တဲ့ကိစ္စမှန်ရင် ကူညီဖို့ရာ အဆင်သင့်ပါပဲ"

"အိုး . . ဝေါ့၊ ဘဲရီး သိုင်းကျူး . . ဘဲရီး . . သိုင်းကျူး။





ကျေးဇူးတင်တယ်။ သိပ်ပြီးတော့လည်း ဝမ်းသာတယ်။ မောင်မင်း လူကလေး လုပ်ရမယ့်အလုပ်က ပစ္စည်းတစ်ခုကို ခိုးလာပေးဖို့ပဲ"

"ဘယ်ကပစ္စည်းကို ခိုးလာပေးရမှာပါလိမ့်"

"ဟော . . ဟိုမှာ ကြည့်လိုက်စမ်း မောင်မင်း"

မြို့ပိုင်မင်းကြီးက ပြတင်းပေါက်မှတစ်ဆင့် တစ်နေရာကို လှမ်း၍ လက်ညှိုးညွှန်ပြသည်။

တောင်ကုန်းပေါ်က အိမ်ကလေးတစ်လုံး။

"မြင်တယ် မဟုတ်လား မောင်မင်း၊ အဲဒီအိမ်ကလေးထဲက အခန်းကလေးတစ်ခန်းထဲမှာ ကတ္တီပါအနီရောင်ပတ်ထားတဲ့ ကျွန်းသေတ္တာကလေးတစ်လုံး ရှိပါတယ်။ အဲဒီသေတ္တာကို ဒီကနေ့ည ရအောင်ခိုးပြီး မနက်မိုးလင်းတာနဲ့ ကျွန်ုပ်ထံ ဆက်သရမယ်"

"အလုပ် အောင်မြင်ခဲ့ရင်ကော . . ."

"ဟား . . ဟား . . ဟား . . . အလုပ်အောင်မြင်ခဲ့ရင် မောင်မင်းရဲ့ အပြစ်တွေအားလုံးချေပြီး အချုပ်က လွှတ်ပေးမယ်။ အဲ . . သေတ္တာကို ရအောင်ခိုးမပေး နိုင်ရင်တော့ ဟိုးပဝေသဏီက မောင်မင်းကျူးလွန်ခဲ့တဲ့ အမှုတွေ ထပ်ဖော်ပြီး ထောင်ထဲကိုပို့မယ်။ လွှတ်ရက်မရှိအောင်ကို နှစ်ရှည်ထောင်ချပစ်မယ်။ ကိုင်း . . . ဘယ်လိုလဲ၊ ဆောင်ရွက်ပေးမှာလား . . ငြင်းမှာလား"

"ကိစ္စမရှိပါဘူး။ ကျုပ် ပစ္စည်းကို ရအောင်ခိုးပေးမယ်"

တေက်ပြား၏ စကားကြောင့် မြို့ပိုင်မင်းကြီးအဖို့ ခေါင်းတညိတ်ညိတ်ဖြင့် ပီတိတွေ ဝေသွားတော့သည်။ သူညွှန်ပြနေသော အဆောက်အအုံထဲသို့ တော်ရုံတန်ရုံလောက်နှင့် ဝင်၍မရ။ စည်းရိုးတွေကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



တင်းစွာ ကာရံထားသကဲ့သို့ အဆောက်အဦး၏ နံရံထုမှာလည်း အုတ်တွေက တစ်ပေကျော်နီးပါးမျှ ထုထည်ခိုင်မာလှသည်။ တံခါးပေါက်တွေကလည်း ဆင်ဖြင့်ဆွဲဖွင့်လျှင်ပင် ပွင့်နိုင်သည့် အနေအထားမျိုး မရှိ။ အဆောက်အဦး ပတ်ပတ်လည်မှာလည်း ကုလားပုလိပ်တစ်ဒါဇင်ခန့်ကို လက်နက်များတပ်ဆင်လျက် မည်သူမျှ ဝင်မလာနိုင်စေရန် စောင့်ကြပ်ဖို့ တာဝန်ချထားပေး၏။ အခန်းထဲကို အလွယ်တကူဝင်ရောက်ဖို့ မဖြစ်နိုင်ရန်လည်း အာမခံသော့ခလောက်ကြီးများကို ခတ်ထားပြန်သေး၏။

ငတက်ပြားအဖို့ မြေကိုလျှိုး၍ အဆောက်အဦးထဲ ဝင်နိုင်လောက်သည်ပဲထားတော့။ ကတ္တီပါအနီစ ပတ်ထားသော ကျွန်းသေတ္တာကို သူခိုးလက်မရောက်နိုင်အောင် နာမည်ကျော် ပွဲကျောင်းသိုင်းဆရာကြီး သီဟစကြာဦးမျက်ပြူးကို အစောင့်ချထားသေး၏။ အစောင့်ချထားသော ပုလိပ်အပေါင်းကိုလည်း ပစ်မိန့်ပေးထား၏။ သည်တော့ ငတက်ပြားအဖို့ မြို့ပိုင်မင်းကြီး၏ အမှုကိစ္စကို အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ဆိုသည်မှာ အပြောလွယ်သလောက် လက်တွေ့၌ အင်မတန်ခက်ခဲသောကိစ္စ ဖြစ်နေသည်။

သည်တော့ သည်လိုမျိုး အန္တရာယ်ရန်စွယ်အသီးသီး ကြားတွင် ငတက်ပြားတစ်ယောက် ဘယ်လိုဘယ်ပုံ သေပွဲဝင်မည်ဆိုသည်ကို နောက်တစ်ရက် မနက်ခင်းမှာတော့ မင်္ဂလာကင်းမဲ့စွာ ကြားရလိမ့်မည်ဟု မြို့ပိုင်မင်းကြီး တွက်ဆကာ ပြုံးယောင်ပြုံးတုံ့ ဖြစ်နေလေတော့သတည်း။







မြို့
ပိုင်

**မင်းကြီး** အဖို့ ဝမ်းသာပီတိအပေါင်းဖြင့် မည်မျှ အိပ်မောကျသွားလေသည်မသိ။ အုပြင်ဘက်မှ တံခါးခေါက်သံအဆက်မပြတ်ထွက်လာမှပင် အိပ်ရာမှလန့်နိုးခဲ့ရသည်။

"ဒန်ဘလယ်ဒီဖူး . . ဒီမှာ အိပ်ကောင်းကောင်းနဲ့ အိပ်နေတာ၊ ဘယ်သကောင့်သားက လာနှောင့်ယှက်ပါလိမ့်။ နေဦး၊ ကောင်းကောင်းကြီး ပညာပေးထည့် လိုက်မယ်"

မြို့ပိုင်မင်းကြီးလည်း စိတ်တိုတိုဖြင့်ပင် အိပ်ခန်းတံခါးကို **ဖွင့်**ပေးလိုက်သည်။

"ဟိုက် . . ရှော့၊ အိုး . . မိုင် . . ဂေါ့"

မမျှော်လင့်သော မြင်ကွင်းကို တွေ့မြင်လိုက်ရသည့်**အတွက်** မြို့ပိုင်မင်းကြီး၏ မျက်လုံးမျက်ဆံတို့ ပြူးထွက်ကုန်သည်။ **ဆံဝင်တွေ၊** မွေးညှင်းတွေ ထောင်ထကုန်သည်။

"မင်း . . မင်း"

"ဟုတ်ပါတယ် . . မြို့ပိုင်ကြီး၊ မြို့ပိုင်ကြီးခိုင်းတဲ့ အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အမှုကိစ္စကို ကျေပွန်စွာ ဆောင်ရွက်ပြီးစီးလို့ သေတ္တာကို လာပို့ပေးတာပါ”

ပစ္စည်းက တကယ့်ကို အမှန်အကန်။

ကတ္တီပါအနီစလေး ပတ်ထားသော ကျွန်းသေတ္တာကို ဖွင့်ကြည့်လိုက်တော့ အဖိုးတန်ရတနာတွေမှာ တစ်ခုတစ်လေမျှ အရာမယွင်းခဲ့။ မြို့ပိုင်မင်းကြီးသည် ငတက်ပြားကို ကြည့်ရင်း ကြက်သေသေနေမိတော့သည်။ သွေးကောင်းသူမဟုတ်ပါက ငတက်ပြားအား သရဲတစ္ဆေအလား မှတ်ထင်ယူဆလျက် ငယ်သံပါအောင်အော်ပြီး ထွက်ပြေးသွားမည်ပင်။ ယခု သူက သရဲတစ္ဆေကို ယုံကြည်သူမဟုတ်။

“ကိုင်း . . မောင်မင်း၊ ကျွန်ုပ်နဲ့ ဂါတ်ကို ခဏလိုက်ခဲ့။ ကျွန်ုပ်မောင်မင်းကို ပေးထားတဲ့ကတိအတိုင်း တည်စေရပါမယ်”

သည့်နောက် နှစ်ဦးသား ဂါတ်ကိုရောက်ပြီးသကာလ ငတက်ပြားအား ၎င်း၏အခန်း၌ထားခဲ့ကာ မြို့ပိုင်မင်းကြီးလည်း ပုလိပ်နှစ်ဦးကို ခေါ်လျက် ငတက်ပြား ဖောက်ထွင်းဝင်ရောက်ခဲ့သော အဆောက်အအုံကြီးထံ သွားရောက်ခဲ့လေသည်။

“ဖြောင်း . . ဖြောင်း”

ပုလိပ်မင်းကြီးရောက်သည်နှင့် အစောင့်ပုလိပ် တပ်ကြပ်ကြီးနှင့်တကွ အစောင့်ပုလိပ်တပ်သား အားလုံးသည် ဆီးကြိုအလေးပြုလိုက်ကြလေ၏။

“ကြွပါ . . ဘရားဆပ် . . ကြွပါ။ ခုထိတော့ ငတက်ပြားရဲ့ အရိပ်အယောင်ကို မတွေ့ရသေးဘူး။ ကေန္တ ဒီကို ခြေဦးမလှည့်ဘဲ ထွက်များပြေးလေ သလားမသိဘူး”

“ဟုတ်ပါတယ် ဘရားဆပ်။ ဒီကိုရောက်လာတာနဲ့ သွေးဆာနေတဲ့ သေနတ်တွေကြားမှာ ငတက်ပြားတစ်ယောက်





ကားခနဲ မှောက်သွားမှာ သေချာပါတယ် ဘရားဆပ်”

“ဒမ် . . ဗလယ်ဒီဖူး . . ဝစ်သောက် . . အရှိန်း”

တာဝန်ကျေပွန်စွာ အမှုတော်ထမ်းရွက်နေပါလျက် မြစ်တင်ကြိမ်းမောင်းဆဲဆိုရုံမက အရှက်ကိုမရှိဘူးဟု ကောက်ချက်ချသဖြင့် ပုလိပ်အဖွဲ့သားတွေအဖို့ ကြောင်အမ်းအမ်းတွေ ဖြစ်ကုန်ကြသည်။

“မောင်မင်းတို့သော့တွေ လိုက်ဖွင့်ပေးကြစမ်း။ ကျွန်ုပ် အထဲကို ဝင်မယ်”

အထက်အရာရှိက အမိန့်ပေးလာလေတော့ အမိန့်တော်အတိုင်း ဝင် သော့တွေဖွင့်ပေးခဲ့ရသည်။ သို့ဖြင့် ကျွန်းသေတ္တာထားရှိရာ အခန်းတွင်းသို့ ရောက်သွားခဲ့သည်။ ပွဲကျောင်းသိုင်းဆရာကြီး သီဟစကြာ ဦးမျက်ပြူးသည် မြို့ပိုင်မင်းကြီးကိုမြင်သည်နှင့် ဝမ်းသာအားရ ခရီးဦးကြိုပြုလိုက်၏။

“ဒီ . . . ငတက်ပြား ခုထိ မလာသေးပါဘူး သခင်ကြီး။ လာခဲ့ရင် သေတ္တာကို လက်နဲ့မထိခင် ကျွန်တော်မျိုးရဲ့ ဓားဖျားမှာ . . မှာ . . .”

“အဲဒါ . . အသာထားစမ်းပါ သိုင်းဆရာ။ သေတ္တာ နေရာမှာ သေတ္တာကောရှိသေးရဲ့လား ကြည့်စမ်းပါဦး”

“အယ် . .”

ပွဲကျောင်းသိုင်းဆရာကြီး ဦးမျက်ပြူးခမျာ မူလပြူးသည်ထက် ပို၍ပြူးသွားလေတော့၏။ အကြောင်းမူ သူ သေသေချာချာ ကြပ်ကြပ်မတ်မတ် စောင့်လျက်ရှိသော ကတ္တီပါအနီဖုံးကျွန်းသေတ္တာသည် မြေလျှိုမိုးပျံ ပျောက်ကွယ်သွားလျက် ၎င်းနေရာ၌ အုတ်နီခဲကြီးတစ်လုံး ရောက်နေသောကြောင့်ပါတည်း။

“တောက် . .”

မြို့ပိုင်မင်းကြီးကား ဒေါသတွေ ဆူဝေပေါက်ကွဲထွက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်သားတို့နှင့်တကွ သိုင်းဆရာကြီးများမှာလည်း နေစရာမရှိတော့။

ဤသို့ မြို့ပိုင်မင်းကြီးခမျာ စိတ်ကောင်းဝင်ကာ တွေးကြည့်ပါလေသည်။

"တကယ်တော့ ငါတာဝန်ပေးထားတဲ့သူအားလုံး ဟာ သူ့တာဝန်ကိုသူ ကျေပွန်အောင် ထမ်းဆောင် နေကြသူတွေပါပဲ။ ဒါနဲ့တောင်မှ ဒီပစ္စည်းကို ရအောင် ခိုးယူနိုင်ခဲ့တယ်ဆိုတာ တေက်ပြားကိုယ်နှိုက်က သာမန်လူတွေထက် ထူးထူးကဲကဲ တန်ခိုးစွမ်းရည်ရှိနေလို့ပဲ ဖြစ်မယ်။

အင်း . . တေက်ပြား . . တေက်ပြား၊

မင်းကို ဘယ်လိုမှ တားလို့မရပါလား။ သေသေချာချာ တွေးကြည့်တော့ မင်းဟာ သစ္စာရှိတဲ့သူခိုးတစ်ယောက်။ သူတစ်ပါးပစ္စည်းကို ခိုးဝှက်တာကလွဲလို့ သူတစ်ပါးအသက်ကို မသတ်ဘူး။ သူတစ်ပါးကို လိမ်မပြောဘူး။ သူတစ်ပါး သားမယားကို မပြစ်မှားဘူး။ အရက်သေစာ မသောက်စားဘူး။ ဒီတော့ မင်းကို သေဒဏ်ပေးရင် ဘယ်တရားပါ့မလဲ။ တရားကို စောင့်တဲ့နတ်က သူ့ကိုသေအောင်မလုပ်ဘဲ ငါ့ကို သေအောင်လုပ်ရင် အင်္ဂလန်ကို ဘင်သံနဲ့တောင် ပြန်ခွင့်ရတော့မှာ မဟုတ်ဘူး။ ဒီတော့ . . ."









၀

တထ်

**ပြား** အမှုအတွက် မြို့ပိုင်မင်းကြီးကိုယ်တိုင် တရားစီရင်ပါတော့သည်။ တေက်ပြား၏အမှုကို စိတ်ဝင်စားသူတွေ များပြားလေရာ တရားစီရင်ရေး ရုံးခန်းတွင် လူတွေပြည့်နေသည်။ ပြင်ပတွင်လျှံထွက်နေသည်။ အားလုံးသည် ကိုလိုနီအုပ်ချုပ်ရေးကိုရွံမုန်း၍ တေက်ပြားအပေါ်တွင် ကရုဏာသက်နေကြသည်။ လေးစားနေကြသည်။ ဒါကိုကြည့်၍ မြို့ပိုင်မင်းကြီးခမျာ လူထုအားကို လန့်နေရတော့သည်။ ရှိန်နေရတော့သည်။

"ကဲ . . အမိန့်ချမယ်၊ အမိန့်ချမယ်"

"ဒုံး . . ."

ရုံးတော်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ အားလုံးသည် မြို့ပိုင်မင်းကြီးထံမှဆုံးဖြတ်ချက်ကို လျှင်မြန်စွာ ကြားချင်နေကြ၏။

"အမိန့် . . ."

ရုံးတော်၏ ရှေ့မှောက်တွင် မတုန်မလှုပ်ဖြင့် ရဲဝံ့စွာ ရပ်

www.burmeseclassic.com



နေသော တောက်ပြားသည် ထူးဆန်းအံ့ဩ ဖွယ်ကောင်းလောက်သော တန်ခိုးရှင်တစ်ဦးဖြစ်သည်။ ၎င်းလုပ်ကိုင်သမျှတို့ကို မည်သူမျှ တားဆီး၍ရမည်မဟုတ်။ ကျွန်ုပ်သာမက အင်္ဂလန်ပြည့်ရှင်လည်း တား၍ရမည် [illegible]ထင်။

သည့်အတွက် အာဏာ[illegible]အပ်ခံထားရသော ကျွန်ုပ်အနေဖြင့် အင်္ဂလန်ပြည့်ရှင်မင်းကြီးကိုယ်စား တောက်ပြားအား ၎င်းစိတ်တိုင်းကျ ခိုးယူနိုင်သော သူခိုးလိုင်စင်ကို ထုတ်ပေးလိုက်ပါသည်။ ၎င်းမည်သို့ခိုးခိုး ၎င်းအား ခိုးမှုဖြင့် ဖမ်းဆီးခွင့်မပြု။

ဤ၌ တစ်ခုသတိပေးလိုသည်မှာ သူခိုးလိုင်စင်ရသော တောက်ပြားအနေဖြင့် သူတစ်ပါးပစ္စည်း ခိုးယူရာတွင် သနားကရုဏာထားကာ မွဲပြာကျအောင် ခိုးယူခြင်းမပြုရန် မေတ္တာရပ်ခံလိုက်သည်။ အမိန့်တော်"

"ဟေး . ."

"ဟား . ."

တရားရုံးတော်တစ်ခုလုံး တောက်ပြားအတွက် ဝမ်းသာကျေနပ်အားရသံများ ပျံ့လွင့်သွားလေတော့၏။

ဘွားရွှေစာပြောပြသော တောက်ပြားအကြောင်းကား တိုးမောင်အတွက် စိတ်ဝင်စားစရာ ကောင်းလှသည်။

"အဲသည်လို သူခိုးလိုင်စင် ရသွားတော့ သူ့နယ်တစ်ခွင်မှာ ပြုပြစ်အောင် ခိုးတော့မှာပေါ့နော် . . . အဘွား"

"ဟင့်အင်း . . တောက်ပြားဟာ အဲဒီကစပြီး သူခိုး အလုပ်ကို စွန့်လွှတ်လို့ အေးအေးလူလူ ရိုးရိုးသားသားပဲ နေသွားတော့တယ် မြေးရဲ့"

"ဟင် . . အဲဒါ ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမှာတဲ့လဲကွယ် . .။ ဆန်းကြယ်တဲ့ လူတွေရဲ့ စိတ်ပဲပေါ့။ မခိုးနဲ့ဆို ခိုးချင်တယ်၊ ခိုးပါဆိုရော မခိုးတော့ဘူး။ တောက်ပြားလည်း အဲဒီစိတ်မျိုးဝင်လာတာ နေမှာပေါ့ကွယ်။ ဘာပဲဖြစ်ဖြစ် သူ့လိုစိတ်ဓာတ်မျိုးကို ဘွားတော့ကြိုက်တယ်။ ငါ့မြေးလည်း အဲဒီလိုစိတ်ဓာတ်မျိုး မွေးရမယ်နော်"

"စိတ်ချပါ . . ဘွားရယ်"

ဟုဆိုရင်း တိုးမောင်လည်း မျက်စိစုံမှိတ်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com









**တိုး**

**ထ**

**ခ၀့်** ယခင် အခါတုန်းကဆိုလျှင် သည်လိုအချိန် သည်လို ကာလမျိုး ကျရောက်လာပါက 'ဒါဘာပွဲ'ဆိုသည်ကို ကျင်းပလေ့ရှိ စမြဲပင်။

ဒါဘာပွဲဆိုသည်က အခြားမဟုတ်။

အင်္ဂလိပ်အစိုးရ၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ ထူးခြား စွာ ထမ်းရွက်နိုင်သည့် အရာရှိများနှင့် သူကြီးများကို ဆုချီးမြှင့်သည့်ပွဲဝင် ဖြစ်လေ၏။ ထိုအခါမျိုးတွင် ကုန်းပွဲ၊ ရေပွဲတွေလည်း ပါလာလေ၏။

ကုန်းပွဲဆိုသည်ကား ကြည့်ချင်ပွဲများအဖြစ် ဇာတ်ပွဲ၊ အငြိမ့်ပွဲ ရုပ်သေးပွဲများနှင့် လောင်းကစားပွဲများဖြစ်ကြ၏။ တရားဝင်ခွင့်ပြုထား သော ပုလင်းပစ်ပွဲ၊ အနီအစိမ်း လေသေနတ်ပစ်ပွဲ၊ မှန်ထောင်လတ်တစ်ပွဲ ကျောက်ဂျက်ပွဲတွေပါသလို၊ တရားမဝင်သော်လည်း မသိတချို့ကျွန်ပြု လုပ်စားသည့် အန်စာတုံးဝိုင်း၊ အနီထောင်ဝိုင်း၊ တစ်ချပ်မှောက် စသည့် လောင်းကစားပွဲများလည်း ပါဝင်လေသည်။ တရားမဝင်ဝိုင်းများအဖို့ ပွဲကြီးကြပ်သူအား လက်သိပ်ထိုး ပေးထားကမ်းထားရသည်။

www.burmeseclassic.com



ရေပွဲဆိုသည်ကတော့ လှေပြိုင်ပွဲပဲ ဖြစ်၏။ လှေတစ်စင်းနှင့်တစ်စင်း အပြိုင်လှော်ခတ်ကြရာဝယ် နှစ်သက်သဘော ကျသည့်အသင်းဘက်မှ နှစ်သက်သဘောကျသလို ငွေကြေးထည့်ဝင်ပြီး စိတ်ကြိုက်လောင်းနိုင်ခွင့်ရှိ၏။ စပါးပေါ်ချိန်ဖြစ်၍လည်း တောင်သူလယ်သမားဦးကြီးများအဖို့ လက်ထဲတွင် ငွေသားကလေးများရွှင်နေချိန်လည်းဖြစ်၏။ နိုင်လျှင်အကြောင်း မဟုတ်သော်လည်း ရှုံးပြီဆိုလျှင် ရှုံးမဲမဲကာ ငွေကုန်ကြေးတင် ကစားမိတတ်ကြသဖြင့် "တစ်နှစ်တစ်ခါ ဒါဘာပွဲ၊ ပါလာသမျှ မွဲ"ဟူသော အချိုးကလေးတစ်ခု ထွက်ပေါ်လာလေသည်။

သည်နှစ်လည်း တိုးမောင်တို့ ပေါက်တောကုန်းရွာ၌ 'ဒါဘာပွဲ'ကို ခြိမ့်ခြိမ့်သည်းမျှ ဆင်ယင်ကျင်းပခဲ့လေသည်။ သည်နှစ်အဖို့ ပေါက်တောကုန်းသူကြီး ဘိုးရွှေရသည် နာမည်ကောင်းလက်မှတ်နှင့် ဆုတံဆိပ်ကို လက်ခံရယူမည်ဖြစ်၏။ အကြောင်းမူ အပျိုကြီးမလုံးတင်အိမ်ပေါ်သို့ ဓားပြတိုက်ရန် ငှက်ကြီးတောင်နှင့် တက်လာသော 'ငါးမည်ရသာဂေါင်' ဆိုသည့် ဓားပြအား အရှင်လတ်လတ် လက်ရဖမ်းဆီးပေးနိုင်သောကြောင့်ဖြစ်၏။

အကြောင်းရင်းမှန် သိသူတွေက သူကြီးဘိုးရွှေရတစ်ယောက် စားရကံကြုံ၍ မှတ်ဆိတ်ပျားစွဲခံရခြင်းဟု ဆိုကြသည်။ လူတစ်ယောက်အတွက် ကုသိုလ်၊ အကုသိုလ်ကံတို့သည် ထင်မှတ်မထားပါဘဲနှင့် ကြုံဖန်၍ ဖြစ်လာတတ်ကြ၏။ သူကြီးဘိုးရွှေရကျတော့ ကောင်းသောကုသိုလ်ကံဟုဆိုရမည်။ အကြောင်းမူ ဓားပြ 'ငါးမည်ရသာဂေါင်'ကို ဘယ်လိုမှ လက်စွမ်းလက်စ၊ တုတ်စွမ်းတုတ်စ၊ ဓားစွမ်းဓားစ မပြလိုက်ရဘဲနှင့် အလွယ်တကူ ကွိခနဲ ဖမ်းလိုက်နိုင်၍ပဲဖြစ်သည်။

အကြောင်းရင်းခံက ငွေကြေးအတန်အသင့် ကြွယ်ဝသော **အပျိုကြီး**မလုံးတင်အား ဓားပြတိုက်ရန် ငါးမည်ရသာဂေါင်သည် ငှက်ကြီး**တောင်ဓား**ကို ကိုင်ဆောင်လျက် မလွယ်ပေါက်မှ အိမ်ထဲဝင်လာ၏။





အိမ်ထဲတွင် ရုတ်တရက် မည်သူ့ကိုမျှ မတွေ့။ **ဤတွင် နားထဲထဲ "ရှဲရှဲ** . . ရှဲရှဲ"ဆိုသည့် အသံများကြားလာရ၍ အခန်းတစ်ခု**တွင်းဝင်လိုက်ရာ** ငါးမည်ရသာဂေါင်မှာ ကြက်သေသေမိလေတော့၏။ **သည်လိုမျိုးထဲ**ကော နေမလား။ အပျိုကြီးမလုံးတင်သည် ထဘီကိုရင်လျား**လျှတ် သနပ်**ခါးတုံးကို သွေးနေ၏။ သွေးနေရင်းသွေးနေရင်းမှ ရင်လျားသည် **နိုင်နိုင်**လျှားထားသည်မဟုတ်သောကြောင့် ထဘီအနားစသည် ရင်ညွှန့်**မှ**လျှောကာ ခါးလယ်သို့ ပုံကျသွားလေသည်။

အပျိုကြီးမလုံးတင်ကား အခန်းထဲ မည်သူမည်ဝါမျှမရှိဟူသောအထင်ဖြင့် ရင်ဝတ်တန်ဆာ ဟာလာဟင်းလင်းနှင့် သနပ်ခါးကို ဆက်သွေးလေရာ ထိုမြင်ကွင်းကိုကြည့်ရင်း ငါးမည်ရသာဂေါင်ခမျာ လည်ချောင်းတွေ ခြောက်သွေ့လာပြီး တံတွေးကို တဂွပ်ဂွပ်မျိုချမိတော့၏။ ဒူးတွေလည်း တဆတ်ဆတ်တုန်လာ၏။

"ဟင်"

သည်အခြေအနေ၌ မလုံးတင်သည် ခေါင်းအမော့တွင် ငါးမည်ရ သာဂေါင်အား တွေ့လိုက်ရပြီး နှစ်ဦးသား ကြောင်နေမိကြ၏။ မလုံးတင်သည် ပါးစပ်ကအော်ရမည်လား၊ ထဘီကိုပြန်မ၍ရင်လျားရမည်လားဝေခွဲမရဖြစ်စဉ် ငါးမည်ရသာဂေါင်လည်း ယောင်ရမ်း၍ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ကျောခိုင်းလိုက်၏။ ဤတွင် မလုံးတင်လည်း ဘာမပြော၊ ညာမပြောနှင့် ကျောက်ပျဉ်ကိုမ,ကာ သာဂေါင်၏ **ခေါင်း**တည့်တည့်သို့ လှမ်းပစ်လိုက်လေ၏။

"ဂုတ် . ."

"အောင်မယ်လေး . . ကျိုးပါပြီဗျ"

ခါးဆစ်ရိုးတည့်တည့်ကို ထိသွားခဲ့သည်မို့ သာဂေါင်ခမျာ မရှိုခဆန့်အော်ရင်း နေရာတွင် ပုံကျသွားတော့သည်။ ဤ၌ မလုံးတင်သည်း 'တယ်ပါ . . ယူပါ' တစာစာအော်ဟစ်ရာမှ မမျှော်လင့်ဘဲ လင်းလျှောတ်



www.burmeseclassic.com

www.burmeseclassic.com



လာသော သူကြီးဘိုးရွှေရနှင့်တိုးလျက် ဘိုးရွှေရခမျာ ဘာတစ်ခုမှ အားမထုတ်လိုက်ရပါဘဲနှင့် ‘ငါးမည်ရသာဂေါင်’ဆိုသည့် ခားပြွအား လက်ရဖမ်းဆီးကာ လှည်းဖြင့်တင်ခေါ်ပြီး (တင်မခေါ်၍လည်းမရ . . ၊ သာဂေါင်ခမျာ ခါးဆစ်လွဲပြီး လမ်းလျှောက်၍မရဘဲကိုး) ဂါတ်တဲသို့ အပ်နှံနိုင်ခဲ့သည်။ ဂါတ်တဲရောက်တော့ သာဂေါင်အား အချုပ်ထဲသွင်း လိုက်စဉ် မြို့ပိုင်မင်းကြီးအား သူဘယ်လို ခားပြကို စွမ်းစွမ်းတမံ တိုက်ခိုက်ဖမ်းယူခဲ့ရပုံတို့ကို အာဝဇ္ဇန်းဝေဝေဆာဆာဖြင့် ကြွားဝါလေတော့၏။ ဒါကို မြို့ပိုင်မင်းကြီးက မှတ်တမ်းတင်ထားခဲ့လေရာ ယခုနှစ်ဒါဘာပွဲ၌ သူကြီးဘိုးရွှေရအဖို့ နာမည်ကောင်းလက်မှတ်နှင့် ဆုတံဆိပ်ကို ရရှိသွားပါတော့သတည်း။

ဆုပေးပွဲကို တခမ်းတနားပင် ကျင်းပခဲ့၏။ ခမ်းနားဆို အရေးပိုင်မင်းကြီးနှင့် မင်းကြီးကတော်တို့ကိုယ်တိုင် တက်ရောက် ချီးမြှင့်ခဲ့သည် မဟုတ်လား။

ထိုပွဲ၌ အိုင်ပီမောင်ပျင်းဆိုသော ပုလိပ်အရာရှိကြီးလည်း ဆုရ၏။ သူသည်လည်း ပင်ကိုယ်အစွမ်းအစရှိ၍ မဟုတ်။ သူ့တပည့်ကျော် ဆားပုလင်းဒင်းဒေါင်၏ စွမ်းဆောင်မှုကြောင့် ရခဲ့ခြင်းဖြစ်လေသည်။ သည့်အတွက် ဒါဘာပွဲ၌ ကုပ်ပိုးသားတက်နေသော ပုလိပ်အရာရှိကြီး အိုင်ပီမောင်ပျင်းနှင့်တကွ တပည့်ကျော် ကုပ်ချောင်းကုပ်ချောင်း ဆားပုလင်းဒင်းဒေါင်တို့ပါ တွေ့ရ ခြင်းဖြစ်သည်။

“အိုင်ပီမောင်ပျင်း . . ဆုယူရန် ကြွပါခင်ဗျား”

“ရှိ . . ဖြောင်း . . ဖြောင်း . . ဖြောင်း”

အခမ်းအနားမှူးက ဖိတ်ခေါ်သဖြင့် အိုင်ပီမောင်ပျင်းလည်း တော်သိုးကြီးအလား အိပဲ့အိပဲ့နှင့် ဆုယူရန် စင်မြင့်ပေါ်သို့ တက်သွားလေ၏။ ဂုဏ်ထူးဆောင် နာမည်ကောင်းလက်မှတ်နှင့် ဆုတံဆိပ်များကို အရေးပိုင်ကတော်က ချီးမြှင့်ပေး၏။ ချီးမြှင့် ရာဝယ် အရေးပိုင်ကတော်က





ဖဲခေါင်းအုံးကလေးခံကာ ခေါင်းအုံးပေါ်တွင် လက်မှတ်နှင့် ဆုတံဆိပ် တို့ကို တင်၍ပေး၏။ ဆုပေးသူနှင့်ဆုယူသူတို့၏ လက်ချင်း မထိတွေ့ နိုင်သဖြင့် သိမ်မွေ့သောဆုပေးခြင်းပင် ဖြစ်တော့၏။

“ပေါက်တောကုန်းသူကြီး ဘိုးရွှေရ။ နာမည်ကောင်း လက်မှတ်နဲ့ ဆုတံဆိပ် လက်ခံရယူရန် စင်မြင့်ပေါ်သို့ ကြွပါခင်ဗျား”

“ရှိုး . . ဖြောင်း . . ဖြောင်း . . ဖြောင်း”

ပေါက်တောကုန်းတစ်ရွာလုံး၏ လက်ခုပ်သြဘာပေးသံများမှာ ဘဝင်ညံသွားတော့သည်။ ကိုယ့်ရပ်ကိုယ့်ရွာက ပုဂ္ဂိုလ်တစ်ယောက် ထွန်းတောက်သဖြင့် အုပ်ချုပ်သူအကြီးအကဲများက အသိအမှတ်ပြု ချီးမြှောက်သည်ဆိုတော့ ကိုယ့်ရပ်ရွာကိုယ်စား ဂုဏ်ယူဖွယ်ရာမဟုတ်ပါကလား။

ဘိုးရွှေရလည်း သစ်သစ်လွင်လွင် အဝတ်အစားတို့ကို ဝတ်ဆင်ကာ ပန်းနုရောင်ပဝါကို နဖူးစည်းလျက် ဆုပေးစင်မြင့်ပေါ်သို့ ကြော့ကြော့မော့မော့နှင့် တက်သွားလေတော့၏။ အရေးပိုင်ကတော်က ခေါင်းအုံးကလေးခံလျက် နာမည်ကောင်းလက်မှတ်နှင့် ဆုတံဆိပ်ကို ချီးမြှင့်လေ၏။

ဘိုးရွှေရလည်း ထိုပွဲမျိုး တစ်ခါမျှမကြုံဖူးသဖြင့် ရင်တွေ ‘တဒိန်းဒိန်းခုန်လှုပ်ကာ ဆုကိုယူရင်း စင်ပေါ်မှဆင်းခဲ့လေ၏။ ဤတွင် အခမ်းအနားမှူးက စင်ပေါ်မှအမြန်ပြေးဆင်းလာ၏။

“သူကြီး . . သူကြီး”

“အန် . .”

“ခေါင်းအုံးကို ယူမသွားရဘူးလေ။ ပြန်ပေး ပြန်ပေး”

“အယ် . . ရော့ . . ရော့”

“ဝါးဟား . . ဟား . . ဟား . . ဟား”

သူကြီး၏ မအူမလည် ဖြစ်ပုံကြောင့် ဆုပေးပွဲတစ်ခုလုံး ရယ်



www.burmeseclassic.com

www.burmeseclassic.com



မောသံတွေ ဖုံးလွှမ်းသွားကြသည်။ သည်လိုနှင့်ပင် ဒါဘာပွဲ၏ အစအဦး ပိုင်းဖြစ်သည့် ဆုချီးမြှင့်ပွဲမှာ အောင်မြင်စွာ ပြီးဆုံးသွားပါလေတော့၏။



**ဒါ**

**ဘာ**

**ပွဲ၏** အထိမ်းအမှတ်အဖြစ် ကုန်းပွဲမကျင်းပမီ ရှေ့တော်ပြေး အဖြစ် စသည်ကား ရေပွဲပင်ဖြစ်လေသတည်း။

ရေပွဲသဘင် တစ်နည်း လှေပြိုင်ပွဲသဘင်မဏ္ဍပ်ထဲမှာတော့ ရာဇဝတ်ဝန်ကြီး၊ အရေးပိုင်ကြီး၊ မြို့ပိုင်ကြီးအစရှိသော အရေးပါအရာရောက်၊ ရာထူးကြီးမြောက်သူတို့သည် ၎င်းတို့၏ကတော်များနှင့် ယှဉ်တွဲလျက် နေရာယူထားကြလေပြီ။ ထိုမျှသာမက စက်ရှင်မင်းကြီး၊ အခွန်ဝန်၊ ရွှေထိုက်ဝန်ထောက်တို့သာမက နယ်ပိုင်မြို့ပိုင်မှအစ စာရေးကြီး၊ မင်းစေ အဆုံး စုံညီစွာ ရောက်ရှိနေကြပြီ ဖြစ်သည်။

ထိုအုပ်စုထဲ၌ ပျာပျာသလဲ ဖြစ်နေသူတစ်ဦး ရှိ၏။

ထိုသူသည် အရေးပါအရာရောက်၊ ရာထူးကြီးမြောက်သူတို့ထံ ဒူးထောက်ခစားလျက် "ဟုတ်ပါတယ် ဘုရား"၊ "မှန်ပါတယ်... ဘုရား"၊ "သေချာပေါက်မို့ လျှောက်ထားတာပါ ဘုရား" ဟူ၍ ဘုရားချင်း [illegible]နှုန်းအောင် လျှောက်ထားနေလေသည်။

အနှိပ်ပုဂ္ဂိုလ်ကား အခြားမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဤပေါက်တောကုန်းရွာ၏ ပွပွနွေးနွေး နာမည်ကောင်း လက်မှတ်နှင့် ဆုတံဆိပ်များ ရထားသော သူကြီးဘိုးရွှေရပေတည်း။

ဟိုဘက်ကမ်း သည်ဘက်ကမ်းမှာတော့ လှေပြိုင်ပွဲကို အားပေးကြည့်ရှုရန် (ထို့ထက်) အလောင်းအစားပြုကြရန် နှစ်ဘက်သော ပရိသတ်ကြီးသည် ကမ်းလုံးညွတ်မျှ ပြည့်နှက်နေကြလေသည်။

"အဘွား . . ဘိုးရွှေရကြီး ဂနာမငြိမ်ဖြစ်နေတယ်။ သူဘာတွေ လုပ်နေတာလဲဟင်"

လှေပြိုင်ပွဲသဘင်မဏ္ဍပ်နှင့် မလှမ်းမကမ်းမှာတော့ တိုးမောင်နှင့် ဘွားရွှေစာတို့ မြေးအဘွားသည် ပွဲကြည့်လာကြရင်း စကားတွတ်ထိုးနေမိကြလေသည်။

"ဘာတွေ လုပ်ရမလဲ မြေးရယ်၊ လှေပြိုင်ပွဲမှာလောင်းဖို့ စကားဆွယ်နေတာပေ့ါ။ ဟော . . ဟော ဟိုမှာ တက်ရေးပြနေတဲ့လှေ တွေ့လား"

"ဟနုမာရ် ဆိုတာလား အဘွား"

"ဟုတ်တယ်၊ 'ဟနုမာရ်'ဆိုတဲ့လှေဟာ သူကြီးဘိုးရွှေရရဲ့ လှေပေ့ါ။ သူနဲ့ပြိုင်မယ့်လှေက ရေကျော်စုက 'အာဠာဝက' ဆိုတဲ့လှေပဲ"

ထိုအချိန်တွင် သူကြီးဘိုးရွှေရ၏ 'ဟနုမာရ်' လှေမှ အဖွဲ့သားများသည် မဏ္ဍပ်တွင်း၌ အခန့်သားရှုစားနေကြသော အရေးပါ အရာရောက် ကြီးမောက်သော ပုဂ္ဂိုလ်များကို ဂါရဝပြုနှုတ်ဆက်ကြရင်း လှေချင်းများကို ဟစ်ကြွေးကာ တက်ရေးပြနေကြလေသည်။

"ဟနုမာရ်လှေတော် . . ပေါ်လာလျှင် ချီးမယ်လေလေ့ . . ရှေ့ရစ်တံထိုးပါလို့ . . တူရိုးလား . . ပြိုင်ဘက်ကယ်ကွာ . . . မင်္ဂလာဆို သောင်တင်းပါတဲ့ . . မြင်မြင်သူကွင်းကြပ . . လှေမင်းဇော်မို့ . . ပြိုင်ပေါ်သူရှားတယ်လေး . . နတ်မြား





လိုပဲ"

ခွင်းရန်အောင်ဖြို့ . . မြင်းမိုရ်ကိုဖျက်မယ့် **မောင်မောင်** . . စိန်သန်လျက်လိုပ . . လှော်တက်ချီလို့ . . **ဖြိုင်ညီညီ** စမ်းတယ်လေး . . ရေပန်းတွေဖွေး"

သူကြီးဘိုးရွှေရ၏ အဖွဲ့သားများအား ရင်အုပ်ကားကား **ကြွက်**သားအဖုအဖုနှင့် အင်မတန်မှ အားကောင်းမောင်းသန်တွေ ဖြစ်ကြသလို အလုံးအထည်အားဖြင့်လည်း ညီပါဘိ။ သူကြီးဘိုးရွှေရအဖွဲ့ ပြီးပြန်တော့ ယှဉ်ပြိုင်ဘက် 'အာဠာဝက' လှေ ထိုးဆိုက်လာ၏။ 'အာဠာဝက' လှေ၌ ရေကျော်စုရွာသားများ ပါဝင်ကြလေသည်။ သူတို့လည်း မဏ္ဍပ်တွင်းမှ ပုဂ္ဂိုလ်ကြီးများကို ဂါရဝပြုကာ တက်ရေးပြကြလေ၏။

"အာဠာဝက လှေတော် . . ရေပေါ်ပျံကာဝဲလို့ . . နဒီရေထဲမှာလ . . အောင်ပွဲတော်ရလှေ . . လှေ ရန်ကင်းကိုလေ . . အို . . ကွင်းပါကြ . . . မိုးသက်ကယ်ဝေ . . ရွှေလှေ ရွှေလောင်းကို လှယဉ်တယ်လေ . . ယှဉ်မငှစောင်းကြနှင့် . . သူကောင်းတော်ရ . အို . . သျှင် မြှောက်စားတယ်လေ . . လှေသွားခေါ်ပဲ"

ကမ်းနှစ်ဖက်မှ အားပေးသံ၊ ဩဘာသံများမှာ ဘဝင်လှုံ့မှုဖွဲ့တင်ရိုက်ဟည်းနေကြလေသည်။ ထိုအချိန်မှာပင် သူကြီးဘိုးရွှေရ၏ ဟနုမာရ်လှေတော်အသင်းအား ပေါက်တောကုန်း ဒိုးပတ်အဖွဲ့က ပတ်သံဟိန်းဟိန်းဖြင့် အားပေးတီးမှုတ်ကြရုံမက တစ်ဖက်အသင်းသို့ ခနဲ့တဲ့တဲ့ဖြင့် သီချင်းသံချပ်များကို ထိုးကြ ပြန်လေသည်။

"ဟနုမာရ်ဟော့ . . ဟာနုမာရ်
ပေါက်တောကုန်းက ဟာနုမာရ်၊
သီတာဒေဝီ ရအောင်ခိုး



www.burmeseclassic.com

www.burmeseclassic.com



မင်းရာမ မျောက်သိုး။

ရပ်ရွာတစ်ရိုး ဟိုးဟိုးကျော်
ပြိုင်စံမပေါ် လှေတော်သားဖျို့။

သတ္တိရှိလို့ စိန်ခေါ်ရင်
ထဘီလျှော်ချင် လာကြ . . လာကြ။

ပြိုင်ပွဲတိုင်းမှာ တံခွန်ထူ
ကူလီကူမာ မလုပ်ကြနဲ့။

ဘိုးရွှေရရဲ့ လှေတော်ဟာ
ကမ္ဘောကမ္ဘာ ပြိုင်စံရှားပေါ့။

လှေခွက်ချည်းပဲ ကျန်ပါစေ
အမြဲတစေ အောင်လံ မလဲ။
(ဟော့မောင်တို့ . . ကိုယ့်လူတို့ . . .
ကိုယ့်လူတို့ . . . ဟော့မောင်တို့)
ဟေးလာ . . မောင်ရို့ . . ဝါး . . "

"ဟေး . . ဟာနုမာရ်ကွ . . ဟာနုမာရ် . . သူကြီး
ဘိုးရွှေရရဲ့ ဟာနုမာရ် . . ပေါက်တောကုန်းရဲ့ ဂုဏ်ကို
ဆောင်မယ့် ဟာနုမာရ်ကွ"

ပေါက်တောကုန်းရွာဘက်မှ ပရိသတ်ကြီး၏ တစ်ခဲနက် အ... ပေးသံတို့က ဘဝင်ညံမျှ လျှံထွက်လာခဲ့သည်။ သည်လိုဆိုတော့ တစ်... ရေကျော်စုရွာမှ အာဠာဝကလှေတော်အား အားပေးဖို့လာကြသူ... ဘယ်နေမှာတဲ့နည်း။ သူတို့သည် အိုးစည်သံတထုံထုံပေးရင်း သီ... သံချပ်တို့အား တုံ့ပြန်ဟစ် ကြွေးကြလေသည်။

"အာဠာဝက . . အာဠာဝက





တိုင်းလုံးကျော်တဲ့ . . . အာဠာဝက။

အာဠာဝက ထိပ်တန်းမောင်
ရေကျော်စုဂုဏ် ဆောင်မယ့်လှေဖျို့။

ကျွဲနိုင်,နွားနိုင် . . . အားလုံးနိုင်
အပိုင် . . အပိုင် . . အနိုင်ပဲပေါ့။

ရေပေါ်ရှပ်တိုက် အမြန်ယာဉ်
ယှဉ်ပြိုင်ရဲရင် လက်ညှိုးထောင်စမ်း။

လှေဦးမော့လို့ ပန်းတိုင်ဆီ
အောင်ပွဲဝေစည် အာဠာဝက။

ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်
ခူးဆွတ်လို့ပိုင် အာဠာဝက။

ရွှေဖလားနဲ့ ကြက်သားကိုင်
တို့ကိုနိုင်ဖို့ ကြိုးစားလိုက်ဦး။

(ဟော့ . . စိန်လား။ ဟော့ . . မြလား . .
ဟော့ . . မြလား၊ ဟော့ . . စိန်လား)
ဟေးလာ . . မောင်ရို့ . . ဝါး"

"ဟေး . . . အာဠာဝကကွ . . အာဠာဝက . . ရှိ . . ရှိ
. . ရှိ . . ရေကျော်စုရွာရဲ့ ဗမ္ဗူထိပ်ခေါင် အာဠာဝက"

ရေကျော်စု ရွာသူရွာသားအပေါင်းကလည်း အရေးကြီးလျှင်ဖြင့် ...သွားနိုကြစမြဲဖြစ်ပေရာ ခုလိုမျိုး တစ်ဖက်ရွာအသင်းနှင့် ရင်ဆိုင်ယှဉ်ပြိုင် ရမည်ဆိုသောအခါ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ကိုယ့်ရွာအသင်း ...ကို ကိုယ်အားပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွား . . ဘိုးရွှေရကြီးဟာ ဟိုသွားလိုက် သည်သွားလိုက်၊ ပါးစပ်က ပွစိပွစိလုပ်လိုက်နဲ့ သူဘာတွေ ဖြစ်နေတာလဲ . . ဟင်။ နာမည်ကောင်းလက်မှတ်နဲ့ ဆုတံဆိပ်ရလို့ ဝမ်းသာလုံးဆို့ပြီး စိတ်ဖောက်နေတာများလား . . ကြည့်ပါဦး။ အရေးပိုင်ကတော်ကို ရိုသေနေလိုက်တာ နဖူးမြေမစိုက်ရုံတစ်မယ်ပဲ . ."

"သူ့မှာ အကြံအစည်ရှိလို့နေမှာပေါ့ မြေးရယ်။ ခု ပြိုင်ပွဲဝင်မယ့်လှေက သူဖွဲ့ထားတဲ့ သူ့အသင်းလှေ မဟုတ်လား။ ဒီပွဲမှာ သူ့လှေ ကျိန်းသေပေါက် နိုင်ရမယ်လို့ လိုက်ကြွားပြီး လောင်းချင်သူတွေ သူ့ဘက်က လောင်းနိုင်အောင် ဆွယ်နေတာပဲပေါ့"

"ဩော် . . ဒီလိုကိုး၊ အင်း . . ပြောမယ့်သာ ပြောတာ ကျွန်တော်တောင် ရေကျော်စုက အာဋ္ဌာဝကနဲ့ ကျွန်တော်တို့ ပေါက်တောကုန်းက ဟာနုမာရ်ကိုကို ယှဉ်ပြီးလောင်းမယ်ဆိုရင် ဟာနုမာရ်ဘက်က လောင်းမှာအမှန်ပဲ။ လှေတော်သားတွေရဲ့ အလုံးအထည်၊ အရပ်အမောင်း၊ ဖျတ်လတ်တက်ကြွမှု အဲဒါတွေ ယှဉ်လိုက်ရင် ကျွန်တော်တို့သူကြီးလှေက အပုံကြီးသာတယ် အဘွားရဲ့"

"ကဲ . . ဒီလောက်တောင် လောင်းချင်ရင် ရော့ ငါးဆယ်။ ပြီးတော့ သွားလောင်းချေ . . ဟုတ်ပလား"

သူကြီးဘိုးရွှေရကား ဤပွဲ၌ သူ့လှေ ကျိန်းသေနိုင်ရမည်ဖြစ်ကြောင်း အာပေါင်အာရင်းသန်သန် ပြောဆိုကာ သူ့ လှေဘက်မှ သုံးထောင်တိတိ ထည့်ဝင်လောင်းပြသည်။ အခြားပုဂ္ဂိုလ်များကိုလည်း လောင်းဖို့ဆွယ်သည်။

ဘယ့်ကလောက်တောင် အပြောကောင်းလေသည်မသိ။





အရေးပိုင်ကတော်ထံမှ ထောင်တန်များ ထွက်လာသည်။ ရာဇဝတ်ဝန်ထောက်တို့၊ မြို့ပိုင်မင်းတို့၊ ဌာနအုပ်တွေတလည်း ရွှေကြွေးရုံးဝန်ထမ်းတွေပင် ပါလိုက်သေး။ သူကြီးဘိုးရွှေရ၏ စည်းရုံးရေးကောင်းမှု၊ ဟာနုမာရ်လှေတော်သားတို့၏ တက်ကြွသောအသွင်အပြင်တို့တို့အားအရကြီးရလျက် ပါလာသမျှကို ဟာနုမာရ်လှေတော်ဘက်မှ ပုံအောရ်၍ လောင်းကြကုန်၏။ ဒါတွေကို မြင်ရတော့ တိုးမောင်လည်း 'ခဏနော် အဘွား' ဟုဆိုကာ လောင်းကြေးငွေလက်ခံသော နေရာသို့သွား၍ ဟာနုမာရ်ဘက်မှ သွားလောင်းလိုက်လေသည်။ တိုးမောင်ပြန်လာတော့ နေရာတွင် ဘွားရွှေစာမရှိ။ အတော်လေးကြာမှ ပြုံးပြုံးရွှင်ရွှင်နှင့် ပြန်ရောက်လာသည်။

"ဘယ်သွားနေတာလဲ . . အဘွား"

"ကိစ္စတစ်ခုရှိလို့ပါကွယ်။ ဟော ပြိုင်ပွဲတောင်စတော့မယ်"

လောင်းကြေးငွေတွေ စုံပြီမို့ ပြိုင်ပွဲစတော့မည်ဖြစ်ကြောင်း မောင်းတဒူဒူထုလျက် ရှိလေသည်။ မကြာမီမှာပင် သူကြီးဘိုးရွှေရသည် တာထွက်ရန် အသင့်ဖြစ်နေကြသော လှေနှစ်စင်း၏ မလှမ်းမကမ်း၌ရပ်တာ စည်းကမ်းချက်များကိုပြောဆိုပြီး လက်စွဲတော် နှစ်လုံးပြူးကို မိုးပေါ် ထောင်၍ ခလုတ်ကိုဆွဲလိုက်လေသည်။

"ဒိန်း"

"ဟေး . . ဟာနုမာရ်ကွ . . ဟာနုမာရ်"

"ရှီး . . အားမလျှော့နဲ့ . . တောင့်ထားကွ။ အာဋ္ဌာဝကရေ . . တောင့်ထား"

"ဟေး . . ဖြောင်းဖြောင်း . . ဖြောင်းဖြောင်း"

ကမ်းနှစ်ဖက်မှ တခဲနက် ရောက်လာကြကုန်သော ပရိသတ်အပေါင်း၏ အားပေးသံက ကြောက်ခမန်းလိလိ။ လှေနှစ်စင်းကလည်း တစ်စင်းနှင့်တစ်စင်း အားကျမခံ။ သို့ရာတွင် တာစထွက်စတည်းက



www.burmeseclassic.com

www.burmeseclassic.com



အလေးသာနေသည်မှာ သူကြီးဘိုးရွှေရ၏ ဟာနုမာရ်လှေတော်ပင်တည်း။ ထို့ကြောင့်ပင် ဟာနုမာရ်က လောင်းထားသူများ မရိုးမရွဖြစ်ကာ အော်ဟစ်အားပေးကြကုန်၏။ ကမ်းပေါ်မှ ပရိသတ်တွေ မဆိုထားလင့်။ မင်္ဂလာမဏ္ဍပ် တွင်းရှိ ပုဂ္ဂိုလ်ကြီးတွေပင်လျှင် ရာဇပလ္လင်ကိုမေ့လျော့ကာ ထိုင် နေရာမှ မတ်တတ်ရပ်လျက် လက်သီးလက်မောင်း တန်းမိကြကုန်၏။ "ဟာနုမာရ်ဟေ့ . . . ဟာနုမာရ်"ဟု အော်ဟစ်မိကြကုန်၏။

သို့ရာတွင် ပန်းဝင်လုဆဲဆဲမှာတော့ ဟာနုမာရ်လှေသည် တုံ့ခနဲဖြစ်ကာ အပြေးနှုန်းလျော့ကျသွားသည်။ ထိုမှာတင်

"ဟေး . . ရှိုး . . ဖြောင်းဖြောင်း . . ဖြောင်း . . အာဋ္ဌာ ဝကကွ . . အာဋ္ဌာဝက . . ရေကျော်စုရဲ့ ရပ်ဂုဏ် ရွာဂုဏ် ဆောင်တဲ့ အာဋ္ဌာဝက . ."

ဟူသည့် အော်ဟစ်သံများ၊ လက်ခုပ်သံများ၊ လက်ပန်းပေါက်ခတ်သံများ၊ လက်ခေါက်မှုတ်သံများ ဆူညံစွာပေါ်ထွက်လာကြတော့သည်။

အကြောင်းမူ အာဋ္ဌာဝကသည် ဟာနုမာရ်ကို ပွတ်ကာသီကာ ကျော်ဖြတ်ပြီးနောက် ပန်းဝင်သွားသောကြောင့်ပါတည်း။ မြင်းပွဲစကားနှင့်ဆိုရလျှင် အာဋ္ဌာဝကသည် ဟာနုမာရ်အား နှာတစ်ဖျားနှင့် အနိုင်ယူသွားသောကြောင့် ဖြစ်ပါသည်။ ဟာနုမာရ်ဘက်မှ လောင်းထားသူများမှာ အထိကြီးထိ၊ အနာကြီးနာသွားကြကုန်၏။ လောင်းကြေးငွေအတော်များများ လောင်းထားသော သူကြီးမင်းဘိုးရွှေရမှာ ဆွေ့ဆွေ့ခုန်ရင်း ဒေါသတွေ အလိပ်လိုက်တက်နေသည်။ မျက်နှာတစ်ပြင်လုံး မည်းမှောင်လျက် သူ့လှေတော်သားတွေကို မအေ၊ နှမ မကျန် တရစပ်ဆိုသလို ဆဲရေးကြိမ်းမောင်းပြီး နှစ်လုံးပြူးနှင့်ပင် ပစ်သတ်မည်တကဲကဲ လုပ်နေရာ မြို့ပိုင်မင်းကပင်လျှင် တားယူရသည်အထိ။

တိုးမောင်အတွက်တော့ ခဲလေသမျှ သဲရေကျ။ အိမ်ပြန်ရောက်လျှင်ဖြင့် ပဲရေပွနှင့်သာ တိုးရပေတော့မည်။ လောင်းထားတာကလေးနိုင်





ပါက ကြက်သားဟင်းချက်စားမည်ဆိုသော စိတ်ကူးမှာလည်း လေထဲမှာလွင့်စင်သွားခဲ့ပါပြီကော။ ဗိုက်ထဲမှာလည်း တဂွီဂွီနှင့် ဆာလာသည်။

"ကိုင်း ငါ့မြေး၊ ညှပ်ခေါက်ဆွဲ သွားစားကြရအောင်"

"ဟင် . . တကယ်"

"တကယ်ပေါ့ မြေးရဲ့"

အင်မတန် ဆာလောင်နေသည့် အချိန်ဝယ် ငါးရှဉ့်ဖြင့်ချက်ထားသော မနှင်းစိန်၏ ညှပ်ခေါက်ဆွဲကို တွယ်ရမည့်အတွက် တိုးမောင်ပျော်သွားရသည်က အမှန်။

မြေးအဘွားနှစ်ယောက် မနှင်းစိန် ညှပ်ခေါက်ဆွဲကို တစ်ဝတစ်ပြဲ တွယ်လိုက်ကြသည်။ ပြီးနောက် စကားတပြောပြောနှင့် ရွာလမ်းအတိုင်း လျှောက်ခဲ့ကြလေသည်။

"ကျွန်တော်တော့ အဘွားပေးတဲ့ ငွေငါးဆယ် ရှုံးသွားတဲ့ အတွက် နှမြောလိုက်တာ အဘွားရယ်"

"နှမြောမနေပါနဲ့ မြေးရယ်။ ရော့ ငါ့မြေးသုံးဖို့ တစ်ရာ"

"ဟင် . . သဘောကောင်းလှချည်လား အဘွား"

"ကောင်းရမပေါ့ကွယ်။ မြေးက ဟာနုမာရ်ဘက်က လောင်းတာလေ၊ အဘွားက အာဋ္ဌာဝကဘက်က တစ်ထောင်တိတိ သွားလောင်းလို့ နိုင်လာတာ"

"ဟင် . . ကျွန်တော် မသိလိုက်ပါလား"

"မသိဆို မြေးကိုပညာပေးချင်လို့ပေါ့။ စိန်ကဲ၊ ရွှေကဲထက် လူကဲကို ခတ်တတ်အောင်ပေါ့။

တကယ်ဆို သူကြီးဘိုးရွှေရရဲ့ ဟာနုမာရ် နိုင်ခြေ အများကြီးရှိပါတယ်။ ရှိလို့လည်း မြေးက ဟာနုမာရ်ဘက်ကလောင်းခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ . . အဘွားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြေးလိုပဲ အားလုံးက ဟာနုမာရ်အပေါ် မျှော်လင့်ထားကြတာ။ မျှော်လင့်ပြီးတော့လည်း ဟာနုမာရ်အပေါ် ပုံအောပြီး လောင်းခဲ့တာ။ မြို့ကလာတဲ့ ပုဂ္ဂိုလ်တွေတောင် အများကြီး ပါသွားတာပဲ မဟုတ်လား။

ဒါပေမဲ့ သူကြီးဘိုးရွှေရက အလည်ကွယ့်။ လည်တာမှ ရဟတ်က အဘခေါ်ရလောက်အောင်ကို မွှတ်နေတာ။ တကယ့်တကယ်ကျတော့ သူကြီးက သူ့ငွေသုံးထောင်ကို ပက်ခနဲ လောင်းပြရင်း သူတစ်ပါးရဲ့ ငွေတွေကို မျှားခေါ်လိုက်တာ။ ပြီးတော့ တစ်ဖက်လှည့်နဲ့ လူယုံတပည့်တစ်ယောက်ကို တိတ်တိတ်ကလေးမှာပြီး အာဠာဝကဘက် တစ်သောင်းဖိုးသွား လောင်းခိုင်းတာ။ နောက် သူ့လေ့တော်သားတွေကိုလည်း အစကောင်းအောင် အစွမ်းပြခိုင်းပြီး ပန်းဝင်ခါနီး ရှုံးအောင် လုပ်ခိုင်းလိုက်တာ"

"ပိုင်လိုက်တဲ့ သူကြီးပါပဲလား အဘွားရာ"

"ပိုင်ဆို . . အကွက်ချပြီး လုပ်တာကိုး မြေးရဲ့"

"အဲဒါ အဘွား ဘယ်လို အကဲခတ်မိသလဲဟင်"

"သူကြီးလူယုံကို အကဲခတ်ပြီး အဘွားက အာဠာဝကဘက်က လောင်းတာပေါ့။ ကိုင်း . . အိမ်ရောက်မှ ငါ့မြေးကို ကြက်သားဝယ်ချက်ကျွေးဦးမယ်"

"ဟေး . . "

တိုးမောင် ပျော်သွားပါတော့၏။

ပျော်သွားသည်နှင့်အမျှ လောကကြီးအတွင်းရှိ အချို့အချို့သောလူတို့၏ လောကပရိယာယ်တို့ကိုလည်း နားလည် သဘောပေါက်ရပါတော့သတည်း။





**တွား**

**ရွှေ**

**စာ**တို့ မြေးအဘွားနှစ်ယောက် ရွာအနောက်ဖျားသို့ ထွက်လာခဲ့ကြသည်။ ကိစ္စက အသုဘသတင်းမေးဖို့ကိစ္စ။ ပေါက်တောကုန်းရွာမှာက သာရေးနာရေးကိစ္စ ရှိလာလျှင် ရပ်သူရွာသားအချင်းချင်း ရင်းရင်းနှီးနှီး ရိုင်းရိုင်းပင်းပင်းဖြင့် ကူညီလုပ်ဆောင် ဖြေရှင်းတတ်ကြစမြဲ။

"အောင်မယ်လေး . . သမီးရယ် . . သမီးလေးရဲ့။ အဖြစ်ဆိုးလှချည်လား။ အမေတို့ အဘတို့ကို သစ်စိမ်းချိုး ချိုးသွားခဲ့ပြီလားကွယ့် . . ဟီး . . ဟီး . . ဟီး"

ခြံထဲသို့ လှမ်းမဝင်ရသေးခင်မှာပင် ဒေါ်ဇီးကွက်၏ အော်ကြီးဟစ်ကျယ်ငိုကြွေးသံက အသုဘသတင်းမေး လာကြသူတွေကို ဆီးကြိုလိုက်လေသည်။ ဒေါ်ဇီးကွက်၏ ငိုကြွေးသံသည် သူမ၏ တစ်ဦးတည်းသော သမီးကလေး လူ့ဖုံလာကမှ ထွက်ခွာသွားပြီဖြစ်ကြောင်း သောင်းဘိုက်က ကြားလောက်အောင် အတိအလင်း သတင်းပေးသည့်သို့ဖြစ်၏။ သူမ၏ခင်ပွန်း ဦးဘိုကေမှာမူ စောင်ပါးကလေးလွှမ်းထားသည့် သမီးကလေး၏ ရုပ်အလောင်းအား မရှုရက်၊ မမြင်ရက်သည့်အလား



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားရင့်မကြီးဖြစ်သည့်တိုင် မျက်ရည်ပေါက်များ လိမ့်ဆင်းလျက် ပုဏ္ဏားကွယ်၌ ဆောင့်ကြောင့်ထိုင်ကာ မှိုင်တွေလျက်ရှိလေ၏။

ဦးဘိုကေတို့၊ ဒေါ်ဇီးကွက်တို့ မှိုင်တွေပူဆွေးမည်ဆိုလျှင် ပူဆွေးလောက်သည်သာ ဖြစ်၏။ ၎င်းတို့ လင်မယားမှာ သည်အသက်သည်အရွယ်ရောက်သည့်တိုင် သားသမီးရတနာဆို၍ သမီးကလေး 'မအိမ်သူ' သာလျှင် ရှားရှားပါးပါး အဖတ်တင်ခဲ့၏။ သို့ဖြစ်၍ သမီးကလေးမအိမ်သူကို ဖူးဖူးမှုတ်မတတ်ချစ်ကာ အလိုလိုက်ထားကြလေသည်။ သူတို့အိမ်ထောင်စုက လယ်နှင့်ကိုင်းနှင့်၊ နွားနှင့်မြင်းနှင့်ဆိုတော့ ရပ်ထဲရွာထဲမှာ အတော်ကလေး ပြေပြေလည်လည်ရှိသည့် အိမ်ထောင်စု ဖြစ်သည်။ သည်တော့ သမီးကလေး ဘာများလိုချင်၍ ပူဆာပါသနည်း။ ပူဆာသမျှ 'ယူပါဟ'ဟူ၍ ချက်ချင်းလက်ငင်း ဖြည့်ဆည်းပေးခဲ့သည်သာချည်း။

သမီးကလေး မအိမ်သူခမျာ မေတ္တာတွေ တစ်ပုံကြီးရနေသော သည်မိသားစုအတွင်း၌ ရာသက်ပန်နေထိုင်ခွင့် ရမသွားရှာခဲ့ပါ။ ကျောကုန်းတွင် အနာပဆုပ်ကြီးပေါက်၏။ ဆရာအမျိုးမျိုးနှင့် ကုသပါသော်လည်း ရောဂါနှင့်ဆေး မအပ်စပ်သေး၍ထင့်၊ ပျောက်မသွားသည့်အပြင် ဝေဒနာက ပြင်းထန်လာသည်။ ဤ၌ မထင်မှတ်ဘဲညှော်မိကာ ငန်းဝင်ရင်း နောက်ဆုံးတော့ မပြန်လမ်းသို့ မြန်းသွားရရှာတော့သည်။

သမီးကလေး သေကောင်ပေါင်းလဲ ဖြစ်နေချိန်ဝယ် ဘုရားကူကုသည့်အနေဖြင့် ရွာဦးကျောင်းဆရာတော်ကို ပင့်ဖိတ်ကာ ဆွမ်းကပ်ခဲ့ပါသေး၏။ သို့ရာတွင် ဘုရား၊ ရဟန္တာတို့တောင်မှ မလွန်ဆန်နိုင်သော မရဏခရီးသို့ ထွက်ခွာသွားလေရာ ကျန်ရစ်သူမိဘနှစ်ဖြာအဖို့တော့ ရင်ဘတ်စည်တီး၊ ရင်ကွဲပက်လက် ဖြစ်ခဲ့ရလေသည်။ ဆရာတော်၊ သံဃာတော်တို့မှ ဘယ်လိုပင် တရားချချ၊ တရားသံဝေဂ မရလေခဲ့၊ ပရိဒေဝမီးတွေသာ လောင်မြိုက်နေတော့သည်။





ကွယ်လွန်ပြီး သုံးရက်မြောက်မှာ အလောင်းတိုမြေချခဲ့သည်။ ရွာလုံးကျွတ် လိုက်လံပို့ဆောင်ကြသည်။ အလောင်းမြေချ လှခဲ့ပါသည်။ သို့ရာတွင် ဒေါ်ဇီးကွက်အဖို့ ပူတယ်လေ ဆယ်နေတဲ့ ဆီသလို လွမ်း၍ဆွေး၍ တမ်းတ၍ အားမရနိုင်ပါသေး။ အလောင်းမြေချ တုန်းက သူမလည်း မြေပုံနံဘေးတွင် လူးလိမ့်နေခဲ့သည်။ တွဲတဲ့သူတွဲရ ဆွဲတဲ့သူဆွဲရနှင့်။ ရက်လည် ပြီးသည့်တိုင် တငိုငို၊ တရှိုက်ရှိုက်။

"ဒါ . . သမီးလေး အိုးသွားတဲ့ ခေါင်းအုံး"

"ဒါ . . သမီးလေး စားသွားတဲ့ ပန်းကန်"

"ဒါ . . သမီးလေး ဝတ်သွားတဲ့ ထဘီ"

"ဒါ . . သမီးလေး ခတ်သွားတဲ့ ယပ်တောင်"

အစစအရာရာသည် ဒေါ်ဇီးကွက်အတွက် စိတ္တဇလို ဖြစ်နေခဲ့သည်။ တစ်နေ့သားမှာတော့ ဘယ်ပုံဘယ်နည်း စိတ်ကူးပေါက်လေသည်မသိ။ သမီးကလေး မအိမ်သူကို ဆင်မြန်းပေးထားခဲ့သော လက်ဝတ်လက်စားများကို လက်ကိုင်ပဝါတွင်ထုပ်လျက် သုသာန်ရှိရာသို့ ထွက်သွား၏။ သုသာန်တွင်းရှိ သမီးကလေး၏ မြေပုံပေါ်မှောက်ကာ တသိမ့်သိမ့် ငိုကြွေးပါလေတော့၏။

"အို . . သမီးလေး . . အယ် . . သမီးလေးရဲ့။ သမီးလေးဆီ အမေရောက်လာပြီလေကွယ်။ ထကြည့်ပါဦးလား သမီးလေးရဲ့။ အမေလေ . . သမီး လေးဝတ်ချင်ရင် ဝတ်ရအောင်ဆိုပြီး သမီးလေးရဲ့ လက်ဝတ်လက်စားတွေ ယူလာခဲ့တယ်။ အဲဒါ . . ထ ဝတ်ပါဦးလား သမီးလေးရယ် . . အီး . . ဟီး . . ဟီး . . ရွတ်"

ဒေါ်ဇီးကွက်ကား သမီးစိတ်ဖြင့် စိတ္တဇဖြစ်နေသည်မှာ သေချာပါချေပြီ။ တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို လက်ဝတ်လက်စားတွေကို ယူကာ သမီးလေးမြေပုံသို့သွား၍ ဝမ်းနည်းပူဆွေး ငိုကြွေးတမ်းတနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်စမြဲ။

သည်လိုမျိုး တစ်ရက်ခြား၊ နှစ်ရက်ခြားလောက် လက်ဝတ်လက်စားထုပ်နှင့် သူသာန်သို့ ဒေါ်ဇီးကွက် သွားရောက်နေသည်ကို သတိထားမိသူနှစ်ဦးရှိ၏။

ထိုနှစ်ဦးကား ဖဲသမားညွန့်တင်နှင့် ကဇော်သမားကြည်သိန်းတို့ ဖြစ်ကြသည်။ ဖဲသမားညွန့်တင်ကား ခုတစ်လော အကြီးအကျယ် ထိထားသဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ တတ်နိုင်အောင် အကြံအိုက်နေသည်။ သူများအိမ်ခိုးဝင်ပြီး အလစ်သုတ်ရမှာ မဝံ့ရဲသလို၊ အနုကြမ်းစီး၊ ခါးပြတိုက်ရအောင်လည်း သွေးကလုံးလုံးမရှိ။ ကဇော်သမားကြည်သိန်းက ကဇော်လေးတမြမြမော့နေရလျှင် လောကကြီးတစ်ခုလုံးကို အလှပဆုံးဟု ထင်နေသူဖြစ်သည်။ ခုတစ်လော ဘာအလုပ်မှ မည်မည်ရရ မရှိသဖြင့် ကဇော်နပ်မမှန်ဖြစ်နေသည်။ သည်တော့ သူ ဇာတ်ထဲလိုက်ခဲ့စဉ်က သိမ်းဆည်းထားခဲ့သော ဇာတ်ဝတ်ဇာတ်စားအချို့ ကို ပေါင်နှံရောင်းချပြီး အရေဖျော်ပစ်လိုက်ရလျှင် ကောင်းမည်ဟု စဉ်းစားနေမိလေသည်။

"ဒါဟာ . . အကွက်ကောင်းပဲ ကြည်သိန်းရဲ့"

"ဘာအကွက်ကောင်းလဲ . . ပြောစမ်းပါဦး ညွန့်တင်ရ"

"ဒီလိုလေကွာ . . ဒီလို . . ဒီလို"

ဖဲဆင်ရုံတင်မက ဖဲပြင်ရာတွင်လည်း ဝိဇ္ဇာတစ်ပါးဖြစ်နေသော ဖဲသမားညွန့်တင်က ၎င်း၏စိတ်ကူးအကြံအစည်ကို ပြောပြလိုက်ရာ ကဇော်သမားကြည်သိန်းလည်း ခေါင်းတညိတ်ညိတ်ဖြင့် အဟိအဟိ ဖြစ်နေလေသည်။

နောက်တစ်ရက်ရောက်တော့ ဒေါ်ဇီးကွက်လည်း လက်ဝတ်လက် စားထုပ်ကလေးကို ဆွဲကာ သုသာန်ရှိရာသို့ ထွက်သွားလေသည်။ ဒါကိုအကဲခတ်နေသော ဖဲသမားညွန့်တင်လည်း အလုပ်ပေါ်ပြီဖြစ်သဖြင့်





ချက်ချင်းဆိုသလိုပင် ကဇော်သမားကြည်သိန်းကို အချက်ပေးလိုက်သည်။ ဤတွင် ကြည်သိန်းလည်း အဝတ်တစ်စုံယူကာ ဖြတ်လမ်းမှနေ၍ သုသာန်သို့ လျှင်မြန်စွာပြေးလွှားသွားပြီးသည့်သမယ သစ်ပင်ကြီးတစ်ပင် အကွယ်၌ နတ်ဝတ်နတ်စားတို့ကို လဲလှယ်ဝတ်ဆင်လိုက်လေသည်။ နတ်ဝတ်နတ်စားတို့မှာ ဘော်ကြယ်များ တပ်ဆင်ထားသည့်အတွက် နေရောင်အောက်၌ ပြိုးပြိုးပြက်ပြက် တလက်လက်။

"ဟော့ကောင် . . ကြည်သိန်း၊ ဒေါ်ဇီးကွက်ကြီး လာနေပြီ။ အဝတ်အစားတွေ မြန်မြန်လဲတော့လေ။ မြန်မြန်လဲ မြန်မြန် လဲ . .။ ပြီးရင် ငါသင်ပေးထားတဲ့အတိုင်း မလွဲချော်စေနဲ့နော်"

"အေးပါ . . ဖဲဝိဇ္ဇာရ . . ."

ဖဲဝိဇ္ဇာဟူ၍သာ နာမည်တစ်လုံးရထားသော်လည်း ဖိုးညွန့်တင်အဖို့ ဒေါ်ဇီးကွက်သမီးကလေး အသုဘ၌ ခွက်ခွက်လန်အောင် အထိကြီးထိ၊ အနာကြီးနာသွားခဲ့ရသည်။ ပါလာသမျှ တက်တက်ပြောင်ရုံမက အကြွေးတောင် တင်သွားခဲ့ပါသေး။ သည့်အတွက် မဆီလေးရယ်တဲ့ အိုမဆိုင်၊ ဒေါ်ဇီးကွက်အပေါ် ငြိုး၍နေခဲ့သည်မှာ ခုတော့ဖြင့် အခွင့်သာ အခါပေးလေပြီ မဟုတ်ပါလား။ အကြံအစည် အထမြောက်အောင်မြင်ပါက သူနှင့်ကဇော်သမားကြည်သိန်းတို့ တစ်ယောက်တစ်ဝက်စီခွဲကြမည်။ ကဇော်သမားကတော့ ဘယ်လိုနေမည်မသိ။ သူကတော့ မြို့တက်ကာ တစ်လ ကိုးသီတင်းမက ခြေရာဖျောက်ဖို့ စိတ်ကူးထားခဲ့သည်။

"အို . . သမီးလေး . . အယ် . . အမေ သိပ်ချစ်ရတဲ့ သမီးလေးရဲ့ . . အို . . ဟဲ့ . . ဟဲ့၊ သမီးလေးဆီ အမေ ရောက်လာပြီလေကွယ်။ ထကြည့်ပါဦး . . ထ ကြည့်စမ်းပါဦး သမီးလေးရဲ့။ အမေလေ သမီးလေးဝတ်ချင်ဝတ်ရအောင် ဆိုပြီး သမီးလေးရဲ့ လက်ဝတ်လက်စားလေးတွေ ထုတ်ယူလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်ကွယ့်။ အဲဒါ သမီးလေး ဝတ်ရအောင် ထပါဦး သမီးလေးရဲ့၊ ထစမ်း ပါဦးသမီးလေးရဲ့ . . . အီး . . ဟီးဟီး . . ဟီး . . ရှုတ်"

ထုံးစံအတိုင်းဆိုသလိုပင် ဒေါ်ဇီးကွက်သည် လက်ဝတ်လက်စားအထုပ်ကလေးကို မြေပုံပေါ်တွင်တင်ကာ မြေပုံကိုဖက်ပြီး အားပါးတရ အလွမ်းသယ်နေလေသည်။

"အဟမ်း . . အဟမ်း"

"ဟင် . . ."

ဒေါ်ဇီးကွက်ခမျာ အနောက်ဘက်ဆီမှ ချောင်းဟန့်သံ ကြားလိုက်ရသည့်အတွက် ခေါင်းနားပန်းကြီးသွားကာ ခေါင်းကိုငဲ့ကြည့်လိုက်သည်။ အဘယ်မည်သော တန်ခိုးရှင်နတ်သားတစ်ပါး လူ့ပြည်သို့ ကြွမြန်းလာပါသနည်း။ အမြင်တွေများ ဝေဝါးနေသလား၊ ထွေပြားနေသလားဆိုပြီး မျက်ဝန်းအစုံကို ပွတ်သပ်ကြည့်ပြန်သည်။ မမှား . . မမှား မမှားပါချေ။

"အရှင် . . အရှင်ဟာ . . ."

"အို . . လူသား၊ ကျွန်ုပ်သည်ကား တာဝတိံသာ နတ်ပြည်က သက်ဆင်းလာခဲ့သည့် သိကြားမင်းကြီး၏ ကိုယ်ရေးအရာရှိ နတ်သားမာတလိ ဖြစ်ပေတယ်"

"ဟင် . . မာတလိ . . မာတလိ . . ဟုတ်လား"

"ဟုတ်ပါပေသည် . . မှန်ပါပေသည် အသင်လူသား။ အသင်ဟာ မကြာခဏဆိုသလို သမီးအပေါ် ချစ်တဲ့ဇောနဲ့ မြွေမကြောက်၊ ကင်းမကြောက်၊ သရဲမကြောက်ဘဲ သုသာန်ကိုလာ၊ သမီးရဲ့မြေပုံမှာ လာ လာငိုနေလို့ အကျွန်ုပ်ရဲ့အရှင်သခင် သိကြားမင်းခမျာ ပဏ္ဍုကမ္ဗလာကျောက်ဖျာတင်းပြီး နေမထိထိုင်မသာဖြစ်နေရှာတယ်။ ဒီအတွက် အကျွန်ုပ်ကို





လူ့ပြည်စေလွှတ်လိုက်တာပဲ . . အသင်လူသား"

"အို . . အရှင်၊ သိကြားမင်းက ဘယ့်အတွက်ကြောင့် ကျွန်တော်မျိုးမဆီကို လွှတ်လိုက်တာပါလိမ့်။ ကျွန်မနဲ့ ဘာများ သက်ဆိုင်လို့ပါလဲ။ အမိန့်တော်ရှိပါ အရှင်နတ်မင်း"

"အသင်လူသား . . အသင်ဟာ မိခင်တွေမြောက်များစွာရှိကြတဲ့အထဲမှာ သားသမီးအပေါ် ချစ်တဲ့နေရာ စံပြထားရမယ့် မိခင်ကောင်း မိခင်မြတ်ဖြစ်ပေတယ်။ အဲဒီအတွက် ဂုဏ်ပြုလိုတာက တစ်ကြောင်း၊ နောက်တစ်ကြောင်းက သင့်သမီးလေးဟာ ခုဆိုရင် သိကြားမင်းရဲ့ စံခန်းဆောင်မှာ ရံရွေတော် နတ်သမီးလေးတစ်ပါး ဖြစ်နေလေရဲ့"

"ဟင် . . တကယ်"

ဒေါ်ဇီးကွက်ခမျာ ရင်ဘတ်ကို လက်ဝါးဖြင့်ဖိရင်း လွန်စွာမှ အံ့ဩသွားခဲ့သည်။ အံ့ဩသွားသည်နှင့်အမျှ ကောင်းရာမွန်ရာ မြင့်မြတ်ရာ နတ်ဘုံဗိမာန်သို့ ရောက်ရှိသွားလေသည့် သမီးအတွက် ကြည်နူးဝမ်းသာသွားခဲ့ရသည်။

"အမှန်တကယ်ပေါ့ အသင်လူသား။ အသင့်သမီးကလေးဟာ နတ်သမီး ရံရွေတော်တွေထဲမှာ အချောဆုံး အလှဆုံး ဖြစ်ပေတယ်"

"ဟုတ်တယ် . . မှန်တယ် . . ဒါ သိပ်ကိုသေချာတယ်။ လူ့ဘဝမှာ ရှိတုန်းကလည်း ကျွန်တော်မျိုးမရဲ့ သမီးလေးဟာ ပေါက်တောကုန်းတစ်ရွာလုံးမှာ အချောဆုံး အလှဆုံးပါပဲ အရှင်နတ်သား"

"ဟုတ်ပါပေရဲ့ . . မှန်ပါပေရဲ့။ ဒါပေတယ်လို့ လူ့ဘဝမှာတုန်းက ရက်ရောပေးကမ်းမှုအလှူတွေ မလုပ်ခဲ့တဲ့တွက် ခမျာမယ် နတ်သမီးပင်ဖြစ်ပင်ဖြစ်သော် ငြားလည်း လက်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



လက်စား ချေ့တဲ့နေရှာတယ်"

"ဟာ . . ဒါဆို အတော်ပဲ။ ကျွန်တော်မျိုးမမှာ သမီးလေးကို ဆင်မြန်းပေးဖို့ရာ သူ့ လက်ဝတ်လက်စားကလေးတွေ ယူလာခဲ့ပါတယ် အရှင်။ အဲ . . အဲဒါ သမီးလေးဆီရောက်ဖို့ ဆောင်ကြဉ်းပေးပါလား အရှင် နတ်မင်း"

"အင်း . . သံယောဇဉ် . . သံယောဇဉ်၊ တကယ့်ကို အမျှင်မပြတ်နိုင်တဲ့ သံယောဇဉ်ပါပဲကလား။ အေးလေ . . . စံပြမိခင်တစ်ယောက်ကို လေးစားဂုဏ်ပြုတဲ့အနေ နဲ့ ကူညီစောင်မပေးရတာပေ့ါ။ ဒါကြောင့်လည်း 'လူ မစွမ်း နတ်မ' ဆိုတဲ့စကား ပေါ်ပေါက်လာရတာပဲပေ့ါ။ ကိုင်း . . အသင်လူသား၊ သင့်သမီးကို ပေးဖို့ရာ လက်ဝတ်လက်စား ထုပ်ကို ထားခဲ့ပေတော့။ ထား . . ခဲ့ . . ပေ . . တော့"

"ကျေးဇူးကြီးလှပါပေရဲ့ အရှင်နတ်မင်း"

ဒေါ်ဖီးကွက်လည်း ဝမ်းသားလုံးဆို့ကာ လက်ဝတ်ရတနာထုပ်အား မြေပုံပေါ်တွင်ထားလျက် အိမ်သို့ပြန်သွားခဲ့ လေသည်။

အိမ်အပြန်လမ်း၌ မြေကြီးနှင့်ခြေထောက် ထိသည်ဟုပင် မထင်တော့။





ဒေါ်

ဇီး

**ထွတ်**တစ်ယောက် အိမ်ခြံဝိုင်းထဲဝင်လာတော့ ဟောဟဲ လိုက်နေပါပြီ။ ခါတိုင်းလိုမဟုတ်။ သည်ကနေ့ကျကာမှ ပြန်လာပုံ ထူးခြားသော ဇနီးသည်အား ဦးဘိုကေသည် မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ဟဲ့ . . ဖီးကွက်၊ နင် ဘယ်လိုဖြစ်လာတာလဲ။ ခါတိုင်း မှိုင်တိမှိုင်တိုင်ပါ။ အခုကျတော့လည်း နင့်ပါးစပ်က နားရွက် တက်ချိတ်တော့မလား အောက်မေ့ရတယ်။ ပြောစမ်း နင် သချိုင်းကုန်းမှာ ဘယ် တစ္ဆေသရဲနဲ့ ပလူးပလဲလုပ်ခဲ့လဲ"

"အမလေးတော် . . ၊ အဲဒီစိတ်တွေ ကျုပ် ကုန်နေပြီဆိုတာ တော် အသိဆုံးပါ။ ဘယ့်နှယ် ကလေးကလားစကားတွေ လာပြောနေရတာလဲ။ ကျုပ် အခု ဝမ်းသာစရာကြုံခဲ့လို့ရှင် . . ကြုံခဲ့လို့"

ဟူ၍ စကားခံအပြီး သုသာန်၌ သိကြားမင်း၏ ကိုယ်စားအရာရှိ မာတလိနတ်သားနှင့် ဆုံခဲ့သည့်အကြောင်း၊ သမီးလေးချော တာဝတိံ



www.burmeseclassic.com

www.burmeseclassic.com



သာ၌ ရုံရွှေတော်နတ်သမီးဖြစ်နေသည့် အကြောင်း၊ ကုသိုလ်နည်းပါးသည့်အတွက် လက်ဝတ်ရတနာ ချို့တဲ့နေရှာသည့်အကြောင်း၊ သည့်အတွက် သမီးလေး၏လက်ဝတ်ရတနာတို့အား တာဝတိံသာသို့ ဆောင်ကြဉ်းပေးပါရန် မာတလိနတ်သားအား အကူအညီတောင်း၍ ပေးခဲ့သည့် အကြောင်းတို့အား ကရားရေလွှတ်၊ ရေပက်မဝင်ဟန်ပန်အမူအရာတို့ဖြင့် ရွှန်းရွှန်းဝေအောင် ပြောပြလိုက်လေသည်။

"ဟာ . . ဇီးကွက်မ၊ နင် ရူးနေလား။ ဘယ့်နှယ် သုသာန်မှာ နတ်သားနဲ့ တွေ့ရတယ်လို့။ အဲဒါ . . မာတလိနတ်သား ဖြစ်ချင်မှ ဖြစ်မယ်။ ဘယ်က ကလိမ်ကကျစ်ကောင်တွေနဲ့ ဆုံခဲ့လဲ မသိဘူး"

"ဘုရားစူးရပါစေရဲ့တော် . . ကျုပ် တကယ်တွေ့ခဲ့၊ ကြုံခဲ့တာပါ နတ်သားမှ နတ်သားအစစ်။ ကိုယ် ရောင်ကိုယ်ဝါတွေဆိုတာ ဖိတ်ဖိတ်ကိုလက်နေတာပဲ"

"နင်ကသာ စွတ်ယုံနေ။ ငါတော့ မယုံဘူး။ ငါ့ သမီး လက်ဝတ်လက်စားတွေ ကုန်ပါပြီ။ ငါအဲဒီကိုလိုက်မယ်"

ပြောပြောဆိုဆိုနှင့် ဦးဘိုကေလည်း မြင်းစောင်းတွင်ရှိသည့် မြင်းတစ်ကောင်ကိုထုတ်ကာ လွှားခနဲ ခုန်တက်ရင်း "ငါ့သမီး လက်ဝတ်ရတနာတွေ လိမ်ယူသွားတဲ့ကောင်တွေ၊ ဘိုကေနဲ့တွေ့ကြပြီပေါ့ကွာ"ဟု ကြိမ်းဝါးလျက် စီးနင်းထွက်ခွာသွားလေသည်။

ထိုအချိန်မှာတော့ ကဇော်သမားကြည်သိန်းသည် နတ်ဝတ်တန်ဆာတွေကိုချွတ်ရင်း ဖဲဝိဇ္ဇာညွန့်တင်နှင့် ဝေစုခွဲနေသည်။ လူမြင်သူမြင် မခံနိုင်သည်မို့ ခပ်မြင့်မြင့်ဂူနှစ်လုံးကိုကွယ်၍ ဝေစုခွဲနေကြခြင်းဖြစ်သည်။

"ခုရှုပ်မှ နောင်ရှင်းတဲ့ကွ။ မင်းနဲ့ငါ ကတိစကားအတိုင်း တစ်ယောက်တစ်ဝက်ကွနော်"





"ဟုတ်ပါတယ် ဖဲဝိဇ္ဇာရယ်။ ငါကလည်း ဘာတွေ တွေးနေလို့လဲ။ တို့လုပ်တာ ဒေါ်ဇီးကွက်ကြီး မရိပ်မိလောက်ပါဘူးနော်"

"မရိပ်မိပါဘူးကွာ။ မင်းသရုပ်ဆောင်တာ တကယ့်ကို ကွက်တိပဲ။ ငါလည်း ဝေစုခွဲထားတဲ့ ပစ္စည်းတွေကို မြို့တက်ထုခွဲပြီး တစ်လကိုးသီတင်းလောက်တော့ မွေလိုက်ဦးမယ်။ မင်းလည်း လက်ထဲ ငွေလျှံတယ်ဆိုပြီး တစ်နေကုန်တစ်နေခန်း သောက်မနေနဲ့ဦး။ အန်ဖတ်ဆိုပြီး ဘုန်းကြီးစားသွားဦးမယ်"

"အေးပါကွာ . . အေးပါ"

"ဟော . . မြင်းခွာသံကြားတယ်။ သုသာန်ထဲကို ဝင်လာတာ ဖြစ်မယ်။ ဝပ် . . ဝပ် . . အသာဝပ်"

တခွပ်ခွပ်နှင့် ညီညာသော ခွာသံပြုလျက် မြင်းညိုကြီးသည် သုသာန်အတွင်း ဝင်ရောက်ကာ မအိမ်သူ၏ မြေပုံရှိရာသို့ ဦးတည်သွားလေသည်။ မြေပုံသို့မရောက်ခင် မြင်းသည် တုံ့ခနဲရပ်သွားလေသည်။

"ဟာ . . ဦးဘိုကေကြီး"

"ဟာ . . ဟုတ်ပါရဲ့၊ ပြဿနာပဲ။ ဒေါ်ဇီးကွက်ကြီး ပစ္စည်းတွေထားခဲ့တာ မကျေမနပ်ဖြစ်ပြီး လာတာဖြစ်မယ်။ လက်ထဲမှာလည်း ဝါးဆစ်ပိုင်းကြီးနဲ့၊ အခြေအနေမကောင်းဘူး"

"ဟော . . ဟော မြင်းကြီးကို ဇရပ်တိုင်မှာချည်ပြီး သူ့သမီးမြေပုံဘက် ထွက်သွားပြီ"

"ဟာ . . ဒါဆိုအပိုင်ပဲ။ ကြည်သိန်း . . မင်းဒီမှာ အသာနေ။ ဦးဘိုကေရဲ့မြင်းကို ငါသွားပြီး မ,လာခဲ့ မယ်။ ပြီးတော့ နှစ်ယောက်သား မြင်းစီးပြီးလစ်ကြမယ်။ ရွာအပြင်ရောက်တော့ မင်း . . ဆင်းနေခဲ့။ ငါတော့ မြို့ဖက်ကူးမယ် မြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရောင်းစားခဲ့မယ်"

"မင်းကတော့ကွာ . . ၊ ဖဲဝိဇ္ဇာလို့ မပြောရဘူး။ အကွက်ကို အတော်မြင်တတ်တဲ့ကောင်။ ကဲ . . . ကောင်းသလိုပဲ ကြည့်စီစဉ်ပါ"

ဦးဘိုကေကား နတ်သားမာတလိကို တွေ့လိုဇောနှင့် ဘယ်ဝယ်တောင်မြောက် ရော်ရမ်းမှန်းဆ၍ ပြူးပြူးပြဲပြဲ ကြည့်ပါသေး၏။ နတ်မပြောနှင့်၊ လူရိပ်လူယောင်တောင်မှ မမြင်ရ။ သမီး၏မြေပုံပေါ်၌လည်း ဘာပစ္စည်းအကြွင်းအကျန်မျှ မရှိ။ ထိုအချိန်မှာပင် မြင်းဟီသံကို ကြားရသည်။ ဟီသံနှင့်တစ်ဆက်တည်း တဖြောင်းဖြောင်းနှင့် မြင်းခွာသံကို ကြားလိုက်ပြန်ရာ ဇရပ်ဆီ အမြန်လှည့်လာခဲ့၏။

"ဟာ . . သွားပါပြီ၊ . . ငါ့မြင်းကို မ,သွားပြီ"

မြင်းခွာသံကား တဖြောင်းဖြောင်း။

ဖုန်လုံးကြီးတွေကြားမှာတော့ မြင်းကိုမ,သွားသူအား မောင်မြှူမောင်မဲ ဦးဘိုကေ မဝေခွဲတတ်တော့။ မီလိုမီငြား အပြေးလိုက်ပါသေးသည်။ မောပန်းခြင်းသာ အဖတ်တင်သည်။ လုံးဝ လိုက်မမီတော့။

"အင်း . . အိမ်ပြန်ရောက်လို့ မြင်းပြန်ပါလာတာ မတွေ့ရင် ငါ့ကို ဇီးကွက်တော့ ဘယ်လောက် ဗျစ်တောက်ဗျစ်တောက် လုပ်လိုက်မလဲ မသိဘူး"

လမ်းတစ်လျှောက်လုံး ဦးဘိုကေ စိတ်တွေ လေးလံနေခဲ့သည်။ အိမ်ပြန်ရောက်တော့ ဒေါ်ဇီးကွက်သည် လင်တော်မောင်ပြန်အလာကို စောင့်စားနေပုံရလေသည်။

"ဟယ် . . ကိုဘိုကေ ပြန်လာပြီ။ ဘယ့်နှယ် . . မာတလိ နတ်သားနဲ့ တွေ့ခဲ့တယ်မဟုတ်လား။ ကျုပ် ပြောတာ ယုံပြီမဟုတ်လား"

ဤ၌ ဦးဘိုကေ၏ မျက်နှာသည် မန်ကျည်းသီးတစ်ဝက်၊ ထန်း





လျက်တစ်ဝက်ကို မျိုလိုက်ရသည့်အလား မချိုမချဉ်ဖြစ်ရင်း တံခွန်စေားကို ပြောလေတော့၏။

"တွေ့ပါကွာ . . တွေ့ပါ။ ငါတောင်မှ သမီးကလေး နတ်ပြည်မှာ အနေရအစားရချောင်ပြီး မျက်နှာသာရအောင်လို့ သိကြားမင်းကြီးရဲ့ စီးတော်ယာဉ်မှာအသုံးပြုဖို့ မြင်းတောင် လာဘ်ထိုးခဲ့သေးတယ် ဇီးကွက်ရေ . . အဟေ့ . . . ဟေ့ . . ဟေ့"



www.burmeseclassic.com

www.burmeseclassic.com









**အချိန်**

**ကာလ**

**တွေထ** တရွေ့ရွေ့နှင့် ကုန်လွန်လာခဲ့ကြပေပြီ။

တိုးမောင်သည်လည်း ဘွားရွှေစာ၏မျက်စိအောက်မှ အပျောက်ခံနိုင်သော သူငယ်နှပ်စားလေးမဟုတ်တော့။ ကာလသား လူပျိုပေါက်အရွယ်ပင် ရောက်ခဲ့ပါချေပြီ။ ဘွားရွှေစာက တိုးမောင် လူရေလည်အောင်ဆိုပြီး ရွာဦးဘုန်းတော်ကြီးကျောင်း၌ အပ်ထားပေး၏။ သည့်အတွက်ဆရာတော်ကြီးသင်ပေးသည့် မင်္ဂလသုတ်တို့၊ နမက္ကာရ ရတနာရွှေချိုင့်တို့ကိုလည်း ဒိုးဒိုးဒေါက်ဒေါက် ရနေပေပြီ။

"ဒကာမကြီးရဲ့မြေးက အင်မတန်ဉာဏ်ကောင်းတာပဲ။ လူရေလည်း တော်တော်လည်တယ်။ ကျုပ်ရဲ့ ဝေယျာဝစ္စတွေ၊ ကျောင်းရဲ့ဝေယျာဝစ္စတွေကိုလည်း တစ်ခုကလေးမှ မလစ်ဟင်းစေရဘူး။ တစ်နေ့တော့ မြို့ကဒကာတွေနဲ့ ဆက်သွယ်ပေးပြီး ကြီးပွားတိုးတက် အောင် လုပ်ပေးရမယ်"

"တင်ပါ့ဘုရား"

ကျောင်းထိုင်ဘုန်းတော်ကြီး၏ ချီးမွမ်းစကားကြောင့် ဘွားရွှေစာ



www.burmeseclassic.com

www.burmeseclassic.com



မှာ တပြုံးပြုံး။

တိုးမောင်အဖို့ ကျောင်းအိပ်ကျောင်းစား ဖြစ်သဖြင့် မနက်အရုဏ်မတက်ခင် အိပ်ရာမှထရသည်။ ဆွမ်းချက်ဆောင်မှာ မီးမွှေးရေနွေးကျိုရသည်။ ဆရာတော်ကြီးအတွက် ယာဂုကို စီစဉ်ပေးရသည်။ ထိုအချိန်တွင် ဖိုးသူတော်ကြီးက အရုဏ်ဆွမ်းချိုင့်ချထားသော အိမ်များဆီသို့ ဆွမ်းချိုင့်များ သွားယူရသည်။

တိုးမောင်အနေဖြင့် ဆွမ်းခံချိန်ကျလျှင် ဆိုင်းထမ်းကိုထမ်းကာ 'ဆွမ်းတော်ဗျို့' ဟစ်ရသည်။ ဆွမ်းခံပြန်လာလျှင် ဘုရားဆွမ်းကပ်ဖို့ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးဖို့ စီစဉ်ပေးရပြီး ကျောင်းရေတွင်းသို့သွားကာ ဆရာတော်ကြီး၏သင်္ကန်းများကို လျှော်ဖွပ်ပေးရသည်။ နေ့လယ်နေ့ခင်း၌ စာအံရသည်။ ညနေဘက်ရောက်လျှင်တော့ အားလပ်ချိန်ရပြီမို့ ရွာတွင်းတစ်အောင့်တစ်နား လျှောက်ချင်လျှောက်၊ ဒါမှမဟုတ် ကပ္ပိယကြီး ဦးစံမတူ၏ ဖိုထိုးရုံသို့သွားကာ လောကဓာတ်ပညာများကို လေ့လာရသည်။ ထိုအချိန်၌ ကျောင်းဒကာကြီးဘိုးသံလုံးကလည်း စကားစမြည်များ လာရောက်ပြောဆိုတတ်သည်။ သူတို့နှစ်ဦးမှာ ငယ်စဉ်ကပင် ခင်မင်ရင်းနှီးကြသူများပီပီ ပြောမနာဆိုမနာနှင့်။

ဟော ခုလည်း ကပ္ပိယကြီးနှင့် တိုးမောင်တို့ရှိနေကြစဉ် ကျောင်းဒကာကြီးဘိုးသံလုံး ရောက်လာသည်။ သည့်အတွက် ဧည့်ဝတ်ကျေစေရန် ကွမ်း၊ ဆေးလိပ်၊ ရေနွေးကြမ်းတို့ကို တိုးမောင်က အလိုက်တသိ စီစဉ်ပေးရသည်။ သို့ဖြစ်၍ ကပ္ပိယကြီးကလည်း တိုးမောင်ကို ချစ်သလို ကျောင်းဒကာကြီးကလည်း တိုးမောင်ကို ခင်တွယ်သည်။

"ဟောဒီမှာ ကြည့်စမ်းပါဦး ကျောင်းဒကာကြီးရယ်။ ကျုပ်ဓာတ်လုံးက အတော်ကလေး ဟုတ်နေပြီဗျ ဟဲ ဟဲ"

ကပ္ပိယကြီးက သူအပတ်တကုတ် အားထုတ်ရင်း ဖြစ်တည်လာခဲ့သည့် ဓာတ်လုံးကို သံဘူးတစ်ဘူးထဲမှဆွဲထုတ်ကာ စွပ်ကျယ်တစ်စဖြင့်





ခွတ်တိုက်လိုက်လေသည်။

"ရော့ . . ကျုပ်ဓာတ်လုံးကို ကြည့်စမ်းပါဦး . . ကျောင်းဒကာရဲ့"

သည်သို့ ပြောဆိုပြီး ၎င်း၏ဓာတ်လုံးကို ကျောင်းဒကာကြီး၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။ ကျောင်းဒကာကြီးကလည်း ကပ္ပိယကြီး၏ဓာတ်လုံးကို တဆဆလုပ်ရင်း . . .

"အင်း . . ကပ္ပိယကြီးရဲ့ ဓာတ်လုံးဟာ ကျုပ်ကြားဖူးတဲ့ ကဗျာလေးတစ်ပုဒ်လို ဖြစ်နေပြီ"

"ဘယ်လိုများပါလိမ့်၊ ကြားရအောင် လုပ်စမ်းပါဦးဗျ"

"အဟမ်း . . အဟမ်း . . ကဗျာလေးက အချိုးကဗျာလေးဗျ . . ဘာတဲ့ . . .

'တိုက်လျှင် ပြောင်

ဆောင်လျှင် လေး။

မယုံလျှင် ရေစိမ်သောက်

သေးပေါက်တဲ့ ဆေး' . . . တဲ့ ကပ္ပိယကြီးရဲ့"

"ဝါး . . ဟား . . ဟား . . ဟား"

ကပ္ပိယကြီးခမျာ အောင့်သီးအောင့်သက် ဖြစ်သွားသလောက် ဖိုဘေးတွင်ရှိနေသော တိုးမောင်မှာတော့ သဘောကျလွန်း၍ တဟီးဟီး တဟားဟား။

"ခင်ဗျားတို့ အဲဒါတွေခက်တာပေါ့ ကျောင်းဒကာကြီးရဲ့။ ထောင်တန်တဲ့ကိစ္စကို ရယ်ပေါ့လုပ်ပစ်ကြတယ်။ 'ပြဒါးသေ တစ်ဆွေဝ၊ သံသေတစ်ပြည်ဝ' တဲ့ ဗျ။ ဒီဓာတ်လုံးက ပြဒါးသေဖို့ အဆင့်နည်းနည်းပဲ ကျန်တော့တယ်။ ကျွေးရမယ့် ရွှေလည်း ကျွေးပြီးနေပြီ။ ကျုပ်မှာရထားတဲ့ သိုက်ညွှန်းစာအရဆိုရင် စာပါအတိုင်း အဓိပ္ပာယ်တိကျအောင်ဖော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းကလေး လုံ့လဥဿာဟစိုက်လိုက်ရင် အဆင်ပြေပြီ။ ရွှေကို ဆပ္ပားတိုးအောင် လုပ်နိုင်ပြီ။ အဲဒီကျရင် ခင်ဗျားလို ကျောင်းဒကာတောင်မဟုတ်ဘူး၊ ကျုပ်က ရဟန်းဒကာ၊ သိမ်ဒကာ၊ ကျောင်းဒကာ၊ ဘုရားဒကာတောင် လုပ်လိုက်ဦးမှာ"

"အဟာ . . ဟ . . လုပ်ပါဗျာ . . လုပ်ပါ။ ခင်ဗျား လုပ်မယ့် အလှူတွေမှာ ဝိုက်ခွေးနမ်းအောင် လွှတ်ကို တီးပစ်လိုက်မှာ"

"တီးပါဗျာ . . တီးပါ . . တီးပါ။ ဇွဲဇကာပုဏ္ဏားလို စားပိုးနင့်အောင် တီးစမ်းပါ . . ။ ကျုပ်တို့အလုပ်က ခင်ဗျားတို့လို ဝိပဿနာအလုပ်မျိုး မဟုတ်ဘူးဗျ"

"မဟုတ်ဆို ကျုပ်တို့အလုပ်က လောကုတ္တရာအလုပ်လေ။ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါးကို ဖွင့်တဲ့အလုပ်ပဲဟာ"

"လောကုတ္တရာလည်း လောကုတ္တရာအလျောက်၊ လောကီလည်း လောကီအလျောက်ပေါ့ဗျာ။ ပုဂံပြည်တို့၊ ရှင်အဇ္ဇဂေါဏတို့၊ ဘိုးဘိုးအောင်တို့ ကာလတုန်းကဆိုရင် မွဲတဲ့သူတွေ လှူဒါန်းနိုင်အောင်၊ ကျောင်းဆောက်ပြီး ဘုရားပါတည်နိုင်အောင် ဖိုထိုးပြီး ထွက်ရပ်ပေါက်သွားကြရင်း ပြည်သူပြည်သား ဆင်းရဲသားတွေကို မ, ခဲ့သေးတယ် မဟုတ်လား။ ကျုပ်လည်း ပြောလို့မရဘူး။ ကျုပ်မှာရှိနေတဲ့ စာဍွန်းကို အမှန်ဖော်ထုတ်နိုင်ပြီးရင် ယောဒီ ပေါက်တော ကုန်းတစ်ရွာလုံးကို ချမ်းသာအောင် မ, ပစ်လိုက်မယ်"

"မ,ပါဗျာ . . မ,ပါ။ ဒါဏာက် ခင်ဗျားရဲ့ စာဍွန်းက ဘယ်မလဲဗျ . . ပြစမ်းပါဦး"

ကပ္ပိယကြီးသည် ၎င်း၏ ညစ်ထပ်ထပ် တိုက်ပုံအေား





အတွင်းမှ ဝါကျင့်ကျင့် စာရွက်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ သည်တော့ ကျောင်းဒကာကြီးက . . .

"ကဲ . . တိုးမောင်၊ ကျယ်ကျယ်လေး ဖတ်စမ်းကွာ"

တိုးမောင်လည်း စာရွက်ကိုဖြန့်၍ ဖတ်လိုက်သည်။

"ကြွက်ပေါင်းများစွာ၊ အိုးထဲမှာ၊ နာနာဟိုင်း နှင့်ပျိုး။ ကြွက်ပျော့ကော၊ အို . . ဗျူ၊ ပဥ္စနှန်း သင့်ထိုး။ ဗျူ၀န်းရုံ ပတ်ပြီးပြန်၊ ထပ်မံစွယ်စုံထိုး။ ဟိုင်းမင်းပြန်ကြွ၊ ကုန်လေက၊ မူလဓာတ် ဖြစ်ရိုး။ လှူဒါန်းမပျက်၊ ကုသိုလ်ဆက်၊ ဘ၀င်ကျော်ဟိုးဟိုး"

"အင်း . . တော်တော်လည်း နက်နဲတာပဲ။ လောလောဆယ်တော့ မဖော်ထုတ်နိုင်သေးဘူးဗျာ။ မန္တန် ပေါင်းချုပ်တို့၊ အင်္ဂရတ်ကျမ်းတို့ ပုရပိုက်တို့ရှာပြီး အဓိပ္ပာယ်ကိုဖော်ထုတ်မှ ရလိမ့်မယ်။ ကပ္ပိယကြီး"

"အေးဗျာ . . ကူညီနိုင်ရင် ကူညီပါဦး။ ကျုပ်က အဲသလောက် စာမသွားဘူးဗျ။ အဲဒီစာဍွန်းကို ဖော်ထုတ်နိုင်ရင် ကျုပ်ဓာတ်လုံး မှော်အောင်ပါပြီဗျာ။ အဲဒီ အခါကျရင်ကျောင်းဒကာကြီးတို့ရဲ့ ကျေးဇူးကို မမေ့ပါဘူး"

"ရပါတယ်ဗျာ။ ကိုယ့်ချင်းကိုယ့်ချင်းတွေပဲဟာ။ အဲ နေဦး၊ ရန်ကုန်ကရောက်လာတဲ့ ကျုပ်တူတစ်ယောက်ရှိတယ်။ သူက ဂမ္ဘီရပညာတွေ လေ့လာလိုက်စားပြီး ဂန္ဓာရီလှည့်နေတာဆိုတော့ ကပ္ပိယကြီးရဲ့ အခက်အခဲကို ကူညီနိုင်လိမ့်မယ် ထင်တယ်။ အဲ . . သည်တော့ ညနေကျရင် တိုးမောင်ကို လွှတ်လိုက်ဗျာ။ ကျုပ်တူနဲ့တွေ့ပေးပြီး စာဍွန်းကို ဖော်ထုတ်ခိုင်းမယ် . . ဟုတ်ပလား"

"ဟန်ကျတာပေါ့ . . ကျောင်းဒကာကြီးရယ်။ ကျေးဇူး



www.burmeseclassic.com

ပါပဲ"

ကျောင်းဒကာကြီးကလည်း ရေနွေးကြမ်းသောက်လိုက်၊ ဆေးပေါ့လိပ်ကလေး ဖွာလိုက်၊ ကွမ်းကလေး ဝါးလိုက်၊ လေကလေး ဖောလိုက်ဖြင့် အချိန်အတန်ငယ်ဖြုန်းပြီးသည့်နောက် ကျောင်းပရိဝုဏ်တွင်းမှ ပြန်ထွက်သွားလေသည်။

"ကိုင်း . . ညနေကျရင် ကျောင်းဒကာကြီးအိမ်ကို သွားပေးပါဦးကွာ။ နော် . . တိုးမောင်"

"စိတ်ချပါ . . ကပ္ပိယကြီးရယ်။ ကျွန်တော် ကပ္ပိယကြီးအတွက် အကျိုးဆောင်ပေးပါ့မယ်။ ကိုင်း . . ကျွန်တော် ကျောင်းကို ရေနံသုတ်ဖို့ သွားလိုက်ဦးမယ် ကပ္ပိယကြီး"

"အေးပါကွယ် . . အေးပါ"

တိုးမောင်လည်း ကပ္ပိယကြီးကို နှုတ်ဆက်လျက် ကျောင်းတိုင် ရေနံသုတ်ရန် ဖိုရုံအတွင်းမှ ထွက်လာခဲ့လေ၏။



BURMESE CLASSIC .com



ကျောင်းဒကာကြီး အိမ်ကို တိုးမောင်ရောက်တော့ ညနေစောင်းလုလု ရှိပြီပင်။

"ဟာ . . တိုးမောင်ကြီး၊ လာကွာ။ အတော်ပဲ . . ငါ့တူကလည်း မင်းကိုတွေ့ချင်နေတာ . . လာ . . လာ"

ကျောင်းဒကာကြီးက ရင်းနှီးဖော်ရွေစွာဖြင့် တိုးမောင်ကို ဆီးကြိုလိုက်သည်။ အိမ်ဦးခန်းမှာတော့ အသားလတ်လတ်၊ မျက်လုံးပြူးပြူး၊ သျှောင်တစောင်းနှင့် အသက် (၃၀) ခန့် လူရွယ်တစ်ဦးကို တွေ့လိုက်ရသည်။ လည်ပင်းမှာလည်း ပုတီးကုံးကြီးနှင့်။

"တိုးမောင်ရေ . . ဒါ ငါပြောတဲ့ မြို့က ငါ့တူဆို တာပဲ။ 'ဂန္ဓာရီဆရာပြူး'တဲ့ကွ။ ငါ့တူ ဆရာပြူးရေ ဟောဒါ ငါ့သားသမီးလို ဖြစ်နေတဲ့ ပေါက်တောကုန်းရွာသား 'မောင်တိုးမောင်' . . တဲ့"

နှစ်ဦးသား ရင်းနှီးချစ်ကြည်စွာဖြင့် အပြန်အလှန် ပြုံးမိကြသည်။

www.burmeseclassic.com



အသိအမှတ်ပြုကြသည့် သဘော။

"ကိုင်း ဆရာ့ကို ပြစမ်းပါဦးကွာ။ မင်းရဲ့ စာညွှန်းကို"

"ဟုတ်ကဲ့ . . အဆင်သင့်ပါပဲ ဆရာ"

တိုးမောင်က အသင့်ပါလာသော ကပ္ပိယကြီးထံမှ စာညွှန်းစာရွက်ကို ကမ်းပေးလိုက်သည်။ ဂန္ဓာရီဆရာပြူးလည်း အညွှန်းစာရွက်ကို ပြူးပြဲကြည့်ကာ ကျိုးတို့ကျဲတဲ မှတ်ဆိတ်ကျင်စွယ်တို့ကို ပွတ်သပ်ရင်း မျက်လုံးကလေးမှေးစင်းကာ မျက်လုံးထောင့်ကပ်လျက် တစ်ခုခုကို စဉ်းစားနေလေသည်။

"အင်း . . အင်း . . အင်း . . ဒီစာညွှန်းဟာ ဘယ်မန္တန်ကျမ်း၊ ဘယ်အဂ္ဂိရတ်ကျမ်းမှာမှ မပါဘူး။

'ကြွက်ပေါင်းများစွာ အိုးထဲမှာ၊ နာနာဟိုင်းနဲ့ပျိုး' ဆိုတာက . . မဟုတ်မှလွဲရော . . ဟုတ်ပြီ ဟုတ်ပြီ"

တစ်ဦးတည်း နှုတ်တက်ရွရွရွတ်ရင်း လက်ဖျောက်တစ်ချက်တီးလိုက်သည်။ မျက်နှာပြင်မှာလည်း ခက်ခဲသော ပုစ္ဆာတစ်ပုဒ်၏ အဖြေကို ရလိုက်သည့်အလား ဝင်းလက်သွားလေသည်။

"အင်း . . ကြွက်ပျော့ကော၊ အို . . ဗျတ္တ၊ ပဉ္စနှုန်း သင့်ထိုး။ ဗျတ္တဝန်းရံ၊ ပတ်ပြီးပြန်၊ ထပ်မံစွယ်စုံ ထိုး။ ဟိုင်းမင်းပြန်ကြွ၊ ကုန်လေက၊ မူလခတ် ဖြစ်ရိုး။ လျှဒါန်းမပျက်၊ ကုသိုလ်ဆက်၊ ဘဝင် ကျော်ဟိုးဟိုး . . ဟေး . . . ရပြီကွ . . ရပြီ။ ကိုင်း . . မောင်တိုးမောင်ရေ . . မင်း ဘုန်းကြီးကျောင်းကို ပြန်ရောက်တဲ့အခါ ကပ္ပိယကြီးကိုပြောလိုက်။ ဘာမှစိတ်မပူနဲ့။ နက်ဖြန်ကျရင် စာညွှန်းအတိုင်း လိုအပ်တာတွေ အပြည့်အစုံ လုပ်လာခဲ့မယ်လို့ ပြောချေ . . ဟုတ်ပလား"

"ဟုတ်ကဲ့ . . ဆရာပြူး"

ကပ္ပိယကြီးလည်း နားမလည်၊ ကျောင်းဒကာကြီးလည်း မသိ၊





တိုးမောင်လည်း သဘောမပေါက်သော ပဟေဠိဆန်ဆန် ဝေါဟာရများတွင်ကို ဂန္ဓာရီဆရာပြူးက အချိန်အနည်းငယ်အတွင်း အဖြေရပြီဟု ဆိုသဖြင့် တိုးမောင်အဖို့ ဆရာပြူးအား လွန်စွာမှ လေးစားသွားခဲ့ရပါ၏။

သည်အကြောင်းကို ကျောင်းပြန်ရောက်ပြီး ကပ္ပိယကြီးတို့ ပြောပြတော့ လွန်စွာမှ နှစ်ထောင်းအားရ ဖြစ်သွားသည်။

"ဟား . . . ဟန်ကျလိုက်လေ တိုးမောင်ရာ။ ငါတော့ ခတ်လုံးအားကိုးနဲ့ တစ်ရွာလုံးကို ချမ်းသာအောင် လုပ်ပေးနိုင်တော့မယ်။ မင်းကိုလည်း ထိုက်ထိုက်တန်တန် မ, စ မယ်ဟေ့။ ခုတောင် ငါ့ခတ်လုံးက တော်တော်ကလေးဟုတ်နေတာ။ ဗိုက်နာတာ၊ ဗိုက်အောင့်တာ၊ လေချုပ်တာတွေလောက်ကတော့ ရေစိမ်သောက်စရာတောင်မလိုဘူး။ ဗိုက်ပေါ် ခတ်လုံး တင်ပြီး ခပ်သာသာကလေး လှိမ့်ပေးရုံနဲ့ ပျောက်သကွ . . . အဟဲ . . ဟဲ"

"ကပ္ပိယကြီးတို့ အဂ္ဂိရတ်ပညာမှာ ကျွန်တော် သဘောမကျတာရှိတယ်"

"ဘာများတုံးကွ . . တိုးမောင်ရ"

"စာညွှန်းတွေရေးတဲ့အခါ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ရေးပါတော့လား။ ခုတော့ . . . ပဟေဠိဝှက်သလိုပဲ။ တဘောင်စာလိုလို ဘာလိုလိုနဲ့။ ဘယ်တော့မှ ရှင်းရှင်းလင်းလင်း မရှိဘူး။ ဒါကြောင့်လည်း ခဲထည့်ရမယ့်နေရာမှာ သွပ်ထည့်လိုထည့်၊ ရွှေထည့်ရမယ့်နေရာ ငွေထည့်လိုထည့်၊ ချိုင်ရေထည့်ရမယ့် နေရာမှာ ချီးရေဖျန်းလိုဖျန်းနဲ့ တိကျရေရာမှု မရှိလေတော့ အုလွဲလွဲအချော်ချော်တွေဖြစ်၊ လုံနဲ့မီးသွေးတွေ ဖြုန်းပစ်သလို ဖြစ်နေတော့တာပဲ"

"ဟာ . . ဒါကတော့ကွာ။ တို့များ အဂ္ဂိရတ်ပညာတို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့သေးသေး မဖြစ်စေချင်လို့ တကယ့်ပညာရှင်တွေက အလေးအနက်ထားစေချင်လို့ အဲသလိုမျိုး လုပ်ထားတာ နေမှာပါကွာ။ ငါ့ဒီခေါင်းလုံးက ရွှေဖြစ် ငွေဖြစ်ပြီးသွားရင် ငါ့ကိုယ်ငါ ထွက်ရပ်ပေါက်အောင်လည်း ကျင့်ဦးမယ်ကွာ။ လောကမှာ ကြိုးစားရင် ဘုရားတောင်ဖြစ်သေးတယ်ဆိုတဲ့ စကားလည်း အရှိသားပဲ။ ထွက်ရင်အသေထွက် မထွက်ဘူး။ အရှင် ထွက်ပဲထွက်မယ်။ ဒီအသက်ဒီခန္ဓာနဲ့ အရိမေတ္တေယျ ဘုရားရှင်ကိုဖူးပြီး ကျွတ်တမ်းဝင်မယ်ကွာ"

ကပ္ပိယကြီးကား သူ့စကားနှင့်သူ နေသားတကျဖြစ်နေသည်။ တိုးမောင်လည်း ဆရာတော်ကြီးအား ဝတ်ဖြည့်စရာရှိသည့်အတွက် ကပ္ပိယကြီးကိုနှုတ်ဆက်လျက် ကျောင်းပေါ်သို့တက်ရန် ခြေဦးလှည့်လိုက်လေသတည်း။





**နောက်**

**တစ်**

**နေ့တို့** ကူးလာခဲ့ပါချေပြီ။

သည်နေ့၌ စိတ်လှုပ်ရှားနေကြသူတို့မှာ ကပ္ပိယကြီးနှင့် တိုးမောင်တို့ ဖြစ်ကြသည်။ ကျောင်း၏ ဆွမ်းကွမ်းဝေယျာဝစ္စများ တာဝန်ကျေအောင် လုပ်ဆောင်ပေးပြီးသည့်နောက် တိုးမောင်လည်း ကပ္ပိယကြီး ရှိရာ ဖိုရုံသို့ ရောက်သွားခဲ့လေသည်။

"ဟော . . ကျောင်းဒကာကြီးနဲ့ ကျောင်းဒကာကြီးရဲ့တူ ဂန္ဓာရီဆရာပြူးတို့ လာနေကြပြီ . . ကပ္ပိယကြီးရေ . . ."

"ဟေ ဟုတ်လား။ ကွမ်း၊ ဆေး၊ လက်ဖက်၊ ရေနွေးကြမ်းတွေ လုပ်ကွာ။ ပညာရှင်ကို လေးလေးစားစား ဧည့်ဝတ်ပြုရမယ်"

"စိတ်ချပါ . . ကပ္ပိယကြီးရဲ့။ ဂန္ဓာရီဆရာပြူးဟာ အင်မတန်တော်တဲ့ ပုဂ္ဂိုလ်ဆိုတာ မနေ့ကတည်းက ကျွန်တော် အကဲခတ်မိပြီးသားပါ"

မကြာခင်မှာပင် ကျောင်းဒကာကြီးတို့ ကပ္ပိယကြီးပမြန်းသည့်



www.burmeseclassic.com

www.burmeseclassic.com



ဖိုရုံကလေးအတွင်းသို့ ဝင်လာကြသည်။ ဂန္ဓာရီဆရာပြူး၏ လက်ထဲမှာတော့ ဆွဲချိုင့်တစ်လုံး။

"ကိုင်း . . ကြွကြပါ။ ကွမ်း၊ ဆေး၊ လက်ဖက်၊ ရေနွေးကြမ်းတို့ သုံးဆောင်ကြပါဦး"

"ရပါတယ် ကပ္ပိယကြီးရယ်။ ကိုယ့်ချင်းကိုယ့်ချင်းတွေပဲဥစ္စာ။ အထူးဧည့်သည်တွေမှ မဟုတ်ဘဲနဲ့"

ကျောင်းဒကာကြီးက ၎င်း၏တူ ဂန္ဓာရီဆရာပြူးနှင့် ကပ္ပိယကြီးအား မိတ်ဆက်ပေးသည်။

"ကျုပ်က မနေ့တုန်းက မောင်ဒီတိုးမောင် ပြောပြထားကတည်းက ဆရာပြူးကို သိပ်တွေ့ချင်နေတာ။ ကျွန်တော်တို့လုံးဝအဓိပ္ပာယ်ဖော်မရတဲ့ အညွှန်းစာကို ဆရာပြူးကတအောင့်ကလေးနဲ့ အဓိပ္ပာယ်ဖော် ထုတ်နိုင်တယ်ဆိုကတည်းက လေးစားနေတာဗျ"

"ဘာမှ ခဲခဲယဉ်းယဉ်း မဟုတ်တာပဲ ကပ္ပိယကြီးရယ်"

"ဒါဖြင့်ရင် အဓိပ္ပာယ်ကို ပြောပြပါဦး"

"အင်း စာညွှန်းရဲ့ အဓိပ္ပာယ်ကတော့ . . ကဲ တိုးမောင်ရေ၊ ပန်းကန်ပြား အလွတ်တစ်ချပ်လောက် ဆရာ့ကိုပေးပါဦး"

"ဟုတ်ကဲ့ . . ဆရာပြူး"

တိုးမောင်လည်း သွက်လက်ချက်ချာစွာဖြင့် ပန်းကန်စင်မှ ပန်းကန်ပြားတစ်ချပ်ကို ယူပေးလိုက်သည်။ ဂန္ဓာရီဆရာပြူးလည်း ပန်းကန်ပြားရသည်နှင့် ၎င်း၏ တစ်လုံးချိုင့်ကိုဖွင့်ကာ ပန်းကန်ပြားထဲသို့ မှောက်ချလိုက်သည်။

"ဟင် . . ကောက်ညှင်းထုပ်တွေပါလား"

"ဟုတ်တယ်လေ . . ကောက်ညှင်းထုပ်တွေ၊ ဖက်တွေဖြေ





ပြီး စားပါဦး"

ဧည့်သည်က အိမ်ရှင်ကို ကောက်ညှင်းထုပ်ဖြင့် ဧည့်ခံနေသောကပ္ပိယကြီးနှင့်တိုးမောင်မှာ မျက်နှာမထားတတ်အောင် ဖြစ်နေသည်။

"စားပါ့မယ် ဆရာပြူးရယ်။ ကောက်ညှင်းထုပ်က တကယ့်ကို စေးပိုင်နေတာပါပဲ။ ကဲ . . ဒါထက် ကျွန်တော်တို့ သိပ်သိချင်နေတဲ့ စာညွှန်းကလေးရဲ့ အဓိပ္ပာယ်ကို လုပ်စမ်းပါဦးဗျာ"

"ဒါပဲလေ . . . ဒါပဲပေါ့။ စာညွှန်းရဲ့ အဓိပ္ပာယ်ဟာကောက်ညှင်းထုပ်ပဲပေါ့ ကပ္ပိယကြီး"

"ဟာ . . မဟုတ်တာ။ စာညွှန်းနဲ့ကောက်ညှင်းထုပ်ကဘာဆိုင်လို့လဲ"

"ဆိုင်ပါသော်ကောဗျာ။ ကိုင်း . . ကျုပ် သေသေ ချာချာရှင်းပြမယ် . . .

ပထမ 'ကြွက်ပေါင်းများစွာ အိုးထဲမှာ၊ နာ နာဟိုင်းနှင့်ဖို့'ဆိုတာမှာ ကြွက်က ကြာသပတေး သည်တော့ ပ၊ ဖ၊ ဗ၊ ဘ၊ မ ဆိုတဲ့နေရာမှာ ပစောက် 'ပဲ'လို့မှတ်။ အဲ . . အဲဒီပဲ . . ပဲလွန်းပေါ့ဗျာ။ ပဲလွန်းကို အိုးထဲထည့်၊ ပြီးရင် 'ဟိုင်း' ဆိုတာက ဆင် ကိုပြောတာ။ ဆင်ဆိုတော့ ဗုဒ္ဓဟူးနံဖြစ်တဲ့ ရေနဲ့စိမ်ရမယ်လို့ ဆိုလိုတာဗျ"

"ဟုတ်ပဗျာ . . ဟုတ်ပ"

ဂန္ဓာရီဆရာပြူး၏ ရှင်းလင်းချက်ကို ဦးလေးတော်သူ ကျောင်းဒကာကြီးက လက်ခုပ်လက်ဝါးတီးလျက် အားပါးတရထောက်ခံနေ၏။ ကပ္ပိယကြီးနှင့် တိုးမောင်တို့မှာမူ ပါးစပ်အဟောင်းသား။

"အဲ . . . ပဲလွန်းကို အိုးထဲမှာရေစိမ်တာ ဟုတ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက် . . . ဆက်ပါဦး"

"လာမယ်လေ . . လာမယ်။ သူ့စာညွှန်းကလည်း အဆင့်မကျော်ပါဘူး။ တစ်ဆင့်ချင်းပဲလေ။ နောက်တစ်ခုက 'ကြွက်ပျော့ကော၊ အို . . ဗျဂ္ဃ ပဥ္စနှုန်းသင့်တိုး' ဆိုတဲ့နေရာမှာ ဗျဂ္ဃ ဆိုတာ ကျားကိုပြောတာ။ ကျားဆိုတာက တနလ်ာနံ။ သည်တော့ ကောက်ညှင်းပေါ့။ အဲဒီကောက်ညှင်းနဲ့ ကြွက်ပျော့ကောဆိုတဲ့ ပဲပျော့လာတဲ့အခါ ပဲတစ်ဆ၊ ကောက်ညှင်းငါးဆ ရောရမယ်လို့ ဆိုတာ"

"ဟာ . . ဒါလည်း ဟုတ်ပေတာပဲ"

ဂန္ဓာရီဆရာပြုး၏ရှင်းလင်းချက်ကို သည်တစ်ခါမတော့ ကျောင်းဒကာကြီး တစ်ဦးတည်းသာမဟုတ်။ ကပ္ပိယကြီးနှင့် တိုးမောင်တို့ပါ အားတက်သရော ထောက်ခံလိုက်ကြသည်။ ဂန္ဓာရီဆရာပြုးကား အမွှန်းရနေပေပြီ။

"နောက် 'ဗျဂ္ဃဝန်းရံ၊ ပတ်ပြီးပြန်၊ ထပ်မံစွယ်စုံတိုး'ဆိုတဲ့ နေရာမှာ ဗျဂ္ဃဆိုတာ ကျား၊ သည်တော့ တနလ်ာနံပေါ့။ အဲဒီတော့ ကြံရွက်နဲ့ကောက်ညှင်းနဲ့ ရောထားတာကို ပတ်ရမယ်။ ပြီးရင် 'စွယ်စုံ' ဆိုတာ ဆင်ကိုပြောတာ။ ဆင်ဆိုတာ ဗုဒ္ဓဟူးနံ။ သည်တော့ ကြံရွက်နဲ့ ပတ်ထားတာကို ဝါးနှီးနဲ့ပတ်ပြီး ချည်ရမယ်၊ ရေထဲထည့်ပြုတ်ရမယ်လို့ ဆိုလိုတာ"

"သေချာလိုက်လေ . . . ဆရာပြုးရယ်။ နောက်တစ်ကြောင်းလေးလည်း လုပ်ပါဦး"

"အင်း . . နောက်တစ်ကြောင်းဖြစ်တဲ့ 'ဟိုင်းမင်း ပြန်ကြွကုန်လေက၊ မှုလဓာတ်ဖြစ်ရိုး'ဆိုတာ ဟိုင်းဆိုတာက ဆင်၊ ဆင်ဆိုတာက ဗုဒ္ဓဟူးနံ။ ဒီတော့ ရေနဲ့ပြုတ်လို့ ရေကုန်ခန်းပြီဆိုရင် ကောက်ညှင်းထုပ်ဟာ ကျက်တဲ့အဆင့်ရောက်





ပြီ။ အဲဒီအခါကျ 'လှူ ဒါန်းမပျက်၊ ကုသိုလ်ဆက်၊ ဘဝ ကျော်ဟိုးဟိုး' ဆိုတဲ့အတိုင်း ကောက်ညှင်းထုပ်တွေရတာနဲ့ လှူဒါန်းကျွေးမွေးရင် ကုသိုလ်တွေရမှာပေါ့။ ကုသိုလ်အားကောင်းရင် အပါယ်ငရဲပိတ်ပြီး အထက်ဘဝဂ်ဖြစ်တဲ့ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို လားရမှာပေါ့"

"ဟား . . မှန်လိုက်လေ ဆရာပြုးရယ်။ မှန်လိုက်လေ။ ကျုပ်မှာတော့လေ ဘယ်လိုမှ အဓိပ္ပာယ်မှန်ကိုမဖော်တတ်လို့ ဦးနှောက်ခြောက်နေတာ။ အင်္ဂရတ်အညွှန်းစာကို တောင်တောင်အီအီစဉ်းစားတာ အချိန်တွေတောင် တော်တော်ကုန်သွားတယ် . . ဟား . . ဟား . . ဟား"

"ဟား . . ဟား . . ဟား . . ဟား"

အားလုံး ပွဲအကျကြီး ကျပြီးသည့်နောက်မှာတော့ လေးဦးသား ကောက်ညှင်းထုပ် စေးစေးပိုင်ပိုင်အား ရေနွေးကြမ်းဖြင့် စားသောက်နေကြပါကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com









## သည်
## တစ်

**နှစ်** တိုးမောင်အဖို့ ကုသိုလ်ကံထူးသည်ဟု ဆိုရပါချိမ့်။

ဘာ့ကြောင့်ဆို သူ အင်မတန်ရောက်လိုလှသည့် ရန်ကုန်ရွှေမြို့တော်ကြီးနှင့်တကွ မြန်မာနိုင်ငံ၏ အသည်းနှလုံးဟု ဆိုလောက်သော လေးဆူဓာတ်ပုံ၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား မျက်ဝါးထင်ထင် ဖူးမြင်ကြည်ညိုနိုင်ခွင့် ရခဲ့သည်မဟုတ်ပါလော။

မြို့မှ ပေါက်တောကုန်းရွာသို့ အလှူလာခင်းကြသော ဒါယကာများ ရန်ကုန်ပြန်ကြတော့ ဓမ္မဒါန ဘုရားဖူးပို့ပေးလိုသည်ဟု ဆိုသဖြင့် ရေငတ်တုန်း စမ်းချောင်းတွေ့သည့်ပမာ တိုးမောင်တို့ ဝမ်းသာရွှင်မြူးသွားကြရသည်။ ဘွားရွှေစာကလည်း ခွင့်ပြုသလို ကျောင်းထိုင်ဆရာတော်ကြီးကလည်း ခွင့်ပြုသည်။ ကျောင်းဒကာကြီး ဘိုးသံလုံးဆိုလျှင် ရန်ကုန်ဘုရားဖူးသွားမည့် တိုးမောင်အား လမ်းခရီး၌သုံးစွဲရန် မုန့်ဖိုးပဲဖိုးတွေပင် ကြည်ကြည်ဖြူဖြူ ပေးလိုက်ပါသေး။

ရန်ကုန်မှ ဓမ္မဒါနရှင်များကြောင့် တိုးမောင်အဖို့ သူကိုယ်သူ 'လူဖြစ်ကျိုး နပ်လိုက်လေခြင်း'ဟုပင် ကြုံးဝါးမိသည့်အထိ၊ ဒါနရှင်တွေက

www.burmeseclassic.com





ရွှေတိဂုံစေတီတော်ကြီးအပြင် ဆူးလေ၊ ဗိုလ်တထောင်၊ ကျိုက်ခေါက်၊ ကျိုက်မော်ဝန်း ရေလယ်ဘုရား၊ ကမ္ဘာအေး၊ ကျိုက္ကဆံ၊ အဘယလာဘမုနိ၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး စသည်တို့အပြင် ပဲခူးရှိဘုရားတွေဖူးဖို့ပါ စေတနာပိုခဲ့ပြန်သည်။ သာဓု . . သာဓု . . သာဓုပါတကား။

တိုးမောင်တို့ တည်းခိုဖို့နေရာသည် ရွှေတိဂုံစေတီတော်ကြီးကို လှမ်းတွေ့ဖူးမြင်နေရသည့် ဗဟန်း (၂) လမ်းထဲမှာဖြစ်သည်။ ထို့ကြောင့် ပင် ရွာပြန်ရက်မတိုင်မီအချိန်များ၌ တိုးမောင်ဘာသာ တိုးမောင် သွားတတ်လာတတ်ပြီဖြစ်သဖြင့် ရွှေတိဂုံကုန်းတော်ပေါ်သို့ တက်ကာ အားပါးတရ ဖူးမြော်နေခဲ့လေတော့၏။

တစ်နေ့ ရွှေတိဂုံစေတီကို ဖူးမြော်ပြီး အရှေ့ဘက်စောင်းတန်းမှ ပြန်အဆင်း မမျှော်လင့်သော ပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရသည်။ အထက်အောက် ဝတ်ဖြူစင်ကြယ်နှင့်ဆိုတော့ ဟုတ်မှဟုတ်ပါ့မလား၊ မှန်မှမှန်ပါ့မလားဟူ၍လည်း ဝိဝါဒဖြစ်ရပြန်သည်။

"မလွဲပါဘူး . . မေးစေ့မှာမှဲ့ကြီးက ထင်းနေတဲ့ ဥစ္စာ"

သေချာပြီဟု ယူဆလေတော့မှ ထိုပုဂ္ဂိုလ်နားသို့ ပြေးကပ်လိုက်သည်။

"ဗျို့ . . ကိုမောင်တက်ကြီး၊ ဝလို့ဖီးလို့ပါလား။ ရွာကနေ ထွက်သွားကတည်းက ပြန်ကိုလှည့်မလာတော့ဘူး။ နေနိုင်လိုက်တာ။ ပျောက်ချက်သား ကောင်းလိုက်တာဗျာ"

"အယ် . . မင်း . . မင်း . . တိုးမောင် မဟုတ်လား"

"ဟုတ်ပါ့ဗျာ။ ပေါက်တောကုန်းက ဘွားရွှေစာရဲ့မြေး တိုးမောင်မှ တိုးမောင်အစစ်ပါ။ နေပါဦး။ ဘယ်လိုများ အကျွတ်တရားတွေရပြီး ဝတ်ဖြူစင်ကြယ်နဲ့ ဥပါသကာလုပ်နေရတာလဲ"

"ဟာ . . . ဒီကောင်တိုးမောင်၊ ပေါက်ပန်းဈေးတွေ လျှောက်ပြောရော့မယ်။ ဝတ်ဖြူစင်ကြယ်ဝတ်တာနဲ့ ဥပါသကာတဲ့လား။ ငါက ဥပါသကာမဟုတ်ဘူးကွ၊ အထက်ဝိုင်း ဘိုးတော်ကွ . . ဘိုးတော် ဘိုးတော်"

"ဟားဟားဟား . . ရယ်စရာတွေ ပြောတုန်းပဲလား ကိုမောင်တက်ရယ်။ ခင်ဗျားကြီးအကြောင်း မသိတာမှတ်လို့၊ ကျုပ်တင်မကဘူး၊ ပေါက်တောကုန်းက လူတွေအားလုံး အသိ"

"ဟေ့ . . ရှူး . . တိုးတိုးပြောပါကွ။ ဘေးပတ်ဝန်းကျင်တွေ ကြားသွားပါ့မယ်"

တိုးမောင်၏စကားကြောင့် ကိုမောင်တက်တဖြစ်လဲ ဘိုးတော်တက်လည်း ပတ်ဝန်းကျင်အား ကျီးကန်းတောင်းမှောက်ကြည့်ရင်း တိုးမောင်၏ပါးစပ်ကို လှမ်းပိတ်လိုက်သည်။

"ဟာ . . မှန်တဲ့အတိုင်း ပြောတာပဲဗျာ။ တည်းခိုတဲ့အိမ်မှာ ကျန်ခဲ့တဲ့ ကိုဆိတ်သိုးတို့၊ ဂျင်ကလိတို့လည်း ခင်ဗျားကို ကျုပ်ပြောတဲ့အတိုင်း ပြောကြမှာအမှန်ပဲ"

"အေး . . အဲဒါတွေ အသာထားလိုက်ပါကွာ။ လောလောဆယ် မင်းပါးစပ်ကလေး ပိတ်ပေးထားဖို့ အနူးအညွတ်တောင်းပန်ပါရစေ။ ငါတို့နဲ့မလှမ်းမကမ်းမှာ ငါ ဆေးကုပေးထားတဲ့ လူနာအိမ်ရှိနေလို့ပါ"

"အယ် . . ဘာဆေးဘာဝါးမှ နားမလည်တဲ့ခင်ဗျားက ဆေးတွေဘာတွေ ကုတယ် . . ဟုတ်စ"

"ဟာ . . ဒီကောင်တိုးမောင်၊ ပြောလေကဲလေ မန်းလေပြဲလေပါလား။ လာကွာ . . ဒီမှာ မိုးတိုးမတ်တပ်ကြီး ရပ်နေရတာ မကောင်းပါဘူး။ လာ . . ငါနဲ့ ငါ့အိမ်ကို လိုက်ခဲ့ မင်းကို ထမင်းကျွေးပါ့မယ်"

စိန်မိုးဟံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကောင်းတာပေါ့ဗျာ။ ခုထိ ဘာမှမစားရသေးလို့ ဗိုက်ထဲဆာနေတာဗျာ"

သည့်နောက် နှစ်ဦးသား ဆိုက်ကားတစ်စီးဖြင့် လိုက်ခဲ့ကြသည်။

"ခင်ဗျား အိမ်က ဘယ်မှာလဲ၊ သိပ်ဝေးသလား"

"သိပ်မဝေးပါဘူးကွာ။ ရှေ့လမ်းချိုးကလေး အတိုင်းဝင်လိုက်ပြီးရင် မကြာတော့ပါဘူး"

"အံ့သြစရာတော့ ကောင်းနေပြီ။ ဒါထက် အိမ်ငှားခ ဘယ်လောက်ပေးရသလဲဗျ"

"ဟ . . ငါက အိမ်ငှားပြီးနေတာ မဟုတ်ဘူး။ အိုးပိုင်အိမ်ပိုင်ကွ . . အိုးပိုင်အိမ်ပိုင်။ ဟောဟိုမှာတွေ့လား၊ အုတ်ပတ်ကားတက်ပြီး သွပ်ရောင်တွေ ပြောင်ပြောင်လက်လက်မိုးထားတဲ့ နှစ်ထပ်အိမ်ကြီး"

"ဟာ . . . တယ်ဟုတ်ပါလား။ ရန်ကုန်မြို့ ဒီလိုနေရာမျိုးမှာ ဒီလိုမျိုး အိမ်ကြီးအိမ်ကောင်းနဲ့ နေရတယ်ဆိုတော့ ခင်ဗျားရဲ့အစွမ်းအစက မသေးဘူး"

"အေး . . အဲသလို အမြင်ကြည်စမ်းပါကွာ။ ခေါက်ရိုးကျိုးနေတဲ့ အမြင်တွေ ပြောင်းပစ်လိုက်စမ်းပါ။ လောကမှာ လူနပ်ချမ်းသာတဲ့ကွ"

အိမ်ကြီးအိမ်ကောင်းရှေ့သို့ ရောက်လေသော် နှစ်ဦးသား ဆိုက်ကားပေါ်မှ ဆင်းလိုက်ကြသည်။ အိမ်၏အဝ မျက်နှာစာမှာတော့ ဆိုင်းဘုတ်ကြီးက အနံ့ကောင်းစွာဖြင့် ထင်ထင် ရှားရှား။





**အကြားအမြင်ဗုဒ္ဓိုလ်ရှင်–ထိုးတော်တယ်**
**ထံတြွေမှာထို အတာဝ်တောထည်**
**ဝယောဝနှင့် ရောဝါဝေဒနာဝေါ်ဝိုးစုံ ထုထည်။**

တိုးမောင်အဖို့ မျှော်လင့်မထားသည့် မြင်ကွင်းများကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ တကယ်လည်း ထူးဆန်းအံ့သြဖွယ်ကောင်းနေသည်ကိုး။

ကိုမောင်တက်ဆိုသည်က ပေါက်တောကုန်းရွာသားစစ်စစ် ဖြစ်ပြီး ဘယ်လိုမှ အထင်ကြီးစရာ မကောင်းသောသူလည်း ဖြစ်သည်။

အလုပ်အကိုင် မည်မည်ရရမရှိ။

ရရစားစား အနေအထားမျိုးဖြင့် ရွာအတွင်းရှိ အိမ်တွေထဲလှည့်ကာ ရေခပ်ပေးရ၏။ ထင်းခွဲပေးရ၏။ လွှဆွဲပေးရ၏။ အုန်းပင်၊ သရက်ပင် တက်ပေးရ၏။ ယုတ်စွအဆုံး ငှားရမ်းသူရှိလျှင် အိမ်သာကျင်းလည်း တူး၏။ သုသာန်၌ မသာကျင်းလည်း တူး၏။ အဖိုးအခရလေသမျှ အရည်ဖျောပစ်လျက် ဇရပ်ပေါ်တွင် အိပ်စက်ရသည့် ခြေသလုံး အိမ်တိုင်သမား ဖြစ်ခဲ့လေရာ သူ့ကိုဘယ်သူကမှ အထင်မကြီးခဲ့။ လူကြီးသူမများက ၎င်းတို့ သားသမီးများအား ကိုမောင်တက်လို မဖြစ်ရန် ဆိုဆုံးမကြသည် အထိ။

ခုတော့လည်း ကိုမောင်တက်သည် ပေါက်တောကုန်းက အနေအထားနှင့် လုံးဝဆို လုံးဝ မတူတော့ပြီ။ သူသည် 'တစ်ရွာမပြောင်း သူကောင်းမဖြစ်'ဆိုသော ထုံးကို နှလုံးမူ၍ တစ်ရွာပြောင်းတာ အကောင်းစားကြီး ကောင်းစားနေခဲ့ပေပြီကော။ သည့်အတွက် စားပြီးသောက်ပြီး အေးအေးလူလူ ရှိနေချိန်ဝယ် ၎င်းထံမှ ကြီးပွားရာကြီးပွားကြောင်း နည်းကောင်းကလေးများကို မေးမြန်းတောင်းခံရဦးမည်ဟု စိတ်ကူးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပေါ်သို့ရောက်၍ ခမ်းနားထည်ဝါလှစွာသော ပရိဘောဂ အသုံးအဆောင်များကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေစဉ်မှာပင် အိမ်ရှေ့ဆီမှ ကားတစ်စီး စက်ရပ်သံကြားရသည်။ ပြီးတော့ ခြံထဲသို့ အသက် (၄၀) ခန့် မိန်းမကြီးတစ်ဦးသည် ပိုက်ဆံအိတ်ကြီးကို ချိုင်းကြားညှပ်လျက် ဝင်လာသည်။ နားနှစ်ဖက်မှာတော့ စိန်နားကပ်ကြီးက အရောင်တဖျတ်ဖျတ်။

"ဟူး . . တော်ပါသေးရဲ့။ ကျွန်မတော့ ဘိုးတော် အိမ်မှာ အခန့်သင့် ရှိမှရှိပါ့မလားလို့ တထင့်ထင့် ဖြစ်နေတာ။ ခုလို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရ တော့မှပဲ စိတ်ထဲ အေးသွားရတော့တယ်"

"ကိုင်း . . . ထိုင်ပါဦးဗျာ။ ဘယ်လိုအကြောင်းကိစ္စများ ရှိပါလိမ့်"

"ရှိလို့လာခဲ့တာပဲ ဘိုးတော်။ ကျွန်မရဲ့ မြေးကလေး လှိမ့်လှိမ့်ပြီး တက်မတတ်ချက်မတတ် ငိုနေလို့ အဲဒါ ဘိုးတော်ကို လာပင့်တာ"

"အင်း . . ဝေနေယျသတ္တဝါတွေအပေါ် မဟာကရုဏာထားလို့ လိုက်ရတာပ။ လောလောဆယ် ကျုပ်တို့ ဆရာတပည့် ဘာမှ မစားရသေးလို့ တစ်ခုခု သုံးဆောင်ရအောင် ခဏ လောက်စောင့်နေပါ"

"ဟာ . . ဘိုးတော်၊ ဒီမှာ စားမနေနဲ့။ အိမ်မှာပဲ စားပါ။ အဲသည်အတွက်လည်း ကျွန်မ စီစဉ်ချက်ပြုတ် ထားပါတယ်"

"အင်း . . . ဒါဆိုလည်း ဖြစ်ပါတယ်လေ။ ကိုင်း . . ငါ့တပည့် တိုးမောင်ရေ ငါ့ဆေးအိတ်ကိုလွယ်ပြီး ငါနဲ့ လိုက်ခဲ့ကွယ်"





"ဟုတ်ကဲ့ . . ဘိုးတော်"

ကိုမောင်တက်တို့များ ဘယ့်ကလောက်တောင် ဩဇာအာဏာ သက်လေသည်မသိ။ လုံးဝ အထင်မကြီးခဲ့သော တိုးမောင်၏ နှုတ်မှပင် ရှိသေလေးစားသော စကားလုံးများက သူ့အလိုလို ခုန်ပေါက်ထွက်ကျ သွားခဲ့သည်။ သည့်နောက်မှာတော့ ကိုမောင်တက်တစ်ဖြစ်လဲ ဘိုးတော် တက်နှင့်အတူ တိုးမောင်လည်း မိန်းမကြီး ပင့်ဆောင်ရာနောက်သို့ အဖိုးတန် ဇိမ်ခံကားကြီးကို ငြိမ့်ငြိမ့်ညောင်းညောင်းစီးကာ လိုက်ပါ သွားလေတော့၏။

တရိပ်ရိပ်ဖြင့် ကတ္တရာလမ်းပေါ် ပြေးလွှားလျက်ရှိသော ဇိမ်ခံ ကားကြီးသည် တိုက်တာဝင်းခြံများ၊ သစ်ပင်ကြီးငယ်များဖြင့် ဖွဲ့စည်း ထားသော ဆိတ်ငြိမ်ရပ်ကွက်တစ်ခုအတွင်း ဝင်ရောက်ခဲ့ပြီး ကြီးမား လှစွာသော တိုက်တာတစ်လုံး၏ ဆင်ဝင်အောက်သို့ ဝင်ရောက်ကာ ငြိမ့်ခနဲ ထိုးရပ်လိုက်လေသည်။

သည့်နောက် မိန်းမကြီး ဦးဆောင်ခေါ်သွားရာ နောက်သို့ ဘိုးတော်တက်နှင့် တိုးမောင်တို့ လိုက်ပါသွားခဲ့၏။ ဧည့်ခန်းသို့ရောက် လေသော် သူတို့အား နေရာချထားလိုက်သည်။ ထိုစဉ်မှာပင် အိမ်စေမ တလေးတစ်ဦးက သံပုရာရည်များ လာချပေးသည့်အတွက် အမောပြေ သောက်လိုက်ကြရသေးသည်။

"ကိုင်း . . ကလေးကို ဒီ ခေါ်ခဲ့ပါဦး"

ဧည့်ခန်း၌ ခင်းကျင်းထားသော ကော်ဇောအမွေးပွကြီးပေါ် မှာ တော့ ဘိုးတော်တက်သည် တကယ့်ပျောက်စေဆရာကြီးနှင့်မခြား မိန့် မိန့်ကြီး ထိုင်နေလေသည်။

မကြာခင်မှာ ကလေးငိုသံနှင့်အတူ ကလေးလူနာ ရောက်လာ ခဲ့လသည်။ ဘိုးတော်တက်လည်း ကလေး၏ ကြန်အင်လက္ခဏာများကို စေ့စပ်သေချာစွာ ကြည့်ရှုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း. . . အိမ်း၊ ကလေးရဲ့ ရောဂါဝေဒနာက ပြောပလောက်အောင် မဟုတ်ပါဘူးလေ။ ဒါပေမဲ့ ခုလိုဖြစ်နေတာမျိုးဟာ သာမန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘူး။ သွေးရိုးသားရိုးမဟုတ်ဘဲ ရွာသူနှောင့်ယှက်နေတာပါ"

"အမယ်လေး. . . မထိတ်သာမလန့်သာ ရှိလိုက်တာ ဘိုးတော်ရယ်။ ကျွန်မရဲ့မြေးကလေးကို ကူညီ ကယ်မတော်မူပါ"

"ဟား . . မပူနဲ့၊ ဒီကိစ္စများလောက်ကတော့ ဘိုးတော်တက်အဖို့ ထမင်းစားရေသောက်၊ သွားကြားထိုး သလောက်ပါ။ ဘိုးတော်ရဲ့ ဆေးတစ်ခွက်တိုက်ပြီး ခတ်ရိုက်လိုက်မယ်ဆိုရင် ခဏကလေးနဲ့ ပကတိအတိုင်း ကောင်းသွားမှာပါ"

"အားကိုးပါတယ် ဘိုးတော်ရယ် . . အားကိုးပါတယ်"

တိုးမောင်အနေဖြင့် ကိုမောင်တက်တစ်ယောက် ဘယ်ကဘယ်လို ရထားလေသည်မသိသော ပညာရပ်များဖြင့် မည်သို့ ကုသမည်ကို စိတ်ဝင်စားစွာ ငေးကြည့်နေလေသည်။

"ဒါထက် . . ဒီကလေး စဖြစ်တဲ့ အနေအထားကို ပြောပြပါဦး"

"ဟုတ်ကဲ့ . . ဖြစ်ပုံကတော့ တစ်မြန်နေ့ နေ့လယ်ကတော့ သူ့ဟာသူ ခြံထဲမှာ ကလေးထိန်းနဲ့ ဆော့နေတာပဲ။ အဲ. . ညနေခင်းလည်းရောက်ရော တငိုငိုတရယ်ရယ်နဲ့ ဘယ်လိုမှ ထိန်းလို့မရတော့ဘူး ဘိုးတော်"

"အင်း . . . ဖြစ်ရမယ်. . . ဖြစ်ကိုဖြစ်ရမယ်။"

ကိုမောင်တက်သည် ကျင်စွယ်အချို့ကို ပွတ်သပ်ရင်း မျက်လုံးကလေးကို မှေးစင်းလိုက်သည်။ ပါးစပ်ကလည်း တအင်းအင်း။ ပြီးတော့ ခေါင်းတညိတ်ညိတ်။ သည့်နောက် မျက်လုံးကိုလှန်ကာ မျက်နှာကြက်





အမိုးကို ကြည့်လိုက်သည်။

"တောက်. . . ငါများ ဒီလို လာစမ်းလို့ ရမလားကွာ။ ဟင်း . . ဟင်း . . ဘိုးတော်တက်တဲ့ကွ ဘာများမှတ်နေသလဲ"

ကိုမောင်တက်အသံက ဩဇာထက်မြလှသည်။ စူးရဲလှသည်။ သူ့ကိုကြည့်ရင်း တိုးမောင်ပင်လျှင် ကြက်သီးမွေးညင်းများ တဖျင်းဖျင်း ထလာရသည်။

"ဦ . . ဦ . . ဦ"

ဟော. . . ဖားဂုံညင်းနှင့်မခြား ပေါ်ထွက်လာသော ရင်ခေါင်းသံ၊

ပြီးတော့ နှုတ်ခမ်းဖျားမှ ဘာတွေရွတ်နေမှန်း ခွဲခြားမသိသာလောက်သော ကွိစိကွစိအသံများ ပေါ်ထွက်နေသည်။

"သယ် . . ဟယ် . . ဟယ် . . ဟယ်၊ တော်တော်အကဲစမ်းချင်တဲ့ ကမြင်းမ။ ငါ့ကိုများ ပခုံးချင်း လာယှဉ်ချင်ရတယ်လို့။ ဟေ့ . . ဖားတု လို့ခရုခုန်ရင် ပဒ္ဒုအုံတုတ်နဲ့ထိုးသလို ဖြစ်သွားလိမ့်မယ်နော်။ ဘိုးတော်တက်တဲ့ . . ဟွန်း . . ဟွန်း နှီးဆော်ချက်ထုတ်လိုက်လို့က တစ်ခါတည်း လိပ်ပြာနှုတ်ပြီးသား ဖြစ်သွားမယ်"

ဇာတ်လမ်းက တကယ့်ကို အထွတ်အထိပ်။

တစ်ဖက်ရွာသူနှင့် ဘိုးတော်တက်တို့ ပညာတွေပြိုင်နေကြပါတော့။

ဘိုးတော်တက်၏ ဩဇာမာလကာသံများက ညှော်ခန်းတစ်ခုလုံး ငြိမ့် ဟိန်းထွက်သွားစေသည်။ တိုးမောင်ကိုယ်တိုင်ပင် ကိုမောင်တက်အား အထင်အမြင်သေးခဲ့သည်တို့အတွက် မှားကောင်းမှားနေပြီလားမသိ။

"ကိုင်း . . ဘိုးတော်တက်အစွမ်း သိရအောင်၊ ခုစင်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးရယ်၊ အထက်ဂိုဏ်းချုပ်ကြီးအတွက်ရယ်၊ ငှက်ပျောပွဲအုန်းပွဲ အတွက်ရယ် ငါးထောင် လာဘ်တင်ပါ"

"ဟုတ် . . ဟုတ်ကဲ့ ဘိုးတော်"

မိန်းမကြီးလည်း ၎င်း၏ပိုက်ဆံအိတ်ကိုဖွင့်ကာ ငွေများ ရေတွက်လျက် ရိုသေစွာ လာဘ်တင်လိုက်သည်။

"ကိုင်း . . ကျုပ်ရဲ့အစွမ်းကိုသိရအောင် သေသေချာချာ ကြည့်ကြဗျား။ တပည့်လေးတိုးမောင်ရေ . .၊ ဘိုးတော်ရဲ့ ဣစ္ဆာသယ ဆေးလွယ်အိတ်ကို ပေးစမ်းပါဦးကွယ်"

"ဟုတ် . . ဟုတ်"

ကိုမောင်တက်လည်း လွယ်အိတ်အတွင်း ပုလင်းများစွာအနက်မှ ပုလင်းတစ်လုံးထုတ်ကာ ဆေးမှုန့်အချို့ကို စက္ကူနှင့်ထုတ်ပြီး မိန်းမကြီးအား လှမ်းပေးလိုက်သည်။

"အဲဒီဆေးကို ည အိပ်ရာမဝင်ခင် ဖျော်တိုက်လိုက်။ ကလေးဗိုက်ထဲမှာရှိနေတဲ့ အပင်းကောင်တွေ မနက်ဖြန် ဝမ်းသွားရင်း အထွေးလိုက် ပြုတ်ကျသွားလိမ့်မယ်"

"ဟုတ် . . ဟုတ်ကဲ့ . . ဘိုးတော်"

သည့်နောက် အထူးစီမံထားသည်ဆိုသည့် ကြေးဖလားတစ်လုံးကို အိတ်ထဲမှထုတ်ကာ အားလုံးကြည့်နေကြသည့် မြင်ကွင်းကောင်းကောင်း ကော်ဇောပေါ် ချလိုက်၏။ ပြီးလျှင် ထို ကြေးဖလားထဲသို့ နတ်လမ်းညွှန်လေသော နတ်ရုပ်ကလေးကို ထည့်လိုက်ပြန်၏။

"ကိုင်း . . အားလုံး ဟောဒီကြေးခွက်ထဲမှာ ရှိနေ တဲ့ နတ်သူတော်ကောင်းရုပ်တုလေးကို ရိုရိုသေသေကန်တော့ကြ။ ထူးခြားတာတွေ မြင်ကြရတော့မယ်"

ဘိုးတော်တက်နှင့်တကွ အိမ်သားအားလုံးအပြင် တိုးမောင်၏ ရောယောင်လျက် သူတော်ကောင်းနတ်ရုပ်ဆိုသည်အား ကန်တော့လိုက်





ကြသည်။

ပြီးလေသော် ရေတစ်ဖန်ခွက်တောင်းယူပြီး သံပရာသီးညှစ်လျက် နတ်ရုပ်ကလေး၏ ဦးခေါင်းတည့်တည့်သို့ လောင်းချလိုက်၏။

"ဟာ . ."

"ဟယ် . ."

"အို . ."

အံ့သြတကြီးဖြင့် ပေါ်ထွက်လာကုန်သော အာမေဍိတ်သံများ. . . .။

သူတော်ကောင်းနတ်ရုပ်ကလေးသည် ကြေးခွက်ထဲ၌ အသက်ဝင်ကာ ချာချာလည်လျက်ရှိပြီး အတန်ကြာမှ တုံ့ခနဲရပ်သွားလေသည်။

"အဲဒါ . . . နှောင့်ယှက်တဲ့ရွာသူ ဘယ်မှာရှိတယ်ဆိုတာကို ပြနေတာပဲ။ သင်းကို ပညာပေးလိုက်တာ ခုဆို အိဆိမ့်နေရောပေါ့။ နောက်လည်း သင်း မနှောင့်ယှက်ရဲတော့ပါဘူး"

ကိုင်း . . ဘိုးတော်တို့သွားမယ်။ ဘိုးတော်ပေးတဲ့ဆေးကိုသာ ဆက်ဆက်တိုက်ဖို့ မမေ့နဲ့"

ရေစင်ဖိုးများအပါအဝင် ခြေကြွခပါ တိုးမောင်အား ယူဆောင်စေလျက် အဖိုးတန်ကားကြီးဖြင့်ပင် ကိုမောင်တက်အိမ်သို့ ပြန်ခဲ့လေသည်။ အိမ်ပေါ်တွင် အနားယူကြရင်း ရှေးဟောင်းနှောင်းဖြစ် စကားများကို ပြောဆိုနေမိကြ၏။

"တယ်ဟုတ်ပါကလား ကိုမောင်တက်ရယ်။ ဘယ်လို ဘယ်ပုံ နည်းနာကလေးတွေလဲဆိုတာ . . ."

တိုးမောင် သိလိုဇောဖြင့် မေးသည်။ ဤ၌ ကိုမောင်တက်လည်း ၎င်း၏ ကျင်စွယ်ကိုအသာပွတ်ရင်း . . .

www.burmeseclassic.com



"မင်းသိရင် မင်းဝမ်းထဲမှာပဲထားပါ တိုးမောင်ရာ. . .။ တကယ်တော့ ငါဟာ ဘာဘိုးတော်မှမဟုတ်ဘူး။ တစ်ခါတုန်းက စိတ်ညစ်ညစ်နဲ့ ဝမ်းနာနေတဲ့ လူတစ်ယောက်ကို စိတ်ပေါက်ပေါက်နဲ့ ယုန်ချေးလုံးလေးတွေကို ဆေးဆိုပြီး ပေးလိုက်တာ။ အောင်မာ. . . ကံကလိုက်တယ်ဟေ့။ ဝမ်းနာနေတာ ပျောက်သွားတယ်။ အဲဒီမှာတင် သတင်းက ပျံ့သွားတော့တာပဲ။ ခုလည်း မင်းမျက်မြင်ပဲလေ။ လောကမှာ လိမ်နိုင်ရင် သမာဓိ၊ ညာနိုင်ရင် ပညာရှိဖြစ်နေကြတာ။ငါ ပေးခဲ့တဲ့ ဆေးဆိုတာ တခြားမဟုတ်ဘူး။ သံချဆေးကွ၊ သံချဆေး။ ဒီရာသီမှာ ကလေးတွေ သံထနေကြတာ။ ဒါကြောင့် သံချဆေး ပေးလိုက်တာ"

"ကြေးခွက်ထဲမှာ နတ်ရုပ် ချာချာလည်တာက ရောဗျာ"

"ဟား . . ဒါက နတ်ရုပ်ရဲ့အောက်ခြေမှာ ပြဒါးကို ပျားဖယောင်းနဲ့ပိတ်ပြီး ကြေးခွက်ထဲထည့်၊ သံပရာရည်လောင်းလိုက်တော့ ဓာတ်သဘာဝချင်း ဆန့်ကျင်ဘက်ဝိရောဓိဖြစ်ပြီး တွန်းကန်လို့ လည်တော့တာပဲပေါ့ . . အဟေး . . ဟေး။ မမြင်ဖူးကြသူတွေအတွက်တော့ အထူးအဆန်း ပေါ့ကွာ။ လူတွေက လည်း အဲသလို ထူးဆန်းတာတွေ လုပ်ပြရင် သိပ်သိပ်ပြီး ယုံကြည်ကြတော့တာပဲလေ"

"အင်း . . ခင်ဗျားကတော့ ဂျင်ကျောကုန်းပေါ်က ထုံးစက်တစ်စက်ပါပဲလားဗျာ"

သည်သို့ နှစ်ဦးသား အပြန်အလှန် စကားဆိုကြရင်း ရယ်မောမိကြပါလေတော့သတည်း။





**ဝေါ်ထ်**

**တော**

**ထုန်း**ကို မပြန်ခင် တစ်ရက်လောက်တော့ ညအိပ်ညနေ နေပါဦးဆို၍ အမှန်တကယ် ပေါက်တောကုန်းသို့ မပြန်မီတစ်ရက်အလိုတွင် ဘိုးတော်တက်ဟူ၍ နာမည်ကြီးလျက်ရှိသည့် ကိုမောင်တက်၏ အိမ်ဂေဟာသို့ တိုးမောင် ဧည့်သည်အဖြစ်ရောက်ခဲ့သည်။ တိုးမောင်အဖို့ ကိုမောင်တက်၏ အိမ်ရှေ့မျက်နှာစာ၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကြီးကို လွန်စွာမှ သဘောကျလျက်ရှိ၏။

"နေစမ်းပါဦး . . . ကိုမောင်တက်ရာ။ ခင်ဗျားကြီးဟာ အမှန်တကယ်ပဲ အကြားအမြင်တွေ ရနေပြီလား"

"ဟား . . ဟား . . ဟား . . ဟား . . . တိုးမောင်ရာ။ မင့်ဟာက ဆင့်ဟိုဒင်းကိုအနာလုပ်နေပြန်ပါပြီ။ အရာမဟုတ် အရာလုပ်လို့။ ကျွားကိုက်ပါတယ်ဆိုကာမှ အပေါက်တလေး ရော မပါဘူးလားလို့ မေးသလို ဖြစ်နေပြန်ပါပြီ။ မင်းကို ငါပြောခဲ့သားပဲ။ လောကကြီးမှာ 'လိမ်နိုင်မှ သမာဓိ၊ ညာနိုင်မှာ ပညာရှိ'လို့။ ဒါဆို သဘောပေါက်ပေရော့ တိုးမောင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်တက်ကတော့ သူ့စကားနှင့်သူ၊ သူ့တရားနှင့် သူ့အတော်ကလေးကို ဟုတ်နေသည်။ ကိုမောင်တက်၏ အယူအဆမျိုးတို့ တိုးမောင်လက်မခံပါ။ သမာဓိရှိဖို့ရာ မလိမ်နိုင်သလို၊ ပညာရှိဖြစ်ဖို့ရာလည်း မညာနိုင်ပါ။

သူတို့နှစ်ယောက် ရေနွေးကြမ်းတစ်အိုး၊ လက်ဖက်သုပ် တစ်ပန်းကန်၊ ကွမ်းအစ်တစ်လုံးဖြင့် အလာပသလ္လာပ စကားကောင်းနေကြစဉ် အမျိုးသမီးတစ်ယောက် မွေးကင်းစကလေးငယ်အား အနှီးဖြင့်ပတ်ကာ ပွေ့ပိုက်လျက် ခြံထဲသို့ဝင်လာသည်။

"အကြားအမြင်ရ ဘိုးတော်တက် ရှိပါသလားရှင်"

"ရှိပ့ါဗျား . . ရှိပ့ါ . . ရှိပ့ါ၊ အပေါ်ကိုတက်ခဲ့ပါ"

အမျိုးသမီးလည်း ကလေးငယ်ကိုပွေ့ပိုက်လျက် အိမ်ပေါ်သို့ တက်လာပြီး သင်ဖြူးဖျာလွတ်တွင် ဝင်ထိုင်လိုက်သည်။ သူမ၏ အသွင်အပြင်ကိုကြည့်ရသည်မှာ ကြည်ကြည်လင်လင်မရှိ။ တစ်စုံတစ်ခုတို့ အလိုမကျဟန် သုန်မှုန်၍နေလေသည်။

"ကိုင်း . . ဆို၊ ဘာကိစ္စများ ရှိပါလိမ့်။ ဘာများ လုပ်ပေးရမှာပါလိမ့်"

"ကိစ္စကတော့ ရှင်ဟာ အမှန်တကယ် အကြားအမြင်မရပါဘဲ အကြားအမြင်ရတယ်ဆိုပြီး ဘိုးတော် အရေခြုံထားတဲ့ လူ့ကလိမ်ကြီးပဲ"

စကားတွေက ရင့်ရင့်သီးသီး။

လေသံက တိုတိုပြတ်ပြတ်။

ပြောဆိုသည့် အကြောင်းအရာတွေက တစ်စက်ကလေးမှ ကောင်းကွက်မရှိ။ သူမ၏ မုန်တိုင်းထန်သော စကားသံကြောင့် တိုးမောင်လည်း ထိတ်ခနဲဖြစ်သွားသလို ကာယကံရှင် မျက်နှာမှာလည်း မည်းခနဲ ဖြစ်သွားသည်။ သူ့ရှာသား ညှော်သည်ရှေ့တွင် ယခုလို အတင်း





တာရော စွပ်စွဲပြောဆို ခံလိုက်ရသည့်အတွက် ရှက်တောင်းရှက်သွားပေလိမ့်မည်။ တိုးမောင်အဖို့ ယခုလိုမျိုး ကိုယ့်နေအိမ်ပိုင်နက်အတွင်း ဝင်ရောက်ပြီး အိမ်ရှင်အပေါ် နင်ပဲငဆပြောဆိုခြင်းအတွက် ကိုမောင်တက်မှ တစ်ခုခု ထလုပ်လေမည်လားဟု စိုးရိမ်မိပါ၏။

သို့သော် . . . . သို့သော် အခြေအနေတွေက ထင်သလို မဟုတ်။

"ဟော့ . . . သူငယ်မ၊ ပညာရှိသူတော်ကောင်းကို မဆည်းကပ်၊ မကိုးကွယ်ချင်နေကွယ်။ ခုလိုမျိုးတော့ မစော်ကားနဲ့။ ဘေးသင့်တတ်တယ်ကွယ့်"

"ဘာဘေးသင့်ရမှာလဲ။ အမှန်ကို အမှန်အတိုင်း ပြောတဲ့ဟာပဲ။ ရှင်မဟုတ်မမှန် လိမ်ညာပြီး အကြားအမြင် ဟောကိန်းထုတ်လိုက်လို့ ခုတော့ ကျွန်မ ယောက်ျား ကျွန်မကို ပစ်ပြီး နောက်မိန်းမ ယူသွားပြီ"

"ဟာ . . ဒါက ခင်ဗျားတို့ အတွင်းရေးကိစ္စလေ"

"ဘာကိစ္စဖြစ်ဖြစ်၊ ကျွန်မယောက်ျားက သားရူးရူးနေတာ။ ရှင့်ဆီ ကျွန်မတို့လင်မယား ဘာကလေး မွေးမလဲလာမေးကြတော့ ရှင်က 'ယောက်ျားလေး မွေးမယ်'လို့ ဇာတ်သနည်းနဲ့ဆိုလား၊ ဘာလား အဲဒါ ဟောလိုက်တာလေ။ ဟောဒီမှာ ကြည့်စမ်း၊ အခုမွေးလာတဲ့ကလေးဟာ ယောက်ျားလေးလား၊ မိန်း ကလေးလား"

ပြောပြောဆိုဆို ဗိုးဗိုးဇတ်ဇတ်ဖြင့် အနှီးကို လှပ်ပြတော့ ကလေးခမျာ တွန့်ခနဲဖြစ်ကာ အူငဲ . . . အူငဲသံ လှစ်ဟလိုက်သဖြင့် ကလေးအမေလည်း ချက်ချင်းဆိုသလို နို့ထုတ်တိုက်မှ ငြိမ်ကျသွားတော့သည်။

"ကိုင်း . . တွေ့ပြီမဟုတ်လား၊ မိန်းကလေးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါပေရဲ့။ မှန်ပါပေရဲ့။ လိမ်နိုင်မှ သမာဓိ ညာနိုင်မှ ပညာရှိဟု ခံယူထားသည့် ကိုမောင်တက် အရှက်တွေလုံးလုံး ကွဲသွားပါရော့လားဟု တိုးမောင်မှတ်ယူကာ မသိမသာဆိုသလို ကိုမောင်တက်၏ မျက်နှာကို ခိုးကြည့်လိုက်သည်။ ဆရာသမားက ခပ်ပြုံးပြုံး။ ပြုံးသည်မှ အရေထူသော၊ ထိမထင်သော အပြုံးတည်း။

"ဒီမှာ မိန်းကလေး၊ ကျုပ်ဟာ 'ဘိုးတော်' တက် ဆိုပြီး နာမည်တစ်လုံးနဲ့ ရပ်တည်ခဲ့တာ ကြာပြီ။ ကျုပ် သမာဓိ၊ ကျုပ်ရဲ့ စရဏ၊ ကျုပ်ရဲ့ ပညာကို ကျုပ်ယုံ ကြည်တယ်။ ဒါကြောင့် ဘာလုပ်လုပ် ကျုပ် အမှားအယွင်း မရှိခဲ့ဘူး။ ခုကိစ္စမှာ ကျုပ်ဘက်ကမှားခဲ့ရင် ကျုပ် သူငယ်မကြိုက်တဲ့ ငွေအတိုင်းအတာကိုပြော၊ ကျုပ်ပညာကို ကျုပ်ယုံတယ်"

"တကယ် ပြောနေတာလား"

မိန်းကလေး၏ မျက်နှာမှာ အောင်ပွဲကျိန်းသေရတော့မည့်သူ အလား ဝင်းလက်သွားတော့သည်။

"တကယ်ပြောတာပေါ့။ ရိက္ခာကို သိက္ခာနဲ့ ဘယ်တော့မှ လဲမစားတဲ့ ဘိုးတော်တက်ဆိုတာ မှတ်ထား လိုက်စမ်းပါ။ ဟောဒါ. . . ကျုပ်တပည့်လေးပဲ။ ရွာက ရောက်လာတာ ရက်ပိုင်းပဲ ရှိသေးတယ်။ မိန်းကလေး ကျုပ်ဆီလာတုန်းက သူ မရှိဘူးနော်"

"မရှိပါဘူး"

"အဲ . . ဒီတော့ . . သူ့ကိုသက်သေထားပြီး သူ့ ရှေ့မှာ တင် မှန်မမှန် ဇာတ်လမ်းကို ဖြတ်ကြစို့ရဲ့။ ကျုပ်ဘက်ကမှန် ရင် မိန်းကလေး အနေနဲ့ အေးအေးဆေးဆေးပြန်ပါ။ အဲ ကျုပ်ဘက်ကမှားရင် မိန်းကလေးလိုချင်တာတွေ စိတ်ကြိုက် တောင်းဆိုလို့ရ တယ်။ ကဲ . . ကြိုက်သလား"





"ကြိုက်တယ်"

"ကြိုက်ရင် ကတိမဖျက်ကြေးနော်"

"စိတ်ချ . . ရှင်လည်း မဖျက်နဲ့"

"ဘာလို့ ဖျက်ရမှာလဲ။ ကျုပ်တို့လုပ်တဲ့ **အလုပ်ဟာ** ကလေးကစားတဲ့ အလုပ်မှ မဟုတ်တဲ့ဟာ။ ကိုင်း . . **မောင်** တိုးမောင်ရေ . . . ဟောဟို ဘီရိုပေါ်က အနောက်**အနီနဲ့** စာအုပ်ကြီးကို သွားယူခဲ့ကွာ"

တိုးမောင်လည်း ကိုမောင်တက်နှင့် တွေ့ပါမှ အလိုလိုနေရင်း ငင်း၏တပည့် ဖြစ်သွားရတော့သည်။ ဘာပဲဖြစ်ဖြစ် ယခုကိစ္စက စိတ် ဝင်စားစရာ ကောင်းလှသည်။ တစ်ဖက်နှင့်တစ်ဖက်သည် ငါးဆယ် ရာခိုင်နှုန်းချင်း အားပြိုင်နေကြသည်ဟု တိုးမောင်ထင်သည်။ ကာယက ရှင်တွေက ကိုယ့်ဖက်က အပိုင်ချည်းဟူ၍ တွက်ဆထားကြလေသလား။ တိုးမောင်က ကိုမောင်တက် စေခိုင်းသည့်အတိုင်း စာရင်းစာအုပ်ကြီးကို ယူငင်ပေးလိုက်သည်။

"မိန်းကလေးက . . ကျုပ်ဆီ လာမေးတဲ့ နေ့ရက်, လတွေ ကို သိတယ်မဟုတ်လား"

"သိတာပေါ့။ သေသေချာချာမှတ်ထားတာ။ အင်း . . သည်နှစ်အစ ပြာသိုလဆန်း (၅) ရက်နေ့က လာမေးတာ"

"ဒီလိုတော့လည်း ကျုပ်မှတ်တမ်းမှာ ရှာရတာ အလွယ် ကလေးပါ"

ပါးစပ်ကလည်း စကားလုံးပေါက်ပေါက်တွေဖောက်ရင်း **စာအုပ်** ကို လှန်လှောကာ ရှာဖွေသည်။

"အဲ . . ဟုတ်တယ်။ အဲဒီတုန်းက ကလေးမတို့ **စုံတွဲ** လာမေးကြတာပဲ။ ကလေးမနာမည်က မေဥသြ မဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . ဟုတ်တယ်"

"ကလေးမရဲ့ ခင်ပွန်းက ကိုရွှေကျီး"

"ဟုတ်တယ်"

"ကိုင်း . . ဒါဆိုရင် အငြင်းမပွားရအောင် သက်သေရှေ့မှောက်မှာတင် ကြည့်ကြပေရော့။ အဲသည်နေ့က ကျုပ်ရဲ့ ဟောချက်ကို ဒီလိုမျိုးပြဿနာတွေတက်လာရင် အခိုင်အမာဖြေရှင်းနိုင်ဖို့ စာရင်းလုပ်ထားတာ"

မေညွန့်ညအမည်ရ ကလေးတစ်ယောက်အမေ လင်ပစ်မနှင့် တိုးမောင်တို့ စာရင်းစာအုပ်တွင် ရေးမှတ်ထားသည်တို့အား သေချာစွာ ဖတ်ရှုလိုက်သည်။

"ကိုရွှေကျီးနှင့် မေညွန့်ညတို့ ဇနီးမောင်နှံမှ ကာလချိန်ရောက်ပါက သမီးရတနာ ဖွားမြင်မည်ဖြစ်ကြောင်း ဇော်သဗျာကရဏနည်းဖြင့် ကျွန်ုပ် ဟောကိန်းထုတ်လိုက်၏။

မမှန်ကန်ပါက ကျွန်ုပ်လက်ညှိုးကို ကျွန်ုပ် ကိုယ်တိုင် ဖြတ်ပါမည်။

ဘိုးတော်တက်"

"ဟာ . ."

"ဟင် . ."

တိုးမောင်နှင့် မေညွန့်ညတို့ထံမှ အာမေဍိတ်တွေ ထွက်ကျကုန်သည်။ ကိုမောင်တက်ကမူ ပြုံးယောင်ပြုံးတုံ့ဖြင့် ကွမ်းအစ် ကိုဖွင့်လျက် ကွမ်းတစ်ယာ ယာနေလေ၏။

"ကိုင်း . . မြင်ပြီမဟုတ်လား။ ကျုပ်က အလုပ်ကို တိတိကျကျ လုပ်တဲ့သူပါ"





"တောင်းပန်ပါတယ် ဘိုးတော်ရယ်။ အနူးအညွတ်တောင်းပန်ပါတယ်။ ကျွန်မလည်း လင်စိတ်မွှန်လို့ အဲဒီကာလတုန်းက သားကလေးမွေးမယ် ဟောလိုက်သလားဆိုပြီး ယောင်ဝါးဝါးတွေ ဖြစ်ခဲ့ရတာပါ။ ကျွန်မကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ် . . ကောင်းပါပြီ။ လူဆိုတာ မှားတတ်တဲ့ သတ္တဝါတွေပဲ ဥစ္စာ။ မှားတဲ့အခါလည်း မှားပေမပေါ့။ ဘိုးတော် ခွင့်လွှတ်ပါတယ်။ သွားပေဦးတော့ . . သွားပေဦးတော့။ အင်း . . သတ္တဝါတွေ . . ကျန်းမာပါစေ၊ ချမ်းသာကြပါစေ"

မိန်းကလေးလည်း နောင်တရဟန်ဖြင့် ကလေးကို ရင်ခွင်ပိုက်ကာ လာရာလမ်းအတိုင်း ပြန်ဆင်းသွားတော့သည်။ သည်အချိန်မှာတော့ တိုးမောင်အဖို့ ကိုမောင်တက်အား အာကလန့်ပါကလန့်ဟု သဘောမထားရဲတော့။ ခုပဲကြည့်၊ စာရင်းနှင့်အင်းနှင့် ဇယားတိကျစွာထားရှိမှတ်တမ်းတင်ခြင်းက ပြဿနာတက်မည့်အနေအထား ဖြစ်လေသောအခါ ကိုမောင်တက်၏ ဂုဏ်သရေနှင့် ပညာရပ်ကို ဂုဏ်တင်သွားခဲ့သည်။

"ခင်ဗျားကိုတော့ သိပ်ကို အံ့အားသင့်နေရပြီ ကိုမောင်တက်ရယ်"

"ရှေ့ဆက်ပြီး အံ့အားသင့်စရာတွေ ကြုံရဦးမယ် တိုးမောင်ရေ။ လောကမှာ လိမ်နိုင်မှ သမာဓိ၊ ညာနိုင်မှ ပညာရှိကွ"

ထိုခဏမှာပင် ဇရာအိုနှင့် ကညာပျိုတစ်ယောက်သည် လက်ချင်းချိတ်လျက် ဘိုးတော်တက်၏ ခြံထဲဝင်ကာ အိမ်ပေါ်သို့ တက်လာကြလေသည်။

"ဘိုးတော်တက်နဲ့ တွေ့ချင်လို့ပါ"


www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပါပဲ . . ထိုင်ကြပါဦး။ နားကြပါဦး။ ပြီးတော့မှ လာရင်းကိစ္စ ပြောတာပေါ့"

ဘိုးတော်တက်က ပီယဝါစာ ချိုသာသော စကားကိုဆိုလျက် ညှော်ထောက်ညှော်ခံ ပြုလိုက်သည်။ ဇရာအိုမှာ အသက် ခြောက်ဆယ် ခန့်ရှိပြီး ကညာပျိုကတော့ ဆယ့်ရှစ်နှစ်ခန့်လောက် မှန်းဆရသည်။ တကယ်ဆို မြေးအဘိုးအရွယ် ဖြစ်သော်ငြား စုံတွဲခုတ်၊ လက်ချင်းချိတ် လာကတည်းက ဘာညာသာရကာပဲ ဖြစ်ပါချိမ့်။

ပြီးတော့ ကညာပျိုကလေးက ဗိုက်ဖုံးအင်္ကျီကလေးနှင့်။

"ကဲ . . လာရင်းကိစ္စကို ဆိုပါဦး"

ထိုသို့ ဘိုးတော်တက်မှ လမ်းဖွင့်ပေးလိုက်လေသော် ဇရာအိုကြီး ကပင် စကားတုံ့ပြန်လေသည်။

"ကျွန်တော့်နာမည် ဦးကျင်စွမ်ပါ။ ဟောဒါက ကျွန်တော်နဲ့ ပြီးခဲ့တဲ့နှစ်ကမှ လက်ထပ်လိုက်တဲ့ ဇနီးသည်ပါ။ နာမည်က 'လီလီ' တဲ့။ လာရင်းကိစ္စကတော့ နားနဲ့မနာ ဖဝါးနဲ့နာပါ။ ခု လီလီ့မှာ ကိုယ်ဝန်ရှိနေတော့ မွေးလာရင် ဘာကလေး မွေးလိမ့်မလဲဆိုတာ ဘိုးတော်ရဲ့ အကြားအမြင်ပညာရပ်နဲ့ ဟောကိန်းထုတ်ပေးပါခင်ဗျား"

"ြော်. . . ရပါတယ်. . . ရပါတယ်။ တိတိကျကျကို ဟောကိန်းထုတ်ပေးလိုက်ပါမယ်။ ကိုင်း. . . တပည့်ရေ၊ ဒီကနေ့ နေ့စွဲရက်စွဲတွေ သေသေချာချာတပ်ပြီး ကလေး ဖခင်နေရာမှာ ဦးကျင်စွမ်၊ ကလေးမိခင်နေရာမှာ မလီလီလို့ ရေးလိုက်"

တိုးမောင်လည်း အရှင်လတ်လတ် ကိုမောင်တက်၏ တပည့် ဘဝရောက်သွားပြီး ရင်းညွှန်ကြားသည့်အတိုင်း စာရင်းစာအုပ်ကြီး၌ ရေးမှတ်ကြလေသည်။





"ကိုင်း. . . ဒီတော့ သူငယ်မ ဗိုက်သားကို ခဏ လှပ်ပြ ပါ"

မိန်းကလေးက ရှက်ကိုးရှက်ကန်း။ သည်တော့ လင်တော်မောင် သက်ကြားအိုကြီးကပင် တွန်းတွန်းဘိုက်တိုက် စကားဆိုရတော့သည်။

"ဗိုက်ကလေး လှပ်တာပဲ လီလီရယ်။ ဘိုးတော်တက်ရဲ့ ဟောချက်တွေက သိပ်မှန်တာ။ တကယ့် သမာဓိရှိတဲ့ပုဂ္ဂိုလ်။ လူရှေ့သူရှေ့မှာတင် ပြောင်စမ်းသပ်ရတာ။ တခြား အရေးခြုံ တွေလို အခန်းတံခါးပိတ်ပြီး သမာဓိမဲ့တာမျိုး မဟုတ်ဘူး"

သည်တော့မှ လီလီက ဗိုက်ဖုံးအင်္ကျီလေးကို အသာပင့်တင် လိုက်သည်။ ဝါဝင်းနေသည့် ဗိုက်သားလေးက စူတူတူ။ အပျိုဗိုက်မို့ထင့်၊ ရုပ်ပျက်ဆင်းပျက် ဖြစ်လောက်အောင် ကုန်းထမနေသေး။

ဘိုးတော်တက်သည် 'ကေသ ဗျာကရဏဟော့'ဟု ရွတ်ဆိုကာ ပါးစပ်မှ ပွစိပွစိလုပ်ရင်း လီလီ၏ ဝမ်းဗိုက်စူစူကလေးအား ညာလက် ညှိုးဖြင့် ထောက်ထားလိုက်သည်။ ပြီးတော့ လက်ကိုရုပ်သိမ်းပြီး ဘုရား ကျောင်းဆောင်ဘက် မျက်နှာပြန်မူကာ လည်ပင်းမှပုတီးကုံးကြီးချွတ်လျှက် တကျောက်ကျောက် စိပ်နေတော့သည်။

ဆယ်မိနစ်ကျော်ကျော်ခန့် ကြာတော့မှ အမိဋ္ဌာန်ဖြုတ်ကာ

"အဟမ်း . . အဟမ်း . . အဟမ်း"

တစ်စုံတစ်ခုကို မခွန်းဟာမိ ရှေ့တော်ပြေးအဖြစ် လူရှိန်အောင် ချောင်းဟန့်သံပေးရခြင်းက ဘိုးတော်တက်အဖို့ နည်းဗျူဟာတစ်ခုဆိုလျှင် မမှား။

သက်ကြားအိုကြီးမှာတော့ ရင်တထိတ်ထိတ်။ ဂန္ဓာလရာဇ် သွေးပါသည်မို့ မိန်းကဖလေးမလိုချင်၊ သားယောက်ျားလေးပဲ လိုချင်သည်။ သည်တော့ ဘိုးတော်တက်ထံမှ တစ်ခွန်းသောစကားက စိရင်ချက်တစ်ခု ကို စောင့်စားနားထောင်နေရသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"မကြာမတင်ကာလမှာ ဦးကျင်စွမ်နဲ့ မလီလီတို့ ဇနီးမောင်နှံအတွက် ရရှိလာမယ့် ရင်သွေးကလေးဟာ . . ."

သက်ကြားအိုကြီး၏ ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။

"ပုလ္လိင်စစ်စစ် တစ်နည်းအားဖြင့် သား ယောက်ျားလေး ဖြစ်ပါတယ်ဗျာ။ ဟဲ-သစ္စံ၊ ဤ စကား အမှန်တည်း"

"ဝမ်း . . ဝမ်းသာလိုက်တာ ဘိုးတော်ရယ်။ ကျွန်တော်က သားကလေးပဲ လိုချင်တာဗျာ။ ဟော . . . ဟောဒီမှာ ဘိုးတော်ကို ကန်တော့ပါရစေ"

"သာဓုဗျာ . . သာဓု . . သာဓု၊ သည်လင်သည် မယား အိုအောင်မင်းအောင် ပေါင်းသင်းရပြီး သားကောင်းရတနာလေးနဲ့ ဘဝအိမ်ထောင်တစ်ခုလုံး သာယာချမ်းမြေ့ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

သက်ကြားအိုတို့စုံတွဲ ပြန်သွားကြတော့ ငွေတွေက ဘိုးတော်တက်ရှေ့တွင် တစ်ပုံကြီး။ အင်မတန် အားကျဖွယ်ကောင်းသော ပညာရပ်တစ်ခုပါပဲလား။

"ဗျို့ . . . ကိုမောင်တက်၊ ဟောဒီ စာရင်းစာအုပ်မှာ မွေးဖွားလာမယ့်ကလေးကို 'ပုလ္လိင်အမျိုးအစား၊ သားယောက်ျားလေး'လို့ ရေးလိုက်ရမှာလား"

"ဟေ့ . . ဟေ့ အဲသလိုမရေးနဲ့။ 'ဣတ္ထိလိင် အမျိုးအစား သမီးမိန်းကလေး'လို့ရေး . . . "

တိုးမောင် အူကြောင်ကြောင် ဖြစ်သွားသည်။

ဘယ့်နှယ် စောစောက ဟိုလင်မယားနှစ်ယောက်နှင့် သူ့ရှေ့မှောက်မှာတင် 'ပုလ္လိင်စစ်စစ်၊ တစ်နည်းအားဖြင့် သားယောက်ျားလေး'ဟု ပြတ်ပြတ်သားသား တစ်ခွန်းသောစကားကို ဆိုခဲ့သည်။ အားလုံးသည်း နားနှင့်ဆတ်ဆတ် ကြားရခဲ့ပြီးဖြစ်သည်။

ခုကျတော့ ဘာကြောင့် ကပြောင်းတိကပြောင်းပြန် ဖြစ်ရလေသနည်း။ တိုးမောင် ဉာဏ်မမီတော့။ ခေါင်းကို တဗျင်းဗျင်းကုတ်နေမိတော့သည်။

"ဟား . . . ဟား . . . ဟား . . . အဲဒါကြောင့် လိမ်နိုင်မှ သမာဓိ၊ ညာနိုင်မှ ပညာရှိလို့ ပြောတာပေါ့ကွ။

ငါ့ပါးစပ်နဲ့ ဟောလိုက်တာ ပုလ္လိင်-ယောက်ျားလေး၊ အမှန်တကယ် စာအုပ်ထဲရေးမှတ်တော့ ဣတ္ထိလိင်-မိန်းကလေး။ အေး . . . တကယ်လို့ ငါ့ပါးစပ်က ဟောလိုက်တဲ့အတိုင်း ယောက်ျားလေးမွေးရင် ဘာမှ ပြဿနာမရှိဘူး။ ဝမ်းသာအားရနဲ့ ဆရာ့ဟောချက်က ကွက်တိပဲဆိုပြီး လာကန်တော့ချင် ကန်တော့ကြဦးမှာ။ ငါလည်း ပိုနာမည်ကြီးတာပေါ့။ သူတို့မလာလည်း ကိစ္စမရှိဘူး။ ခုပဲ အတော်ရလိုက်ပြီလဲဟာ။

အေး . . တကယ်လို့ ငါက ပုလ္လိင်ယောက်ျားလေး မွေးမယ်ဆိုပြီး ဟောပေမဲ့ တကယ်မွေးလာတော့ ဣတ္ထိလိင် မိန်းကလေးမွေးလာပြီဆိုပါစို့ မနက်ကလို ပြဿနာလာလုပ်လို့ကသေသေချာချာရေးမှတ်ထားတဲ့ ဟောဒီစာအုပ်ကြီးကို သက်သေခံအဖြစ် ထိုးပြမှာပေါ့။ 'နှုတ်တစ်ရာ စာတစ်လုံး'တဲ့ကွ။ တရားစွဲရင်တောင် ဒင်းတို့ ရှုံးမှာ။ ဟဲ . . . ဟဲ ငါ့အကြံမပိုင်လား တိုးမောင်"

"ပိုင်ပါ့ဗျာ။ ဒါထက် မနက်က မိန်းကလေးကို ခင်ဗျား ဟောလိုက်တုန်းက ဘယ်လိုဟောလိုက်တာ လဲ"

"ဟားဟားဟား . . . ပါးစပ်ကတော့ ယောက်ျားလေး စာရင်းရေးမှတ်တော့ မိန်းကလေးပေါ့ကွာ"






www.burmeseclassic.com

www.burmeseclassic.com



တိုးမောင်အဖို့ ပေါက်တောကုန်းရွာသား ကိုမောင်တက်ခေါ် ဘိုးတော်တက်၏ ကလိမ်ကကျစ်ဉာဉ်အား လွန်စွာမှ လက်လန့်လျက်

"ခင်ဗျားကတော့ မွတ်နေအောင်လည်ပါတယ်ဆိုတဲ့
ဂျင်အပေါ်ကိုတောင် တက်စီးနိုင်တဲ့ ထုံးစက်ပဲ"

ဟူ၍ ထောပနာ ပြုလိုက်ပါတော့သတည်း။





**တိုး**
**မောင်**
**တစ်ယောက်** ပေါက်တောကုန်းသို့ ပြန်ရောက်ပြီး သိပ်မကြာ၊ ရန်ကုန်မှ စာတစ်စောင် လူကြုံဖြင့်ရောက်လာသည်။ စာက ကိုမောင်တက် ရေးလိုက်သည့်စာ။

"တိုးမောင် . . .

သတိတရနဲ့ စာလှမ်းရေးလိုက်တယ်။

အမှန်မတော့ ကိုယ့် ဇာတိရပ်ရွာ ဖြစ်တဲ့ ပေါက်တောကုန်းကို ကိုယ်တိုင်ကိုယ်ကျ လာမလို့ပါပဲ။ ဒါပေမဲ့ ငါ့မှာ လုပ်ငန်း'ဝွင်'တွေများနေတာ မင်းအသိပဲ မဟုတ်လား။ မင်းရှိနေတဲ့ ရက်တွေမှာ သိပ်ပျော်တယ်ကွာ။ အဲဒီမှာတင် ငါ့မှာ တိုင်ပင်ဖော် တိုင်ပင်ဖက် အဖော်ကောင်း တစ်ယောက် လိုနေတယ်ဆိုတာသတိပြုမိသွားတယ်။ စိတ်ချလက်ချ ယုံကြည်ရတဲ့သူကို စဉ်းစားကြည့်လိုက်တော့ ကိုယ့်ရပ်ကိုယ့်ရွာသား ဖြစ်ပြီး တစ်ဦးအကြောင်းလေးဦး



www.burmeseclassic.com

www.burmeseclassic.com



အူမချေးခါးပါမကျန် သိထားတဲ့၊ ခင်မင်ရင်းစွဲရှိတဲ့ မင်းကိုပဲ ပြေး မြင်မိတယ် တိုးမောင်ရေ . . .။

ဖြစ်နိုင်ရင် မင်း ငါနဲ့ လာနေပါလားကွာ။ နေဖို့ စားဖို့ ဘာမှမပူရဘူးဆိုတာ မင်းအမြင်ပဲ။ ငါ့ဆီလာနေပြီး အတတ်ပညာတစ်ခုခု သင်ပေါ့ကွာ။ အတတ်ပညာ တစ်ခုခု ရပြီး အလုပ်အကိုင်လေးတွေ ဖြစ်လာတဲ့အခါ ဘွားရွှေစာကို ပြန်ပြီး အထောက်အကူပေး နိုင်တာပေါ့။ မင်းအတွက် အစစအရာရာ တာဝန်ယူပါတယ်။ တကယ်တော့ ရန်ကုန်ဆိုတာ အင်မတန် မျက်စိကြီးနားကြီးတဲ့ ဒေသကွ။ ကိုယ့်ဘဝကိုယ် အခြေမြင့်ဖို့ တစ်ရွာပြောင်းသင့်ရင်လည်း ပြောင်းရတယ်ဆိုတာ ရှည်ရှည်ဝေးဝေး ဘယ်သူ့ကိုမှ မကြည့်နဲ့။ ငါ့ကိုပဲ ကြည့်တော့။

မင်းလည်း ရန်ကုန်ကိုလာတတ်နေပြီပဲ။ ငါ့ဆီလာချင်ရင် လာနိုင်အောင် စရိတ်စကအပြည့်အစုံ ထည့်ပေးလိုက်တယ်။ ဒီအတွက် ဆရာတော်ကြီးနဲ့ ဘွားရွှေစာကို အကျိုးအကြောင်း သေသေချာချာ ပြောပြပေါ့ကွာ။

ဆက်ဆက်မျှော်နေမယ်ဟေ့ . . .။

မင်းရဲ့ . . . .

ဘိုးတော်တက် (ဝါ) ကိုမောင်တက်"

စာဖတ်ပြီး တိုးမောင် စဉ်းစားရတော့သည်။

မစဉ်းစားလို့လည်း မဖြစ်။ ဘဝတစ်ခုဆိုသည်မှာ သည်လို ချည်း ပုံသေစခန်းသွားနေလို့မဖြစ်။ တစ်နေ့ထက်တစ်နေ့၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက်တစ်နှစ် အသိပညာ၊ ဗဟုသုတ၊ စီးပွားဥစ္စာတွေ တိုးပွားဖို့ လိုသည်မဟုတ်လား။





ချစ်ရသော ပေါက်တောကုန်းဆိုသည့် ဇာတိချက်မြှုပ် ရွာက လေးနှင့် အစစအရာရာ ခေတ်မီတိုးတက်ဖွံ့ဖြိုးလှသော အတွေ့အကြုံ အမြင်သစ်တွေ လွှမ်းခြုံသော မြို့တော်ရန်ကုန်ကြီးနှင့် ချိန်ထိုးနှိုင်းဆ ကြည့်သည်။ မြို့တော်ရန်ကုန်ကို ကံကောင်းထောက်မစွာ ရောက်ခဲ့ ပြီးသကာလ၊ အခြေချနေထိုင်ပြီး ဘဝတိုးတက်လမ်း ရှာဖွေရန် အခွင့် အရေးကလည်း ရေကန်အသင့်၊ ကြာအသင့် ဖြစ်လာပြီဆိုတော့ 'အခွင့် သာခိုက်၊ သင်မလိုက်က၊ အမိုက်နင့်ပြင် ရှိပါဦးမလား"ဟု ဆိုရပါချိမ့်။

သည်တော့ ဆရာတော်ကြီးနှင့် ဘွားရွှေစာတို့ကို လျှောက်ထား ဖွင့်ပြော တိုင်ပင်ရသည်။

"ကောင်းတယ် ဒကာမကြီး . . . ကောင်းတယ်။ ဒါဟာ တိုးမောင်အတွက် ကံလမ်းပွင့်တာပဲ။ တော်ရုံတန်ရုံ ရောက် နိုင်ခဲတဲ့ နေရာကို ရောက်ရတော့ မယ်။ ကူညီမယ့်သူက လည်း သူစိမ်းတစ်ရံဆံမဟုတ်ဘူး။ ကိုယ့်ဇာတိရပ်ရွာမှာ ချက်မြှုပ်ခဲ့တဲ့လူ . . .။ ဒီတော့ ကျုပ်သဘောပြောရရင် တိုးမောင်ကို ခွင့်ပြုစေချင်တယ်"

"တင်ပါ့ဘုရား . . . တပည့်တော်မအနေနဲ့ မြေးလေးကို မခွဲချင်ပေမဲ့ သူ့ဘဝ အနာဂတ်ကောင်းစားဖို့အတွက် ခွင့်ပြု ဖို့ ဆုံးဖြတ်ထားပါတယ် ဘုရား"

"ကိုင်း . . . ကြားလား တိုးမောင်"

"ဘုရား"

"ကဲ . . . တိုးမောင်၊ မင်းဘဝ ကောင်းစားရေးအတွက် ငါတို့ဘက်က ဘာမှတားဆီးကန့်ကွက်စရာ မရှိဘူး။ ခွင့်ပြု လိုက်ကြပြီ။ အဲ . . . မင်းအပိုင်းက ကိုယ့်ဘဝ တိုးတက်ဖို့ရာ အတွက် ရည်ရွယ်ချက် ကြီးကြီးမားမားထားပြီး ကြိုးစား သွားဖို့ပဲရှိတယ်။ အဲဒီမှာ တိုးတက်မှုကို အဟန့်အတား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေမယ့် အပျော်အပါးတွေ၊ လောင်းကစားမှုတွေ၊ သောက်စားမှုတွေကို ရှောင်ကြဉ်ပါ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာနဲ့ ကိုယ့်အပေါ် ကျေးဇူးပြုခဲ့တဲ့ ကျေးဇူးရှင်တွေကို မမေ့ပါနဲ့။ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဇာတိကို မမေ့ပါနဲ့။ ကိုယ့်ဘဝမြင့်မားလာရင် ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်ရပ်ကိုယ့်ရွာရဲ့ဂုဏ်ကို မြှင့်တင်ပါ”

“တင်ပဲ့ါဘုရား။ တပည့်တော် မြေဝယ်မကျ နားထောင်ပါ့မယ် ဘုရား”

“သာဓုဗျာ . . သာဓု . . သာဓု”

ဆရာတော်ကြီးနှင့် ဘွားရွှေစာတို့ကို ဦးနှိမ်ဝပ်တွား ရှိခိုးလိုက်သည်။ ဘွားရွှေစာမှာတော့ ဝမ်းသာဝမ်းနည်းဖြင့် မျက်ရည်ကလေး တစမ်းစမ်း။

“ငါ့မြေးလေး ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အနာမျိုးကိုးဆယ့်ခြောက်ပါး ကင်းဝေးပါစေ၊ သွားလေရာ၊ လာလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့။ လုပ်ကိုင်ကြံစည်သမျှ ထီးစွ အဝဝတို့ ချောမွေ့ပြေလည် အောင်မြင်မှုတွေရပါစေ”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေ . . . ဘွား”

တိုးမောင်အတွက်တော့ ဘဝတိုးတက်ရေးအတွက် အခန်းကဏ္ဍတစ်ခုကို ဖွင့်လှစ်ရတော့မည်။

သည်သို့ ဖွင့်လှစ်နိုင်ရန်လည်း အားတွေအင်တွေ ပြည့်ပြည့်ဝဝ ရှိနေရမည်ပဲလေ။

ခုဆိုလျှင်ဖြင့် တိုးမောင်တစ်ယောက် ကိုမောင်တက်ထံ ရောက်ရှိခဲ့သည်မှာ တစ်လကိုးသီတင်း ပြည့်ပေရော့မည်။

ကိုမောင်တက်အဖို့ ၎င်းအတွက် တိုးတိုးဖော် ရသည့်အတွက် ပျော်ရွှင်နေလေ၏။ တိုးမောင်သင်လိုသည်ဆိုသည့် ရေဒီယိုပြင်သင်တန်းသို့ ပို့ဆောင်အပ်နှံပေးပြီး သင်ကြားစေ၏။

“ရေဒီယိုပြင်တဲ့ပညာ၊ နာရီပြင်တဲ့ပညာ၊ မော်တော်ယာဉ်ပြင်တဲ့ပညာတွေဆိုတာ ဘယ်တော့မှ ခေတ်မတိမ်ကောဘူးကွ။ ပညာတကယ်တတ်မြောက်ပြီး ရိုးရိုးသားသား လုပ်ကိုင်စားလို့က ဘယ်တော့မှ ထမင်းမငတ်ဘူး။ အရင်းအနှီးရှိရင် ရှိသလောက် တိုးချဲ့တတ်ရင် ကြီးပွားချမ်းသာမှာ အသေအချာပဲ”

“ဟုတ်တယ် . . . ကိုမောင်တက်”

သည့်အတွက်ကြောင့်လည်း ရေဒီယိုပညာ၊ အသံချဲ့စက်ပညာတို့ကို သေချာစွာ ဆည်းပူးလေ့လာပြီး လက်တွေ့ဖြုတ်သည်၊ တပ်ဆင်သည်၊ စမ်းသပ်သည်။ နဂို အခြေခံက ဉာဏ်ကောင်းသူပီပီ ဆရာတသည်၊ တစ်ထွာလောက်ပြသည်နှင့် တစ်တောင်လောက်မြင်တတ်လေရာ သင်တန်းကာလ မကြာခင်မှာပင် ဆရာ့ဆိုင်သို့ လာရောက်အပ်နှံသော ရေဒီယိုပျက်များကို တိုးမောင် ပြင်ပေးနိုင်သည့်အဆင့်သို့ ရောက်လေပြီး သည့် အတွက် ဆရာက ပြုပြင်ခရသည့်ငွေကို အချိုးကျခွဲဝေပေးသည်။ သည့်အတွက် ပျော်လိုက်သည့်ဖြစ်ခြင်း။

“အဲဒါ . . သန့်စင်တဲ့ငွေကြေးကွ။ ငါရတဲ့ ငွေတွေထက် မင်းငွေက အင်မတန်ဖြူစင်တယ်။ ဒီတွေ့ စုသာထား။ တော်တော်လေး ရလာပြီဆိုရင် ဆရာတော်ကြီးနဲ့ ဘွားရွှေစာကို ကန်တော့လို့ရတာပေါ့ကွာ။ သူတို့က မင်းရဲ့ကျေးဇူးရှင်တွေပဲ မဟုတ်လား”

“ကိုမောင်တက်ကြီးလည်း ကျွန်တော့် ကျေးဇူးရှင်ပါပဲဗျာ”

“ဟာကွာ . . . ၊ ငါ့ကို အဲသလို သဘောမထားပါနဲ့ ကွညီ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခွင့်ရှိလို့ ကူညီရတာပဲ။ ဟော. . . ထမင်းချိုင့်တောင် လာပို့နေပြီ။ ရေမိုးချိုးပြီး စားကြမယ်ကွာ။ ဒီနေ့ သင်တန်း ပိတ်တယ်မဟုတ်လား"

"ပိတ်တယ်လေဗျာ"

"အေး . . နေ့လယ်နေ့ခင်းကျရင် ကမ္ဘာအေးဘက်က ပွဲဈေးတန်းကို လျှောက်ကြမယ်ကွာ။ အဲဒီကျရင် လူတွေ အကြောင်း၊ လောကအကြောင်းကို လက်တွေ့ပြမယ်။ ကဲ ငါရေချိုးလိုက်ဦးမယ်။ ချိုင့်ယူပြီး ပြင်ပေတော့"

ပြောပြောဆိုဆိုနှင့် ရေလဲလုံချည်ကို ပခုံးတင်လျက် ရေချိုး တိုင်ကီရှိရာသို့ ဆင်းသွားသည်။

"ဒီနေ့ ဘာတွေချက်လာသလဲ . . အေးမို"

"အစ်ကိုလေးတို့ စားမြိန်အောင် ငရုံ့ခေါင်းဟင်း ချိုချဉ် အရည်သောက်ရယ်၊ ဝက်သနီရယ်၊ တညင်းသီးပြုတ် တို့စရာ ရယ်၊ ပန်ထွေငါးပိဖျော်ရယ် ထည့်ခဲ့တယ် ကိုတိုး"

"အေး. . . ကောင်းတယ်ဟာ။ အေးမိုအမေကြီး ကြီးလှ ရဲ့လက်ရာက တကယ့်ကိုကောင်းတယ်။ ဘယ်လောက်စားရ စားရ ရိုးတယ်မရှိဘူး"

"အေးမိုလည်း ချက်တတ်ပါတယ် ကိုတိုးရဲ့"

"ဒါဆိုရင် အေးမိုရဲ့လက်ရာကို တစ်သက်လုံး စားချင်တော့ တာပဲ"

"ဟွန်းနော် . . စကားက"

"အဟဲဟဲ . . တကယ်ပြောတာပါ အေးမိုရဲ့"

"တော်ပါ . . ၊ ဩော် . . ဒါထက် အေးမိုတို့ဆိုင်က ရေဒီယိုက လိုင်းတွေသိပ်မမိချင်ဘူး။ တစ်ချက် တစ်ချက် လွတ်လွတ်နေတယ်။ အဲဒါ ကိုတိုး ပြင်ပေးမလားဟင်"





"လက်ခက ဈေးကြီးတယ်နော်"

"ဘယ်လောက်များ ပေးရမှာတဲ့တုံး"

"၁၅၀၀ လေ"

"အယ် . . ကြည့်စမ်း . . ကြည့်စမ်း၊ ကိုတိုးနော်။ ရောတ် စတုန်းကလို ရိုးရိုးသားသားမဟုတ်တော့ဘူး။ စကားတွေ တော်တော်တတ်။ ဒါကြောင့်မို့ 'တောသားရဲရင် ဆွဲတောင် ထုတ်ရတယ်'ဆိုတဲ့စကား ပေါ်လာတာ ဖြစ်မှာပဲ"

အေးမိုတို့ သားအမိက ရွှေတိဂုံဘုရားအရှေ့ဘက် စောင်းတန်း အနီးတွင် ထမင်းဆိုင်ဖွင့်ထားသည်။ အေးမိုတို့မှာ အမေတစ်ခု၊ သမီး တစ်ခု။

အေးမို၏ဖခင် ဒေါ်လှမြိုင်ကား မုဆိုးမတစ်ဦး။ မုဆိုးမဆို သော်ငြား အသက်က အရမ်းကာရော ကြီးလှသည်မဟုတ်သေး။ မသ ကာရှိလှမှ လေးဆယ်ကျော်သာသာရယ်။ တစ်ဦးတည်းသောသမီးက လေး အေးမိုက အသက် (၁၈) နှစ်ခန့်။

အလှတွေ ပွင့်ပြူလန်းဆန်းစအရွယ်မို့ အေးမို၏အလှကို မြင် တွေ့ရသူ ဖိုသတ္တဝါတို့အဖို့ ရင်ခုန်တိမ်းမက်ဖွယ်ရာပါတည်း။ ဖူသည့် နေရာဖူ၊ လုံးသည့်နေရာလုံး၊ ဖွံ့သည့်နေရာဖွံ့၊ သွယ်သည့်နေရာသွယ်၊ ကားသည့်နေရာကားနှင့် တကယ့်ကို စိတ်လှုပ်ရှားဖွယ်။ သည့်အတွက် ကြောင့်လည်း ဘယ်ရည်းစားသနာမှ မထားခဲ့ဖူးသော တိုးမောင်အဖို့ အေးမိုနှင့် တွေ့လိုက်ပြီးသည့်သကာလ သူ့နှလုံးသားတို့ လှုပ်ရှားတာ နှတ်ဖျားလွှာမှာ သံယောဇဉ်စကားတို့ ပေါ်လာရသည်။ အေးမို၏ ရွှန်းလဲ့နေသော မျက်လုံးရွဲကြီးများကို မြင်ရလျှင် တိုးမောင်၏ရင်အစုံမှာ ဒိန်းခနဲ ဒိန်းခနဲ ဖြစ်လာရချေသည်။

ကိုမောင်တက်က တစ်ကိုယ်ရည် တစ်ကာယသမားဆိုတော့ ကနဦးကတည်းက အေးမိုတို့ ထမင်းဆိုင်တွင် လပေးစားခဲ့သည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ တိုးမောင်ပါရောက်လာလေတော့ ဆိုင်သွားမစားတော့ဘဲ အိမ်မှာ ချိုင့်ဆွဲစားတော့သည်။ ဆိုင်ထမင်း၊ ဆိုင်ဟင်းဆိုသော်လည်း အိမ်ချက်လက်ရာနှင့်မခြား၊ စားကောင်းသောက်ကောင်း ရှိလှသည်။ အေးမိုက သွက်လက်ချက်ချာစွာဖြင့် စားပွဲခုံပေါ်ရှိ ပန်းကန်များအတွင်းသို့ ထမင်းဟင်းများကို လှယ်ပေးခဲ့ပြီး ချိုင့်ဆွဲကာပြန်ဖို့လုပ်သည်။

"မနက်ဖြန် . . ရေဒီယိုယူခဲ့လေ။ သင်တန်းကို ယူသွားပြီး ပြင်လာပေးမယ်"

"ကျေးဇူးပဲ"

"အဲဒီအတွက် . . ၁၅၀၀"

"သွား . . "

အေးမို ရှက်စနိုးဖြင့် စိတ်ဆိုးဟန်မရှိသော မျက်စောင်းကလေး ထိုးကာ ထွက်ခွာသွားတော့ ကြည်နူးပီတိဖြစ်ပြီး ကျန်ရစ်သူမှာ တိုးမောင်ဖြစ်လေသတည်း။

မကြာခင် ကိုမောင်တက်နှင့် တိုးမောင်တို့ ထမင်းဝိုင်း ထိုင်ကြသည်။

"ကောင်မလေးက မဆိုးဘူးကွ"

"သူ့အမေကြီးလည်း မဆိုးပါဘူးဗျာ"

"အဲဟေး. . . ဟေးတစ်နေ့နေ့ တစ်နေ့နေ့တော့. . . "

ကိုမောင်တက်က သည်မျှနှင့်စကားဖြတ်ကာ ၎င်း၏ ထမင်းပန်းကန်ထဲသို့ ဝက်သားနီတုံးကလေးများကို ခပ်ထည့်လိုက်လေသည်။





ထစ္ဆာ

အေး

ထုရားဝွဲ။

နေ့လယ်နေ့ခင်းမို့ ညဘက်လောက် ပရိသတ်မများပြား။

ပွဲဈေးတန်း၏ ခပ်လှမ်းလှမ်းမှာတော့ နတ်ဝင်သည် အဖျိုဟိုင်းကြီး ဒေါ်မြမြလှိုင်အဖို့ သူမ၏ နတ်ပေဒင်ဆိုင်ခန်းကလေး၌ သနပ်ခါးတို့နေအောင်လူးလျက် စိန်အတုနားကပ်ကြီးကိုပန်ရင်း နတ်မေးလာမည့်သူများကို စောင့်မျှော်နေလေသည်။ ပေဒင်ဟောကြားရာ ကွပ်ပျစ်ပေါ်မှာတော့ ပုခက်ကလေးတစ်ခုရှိ၏။ ပုခက်ထဲတွင် မနဲ့လေးနတ်ရုပ်တို့ အဝတ်တန်ဆာများ ဆင်ယင်၊ အမွှေးနံ့သာများ ပက်ဖျန်းကာ အိပ်ခိုင်းထားလေသည်။ အိပ်ပျော်စေရန်လည်း ပုခက်ကြိုးကို ဖြည်းညင်းစွာဆွဲပေးနေ၏။ ပုခက်ထဲရှိ နတ်ရုပ်ကလေးကား ပန်းပုဆရာကြီး ဦးဖိုးဇော လက်ရာဖြစ်၏။

နတ်ဝင်သည် ဒေါ်မြမြလှိုင်အဖို့ သူမထံ နတ်မေးလာကြသူတို့ကို ဆန်းစစ်လိုက်သောအခါ လင်ကွာမယားကွာများ၊ ကွယ်လွန်သူတို့ မည်သည့်ဘဝရောက်နေသည်ကို သိလိုကြသူများ၊ သမီးရည်းစားတို့စ

www.burmeseclassic.com



အဆင်မပြေသူများ၊ ဥစ္စာပစ္စည်းပျောက်သည့်ကိစ္စများက အများဆုံးဖြစ်နေသည်။

မနဲ့လေးတစ်ဖြစ်လဲ မမနဲ့ကား နတ်တကာအပေါင်းတွင် လွန်စွာမှ သဘောသဘက္ကာရကောင်းသည့် နတ်ကလေးပင် ဖြစ်လေသည်။ အချို့က သဘောကောင်းသည့် နတ်ကလေးကိုပင် ဒေါသမထွက် ထွက်အောင် စ,တတ်ကြသည်။ ထိုသို့ နောက်ပြောင် စလာလျှင် ဒေါသထွက်လာသည့်တိုင် မမနဲ့၏နှုတ်မှ မည်သည့် ဖရုသဝါစာ ကြမ်းတမ်းရိုင်းပျသော စကားကိုမဆို။ စကားမပီကလာပီကလာဖြင့် နှာခေါင်းသံအပြည့် . . .

"ဟဲ့ . . ဂျပိုးကိုက်မယ့်ကောင်တေ၊ ကင်းကိုက်ခံရမယ့်ကောင်တေ"

ဟူ၍သာ-တုံ့ပြန်တတ်သည်။ အထူးသဖြင့် သမီးရည်းစားစိတ်ဆိုးစိတ်ကောက်များ၊ တစ်ဦးနှင့်တစ်ဦး အထင်လွဲမှုများအပေါ်တွင် မမနဲ့သည် စေတနာ၊ ဝါသနာ၊ ကရုဏာ အပြည့်ဖြင့် မပြေလည်စရာအကြောင်းကိစ္စ မရှိရလေအောင် ကိုယ်ဖိရင်ဖိ ကူညီပေးသဖြင့် ပြေလည်သွားကြသူတွေ တစ်ပုံတစ်ပင်။

"ဟော. . . လူနှစ်ယောက်၊ ငါ့ဆိုင်ဘက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေပါကလား"

ဖောက်သည်ကို မျှော်လင့်နေသော အပျိုဟိုင်းကြီး ဒေါ်မြမြလှိုင်အဖို့ သည်ကနေ့တစ်နေ့လုံး ဈေးဦးမပေါက်သေးသဖြင့် 'ငါ့ဆိုင်ကို ဝင်လာကြပါစေ . . ငါ့ဆိုင် ဝင်လာကြပါစေ' ဟု အသံတိတ် ဆီမန်းမန်းရင်း ပုခက်ကလေးကို ဖြည်းညင်းစွာ လွှဲပေးနေလေသည်။

လူနှစ်ယောက်ကား အခြားမဟုတ်။

ကိုမောင်တက်နှင့် တိုးမောင်တို့နှစ်ယောက်ပါတည်း။

"ဘုရားကို အရင်ဖူးလိုက်ဦးမယ်ကွာ။ ပြီးတော့မှ မေးကြ





တာပေါ့။ လောကမှာ လူလည်တွေ ဘယ်လောက်များတယ်ဆိုတာ မင်းကို လက်တွေ့ပြချင်လို့။ ဒါမှလည်း ငါ့အပေါ် မင်းနားလည်မှုရှိမှာ"

"ကြည့်လည်းလုပ်ပါ ကိုမောင်တက်ရယ်။ တော်ကြာ ဖြေပေါက်မှားနေပါဦးမယ်"

"အသာနေစမ်းပါကွာ။ ငါ့အလုပ် ငါသိပါတယ်။ ဘေးကနေပြီး အသာ ဗဟုသုတယူစမ်းပါ။ ကဲ . . ဘုရားသွားဖူးလိုက်ကြရအောင်"

နတ်နန်းရှိရာသို့ ကွက်ကြည့်ကွက်ကြည့်လုပ်ခဲ့ပြီး သကာလ နတ်နန်းရှိရာမလာဘဲ ဘုရားပေါ် တက်သွားလေသည့်အတွက် နတ်ဝင်သည့် ဒေါ်မြမြလှိုင်အဖို့ ဟာခနဲ ဖြစ်သွားရလေသည်။

"ရောက်ရောက်ချင်း ဘုရားအရင်ဖူးတာ ဖြစ်မှာပဲ။ ဘုရားက ပြန်ဆင်းရင် ဝင်ကောင်းဝင်လာနိုင်ပါရဲ့။ ဘုရားသိကြားမလို့ ဈေးဦးကလေးပေါက်ရအောင် ကူညီညာ မှိုင်းမတော်မူကြပါဦး"

သည်သို့ ရေရွတ်ပြီး အမွှေးနံ့သာများ အသာပက်ဖျန်း လိုက်ပြန်သည်။ သိပ်မကြာလိုက်၊ ဘုရားပေါ်မှ ပြန်ဆင်းလာသော ကိုမောင်တက်နှင့် တိုးမောင်လည်း မနဲ့လေးနတ်နန်းသို့ တန်းတန်းမတ်မတ် လျှောက်လာကြလေ၏။

"ဟော . . ဘုရားသိကြား မ,ပြီ"

ဒေါ်မြမြလှိုင် ဝမ်းသာသွားသည်။ ဝမ်းသာသည်နှင့်အမျှ ပုခက်ကိုလည်း တအားပင် လွှဲပေးနေမိသည်။

"လာကြပါ. . . လာကြပါ။ မမနဲ့နတ်နန်းက ကြိုဆိုပါတယ်"

"ဟုတ်ကဲ့. . . မမနဲ့ကို မေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ . . မေးပါ။ မမနဲ့က မေးသမျှကို တိတိကျကျ ဖြေပေးမှာပါ။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေး ကိစ္စအဝဝကို ကူညီဖြေရှင်းပေးမှာပါ"

"ဝမ်းသာလိုက်တာဗျာ။ ကျွန်တော် မေးချင်တာကလည်း အိမ်ထောင်ရေးကိစ္စပါပဲ ခင်ဗျ"

အမေးအဖြေ ပြုနေကြသူတို့ကား နတ်ဝင်သည် ဒေါ်မြမြလှိုင်နှင့် ကိုမောင်တက်တို့ပဲ ဖြစ်ချေသည်။ တိုးမောင်ကမူ လေ့လာသူသက်သက်တည်း။ ၎င်းတို့နှစ်ဦး စကားအသွားအလာ အဆင်ချောသွားသည့်နောက် သတ်မှတ်ထားသော ရေစင်ဖိုးငွေကြေးကို ကိုမောင်တက်မှ တင်လိုက်သည်။

"လာဘ်လာဘတိုးပွားချင်တယ်ဆိုရင်လည်း မမနဲ့က အစွမ်းကုန် ကူညီပေးပါတယ်။ အဲဒီအတွက် ရွှေပဝါတို့၊ ပန်းတို့၊ အမွှေးနံ့သာတို့ ဆက်ကပ်နိုင်ပါတယ်"

"ဟုတ်ကဲ့ . . . ဆက်ပါ့မယ်။ မေးချင်စိတ် ပြင်းထန်လွန်းလို့သာ မေးရမှာ ရင်ထဲမကောင်းဘူး အစ်မကြီးရယ်"

ကိုမောင်တက်၏ မျက်နှာကား ပြောဆိုရင်းမှ ညှိုးလျှသွားသည်။ သည်ကတည်းက အပူသည်များစွာနှင့် ထိတွေ့ခဲ့ဖူးလေသော ဒေါ်မြမြလှိုင်အဖို့ ချက်ဆို နားခွက်က ထောက်ခနဲ မီးထတောက်ပြီး ဖြစ်သွားရသည်။

စဝင်လာကတည်းက အိမ်ထောင်ရေးကိစ္စ မေးချင်လို့ ဆိုတော့ ကာ မဟုတ်မှလွဲရော၊ ဒင်း မိန်းမ လင်ငယ်နောက်လိုက်သွားတာ ဖြစ်ချင်ဖြစ်မည်၊ နောက်မီးပွင့်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မည်၊ ဒါမှမဟုတ် ဒင်းမိန်းမ မာလကစျာန်ကြွသွားတာလည်း ဖြစ်မည်။ တစ်ခုမဟုတ် တစ်ခုခုဟု နားလည်လိုက်မိသည်။

"ငါ့မောင်က ရေစင်ဖိုးလည်းတင်၊ မမနဲ့အတွက် ရွှေပဝါဖိုးလည်း တင်တယ်ဆိုတော့ မမနဲ့ သိပ်သဘောကျနေပြီ ထိုင်း ဘာများမေးချင်သလဲ ငါ့မောင်"





ရေစင်ဖိုးသာမက ရွှေပဝါဖိုးပါရလေတော့ ဒေါ်မြမြလှိုင်ရင်ထဲ ကုလားဘုရားလှည့်ကာ အခေါ်အပြောတွေလည်း ညက်သွားခဲ့ရသည်။

"ဟုတ်ကဲ့ . . . ပြောရရင် ရင်ထဲ မချိတော့ဘူး အစ်မကြီးရယ်"

"ပြောမှ ဖြစ်မယ့်ကိစ္စမို့ ပြောသာပြောပါ ငါ့မောင်ရယ်။ လောကကြီးမှာ မပြောမပြီး မတီးမမြည် . . တဲ့။ ပြောသာပြော . . မေးသာမေး . . မမနဲ့ကိုပင့်ပြီး အခက်အခဲမှန်သမျှကို ဖြေရှင်းပေးမယ်"

"အားကိုးပါတယ် အစ်မကြီးရယ် . . .။ ဒီလိုပါခင်ဗျာ။ ကျွန်တော် အင်မတန်မှ ချစ်ရတဲ့၊ ကျွန်တော့်အပေါ်ကိုလည်း သိပ်ချစ်၊ သိပ်သစ္စာရှိတဲ့ ကျွန်တော့်မိန်းမဟာ ပြီးခဲ့တဲ့ တစ်ပတ်ကျော်ကပဲ အမျိုးသမီးရောဂါနဲ့ တိမ်းပါးသွားပါတယ်။ အဲဒီအတွက် သူ့ကိုရည်စူးပြီး ဘုရားမှာကောင်းမှုလာလုပ်ရင်း သိချင်တာလေးတွေ မေးဖို့လာခဲ့တာပါ"

ဒေါ်မြမြလှိုင်အဖို့ သူထင်ထားသည့် တစ်ခုမဟုတ် တစ်ခုခုထဲမှ တစ်ခုခုနှင့် ကိုက်ညီသွားလေသည့်အတွက် သူ့အပေါ် သူ ကျေနပ်သွားရသည်။

"အင်း . . . ငါ့မောင်အဖြစ်က စိတ်မကောင်းစရာပါပဲလား။ ပြောပါဦးကွယ်။ သူ့ ဘာနေ့သမီးဆိုတာ"

"တနင်္ဂနွေသမီးပါ . . 'မအောင်မင်း' တဲ့ခင်ဗျ"

မျက်နှာကလေး ညှိုးငယ်စွာဖြင့် မင်သေသေဖြီးလျက် ရှိသော ကိုမောင်တက်ကိုကြည့်ကာ နံဘေးမှ တိုးမောင်ပင် ရယ်ချင်စိတ်တို့ မနည်းမြိုသိပ်ထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမြလှိုင်လည်း လုပ်နေကျ ထုံးစံအတိုင်း မမနဲ့၏ပုခက်ကို အမွှေးနံ့သာများ တောက်လိုက်ပြီး ယပ်တောင်ဖြင့် အသာကလေး ခတ်ပေးလိုက်သည်။ ပြီးတော့ လက်အုပ်ချီကာ ပါးစပ်မှ တိုးတိုးတိုးတိုး ရွတ်သည်။ ဇက်က တဖြည်းဖြည်းပုဝင်ကာ တဝါးဝါးသမ်းလျက် ကိုယ်ဟန် အနည်းငယ်ယိမ်းကာ မျက်လုံးတွေမှေးစင်းလာတော့၏။

"ဟော့. . . မောင်ယေး. . . မမနဲ့ကို ဘာကိတ်ချတွေ တိချင်တာလဲ မေးတာမေး။ မမနဲ့ မောင်ယေးတိချင်တာတွေ အတုန်ရုံး ကြောကြမယ်"

စကားသံက ကလေးအသံ။ မူလပကတိ ဒေါ်မြမြလှိုင်၏ အသံနှင့် လုံးဝဆို လုံးဝ ကွာခြားသွားသည်။

"ဟုတ်ကဲ့ပါ. . . မမနဲ့။ ခု ကျွန်တော်သိချင်တာက ကျွန်တော့်ရဲ့မိန်းမ တနင်္ဂနွေသမီး မေအောင်မင်းဟာ ဘဝတစ်ပါးကို ကူးပြောင်းရောက်ရှိသွားတဲ့အခါ ဘယ်ဘဝများ ရောက်နေတယ်ဆိုတာ သိချင်လို့ပါခင်ဗျ"

နတ်ဝင်သည် ဒေါ်မြမြလှိုင်လည်း မျက်လုံးကလေးများ မှေးစင်းရင်း တဟင်းဟင်းအသံပြုလျက် . . .

"အထု. . . မောင်ယေးရဲ့မိန်းမ တနင်းဂယွေတမီး မေအောင်မှင်းဟာ တေခါနီး အယူတိမ်းပီး. . . ဂျီးကွက်မကလေးဖစ်နေယယ်။ ညညချိုယင် မောင်ယေးတို့အိမ်နားက တုတ်တိုပင်ခေါင်းကထွက်ပီး 'ဂျိကွဲ . . ဂျိကွဲ' လို့ အော်နေယိမ့်မယ်"

"ဖြစ်မှဖြစ်ရလေ မမနဲ့ရယ်။ ကျွန်တော့်မိန်းမဟာ ဇီးကွက်ဖြစ်နေတယ် . . ဟုတ်လား။ ဒါ့ကြောင့်ထင်ရဲ့ ညည 'စိကွဲ စိကွဲ' ဆိုပြီး အသံတွေ ကြားနေရတာကိုး။ ဒါထက် သူ့ရဲ့ ဝိညာဉ်ကို ခေါ်ပေးနိုင်ရင် ခေါ်ပေးပါလားဟင်။ စကားတစ်





ခွန်းနှစ်ခွန်းလောက် ပြောချင်လို့ပါ"

တိုးမောင်ခမျာ ရယ်ချင်နေမိသည်။ သို့သော် အရှိန်တွေပျက်သွားမည်စိုး၍ မရယ်ရဲ။ နတ်ဝင်သည်၏ အဖြီးအဖြန်းကို အထဲထော်နေလျက်။

"ခေါ်ယို့ရတာပေါ့ မောင်ယေးရယ်။ ဒါပေမဲ့ တူနဲ့ဗျာတား ကြောတဲ့အခါ ပွတ်တီးပွတ်တတ် ဟိုကိုင်ဒီကိုင် အယုတ်ရဘူးနော်"

"စိတ်ချပါ မမနဲ့ရယ်။ ကျွန်တော့်စိတ်ကို ကျွန်တော် နိုင်ပါတယ်"

ထိုအချိန်မှာပင် ဒေါ်မြမြလှိုင်သည် ဝါးခနဲသမ်းကာ စကားပြောတော့၏။ စကားသံက မမနဲ့သံ မဟုတ်တော့။ မူလ ပကတိအသံ။ မျက်လုံးကတော့ မှေးစင်းနေဆဲ။

"ပြောလေ. . . မောင်လေး၊ မောင်လေး ဘာပြောမလို့လဲ။ သိပ်အချိန်ပေးလို့မရဘူး"

ထိုစဉ်မှာပင် ကိုမောင်တက်သည် ထိုင်ရာမှ ဝုန်းခနဲ နေရာရွှေ့လိုက်ပြီး အပျိုကြီးအား ဖြုန်းခနဲလှမ်းဖက်ကာ ပါးပြင်အား ရွှတ်ခနဲနမ်းကာ . . .

"အောင်မယ်လေး. . . တန်လိုက်လေဗျာ"

ဟုပြောလျက် တိုးမောင်အား ပခုံးပုတ်ရင်း ဆိုင်အပြင်ဘက်သို့ သုတ်ခြေတင်သွားလေတော့၏။

"တောက် . . မသာကောင်၊ သေချင်းဆိုး၊ ဘောက်ဖတ်မသား။ ငါ့များ မလိမ့်တပတ်လုပ်ပြီး ဖက်လည်းဖက်၊ နမ်းလည်းနမ်းသွားတယ်။ ပါးစပ်ကလည်း အာပုပ်နံ့ကို တောင်လို့"

ကိုမောင်တက်တို့နှစ်ဦးသား ပရိသတ်လူအုပ်ကြားထဲ တိုယ်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖျောက်သွားချိန်မှာတော့ နတ်ဝင်သည်အဖျိုကြီး ဒေါ်မြမြလှိုင်မှာ ဖသောဖသဝေဒနာကိုခံစားရင်း ပွစိပွစိ ဖြစ်ကျန်ရစ်လေသတည်း။





**'နေ**
**မြင့်**
**လေ** အရှုးရင့်လေ' လို့တော့ မသုံးနှုန်းချင်ပါ။

ထိုအသုံးအနှုန်းအစား 'နေမြင့်လေ အချစ်ဒီဂရီတွေ တိုးလာလေ' ဟုပဲ သုံးနှုန်းချင်ပါသည်။ စေ့စေ့တွေးတော့ ရေးရေးပေါ် ဆိုသလို သေသေချာချာတွေးကြည့်လေ အေးမှိအပေါ် တိုးမောင်၏ အချစ်စိတ်တွေက မိုးဦးကျလေဦးကျအခါမှာ ရေစီးကမ်းပြိုလိုက်လေသည့်အလား ဆီးမနိုင်တားမရ အချစ်ဒီဂရီတွေ မြင့်တက်ခဲ့ရပါပကော။

တုတ်တုတ်ခဲခဲနှင့် အရိုက်အဖို၊ အဖုအဖောင်း၊ အလုံးအတွန်၊ အခုံးအထစ်တွေက ရင်မခုန်ခဲ့ဖူးသောတိုးမောင်၏ ရင်ဘတ်ကြီးအား လှေျင်တွေ လှုပ်ရှားစေခဲ့သည်။ အထူးသဖြင့် အမြဲတမ်းအရည်လဲ့တော ရွှန်းရွှန်းစိုနေတတ်သည့် အေးမှိ၏ မျက်လုံးရွှဲကြီးတွေနှင့် ရင်ဆိုင်ရလေတိုင်း တိုးမောင်ရင်ထဲ ဒိန်းခနဲ ဒိန်းခနဲ။

ကြာလျှင်ဖြင့် ခက်ပဲခက်ရချည့်။

သူ့ကိုယ်သူ ပြန်လည်မေးခွန်းထုတ်ကြည့်သည်။

"ဟော့ကောင် . . တိုးမောင်၊ မင်း အေးမှိကို ချစ်နေတာသယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

သူ့အမေးကို သူပဲ ပြန်ဖြေပါ၏။

"ဟုတ်တယ်ကွာ။ ငါ အေးမှီကို နှစ်နှစ်ကာကာ ချစ်နေပြီ"

ဤ၌ နှစ်ကိုယ်ခွဲ ပါစင်နယ်အင်တာဗျူးတစ်ခု ဖြစ်သွားခဲ့လေ၏။

"ချစ်တာပဲကွာ . . . . ဖွင့်ပြောလိုက်ပေါ့။ အချစ်နဲ့ ချောင်းဆိုးတာတို့၊ လေလည်ချင်တာတို့ဟာ အောင့်ထားဖို့ မကောင်း ဘူးတဲ့။ ကြာရင် လူကို ဒုက္ခပေးတတ်သတဲ့။ ဖွင့်ပြောလိုက် . . . ဖွင့်ပြောလိုက်"

"ပြောတော့ ပြောချင်တယ်။ မရဲဘူး ဖြစ်နေတယ်"

"အဲဒါ ခက်တာပေါ့ကွ။ မင်းမှာ ဘွားရွှေစာရဲ့သွေးတွေ အပြည့်ပါနေတယ်ဆိုတာကို မေ့မထားနဲ့။ ဒီလိုသာ သူမသိ ငါမိုး လုပ်နေရင် တော်ကြာ အေးမှီ သူများနောက်ပါသွားမယ်။ ဒီခေတ် ဒီကာလဆိုတာက ဖူးစာမှုထက် ဦးရာလူဘက်ပါတတ်ကြတာကလား"

"ဖွင့်ပြောလိုက်ရင် . . . အေးမှီ စိတ်ဆိုးသွားမှာ ကြောက်တယ်ကွာ"

"လဲသေလိုက်စမ်း။ ရေမရှိတဲ့ ချောင်းမှာ နှာခေါင်းဖော်ပြီး သေပစ်လိုက်စမ်းကွာ။ ဒီမှာ မှတ်ထား၊ အဲရွယ်ရောက်ပြီး နှစ်ဦးသား လွတ်လပ်နေကြတဲ့ အပျို၊ လူပျိုဘဝမှာ သမီးရည်းစားစကားပြောတာ ဘယ်ဥပဒေပုဒ်မနဲ့မှ အရေးယူလို့ မရဘူး။ ယဉ်ယဉ်ကျေးကျေး မေတ္တာတောင်းခံတဲ့ဥစ္စာပဲ . . ။ ကာလ္လာဖြေ့ပျက်အောင် ကိုယ်ထိလက်ရောက် ကျူးလွန် စော်ကားမယ်ဆိုရင်တော့ တစ်မျိုးပေါ့။

စိန်မြိုင် ဆပေ



ခုဟာက ရိုးရိုးသား ဖွင့်ပြောတဲ့ဥစ္စာပဲ။ နှစ်သက်ရင် လက်ခံမယ်၊ မနှစ်သက်ရင် ငြင်းဆန်မယ်။ အဖြေတဒါပဲ"

"ဟုတ်တယ်ကွာ၊ ဒီတစ်ခါ အေးမှီနဲ့တွေ့ရင် ငါ့ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ခံစားချက်တွေကို ရင်ဖွင့်ပြလိုက်တော့မယ်"

"အေး . . အဲသလိုမျိုး လုပ်စမ်းပါ တိုးမောင်ရာ"

သည်တော့မှပင် တိုးမောင်စိတ်ထဲ ဒိုးဒိုးချနိုင်တော့သည်။

သူ့ရင်ထဲ၌ သတ္တိတွေရှိနေပါပြီ။ အချစ်သည် တစ်ခါတစ်ရံ၌ သူရဲဘောကြောင်တတ်သလို တစ်ရံတစ်ခါကျပြန်တော့လည်း ရဲစွမ်းသတ္တိတွေ ပြည့်လျှမ်းနေတတ်ပါရောလား။



စိန်မြိုင် ဆပေ

www.burmeseclassic.com

www.burmeseclassic.com









**အလျှဉ်း**

**ထင့်**

**ချပ်တော့** အေးမို့ ထမင်းချိုင့်လာပို့ချိန်တွင် ကို မောင်တက်မရှိ။ ပယောဂကုရန်အတွက် လာပင့်သဖြင့် လူနာရှိရာအိမ် သို့ သွားနေချိန်ဖြစ်၏။

အေးမို့ခမျာ တိုးမောင် ဘာတွေကြံစည်နေသည်ကို သိဟန်မတူ။ သူလုပ်စရာ ရှိသည်တို့ကို သွက်သွက်လက်လက် လုပ်နေ၏။ ထမင်းအုပ်ထဲသို့ ထမင်းများကို လည်းကောင်း၊ ဟင်းပန်းကန်များ အတွင်းသို့ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်လာသော ဟင်းတို့ကိုလည်း ကောင်း၊ ငါးပိရည် တို့စရာတို့ကိုလည်းကောင်း သပ်ရပ်စွာထည့်ပြီးသည့် သကာလ လောလောလတ်လတ် စားကြမည်မဟုတ်သေး၍ အုပ်ဆောင်းဖြင့် အုပ်ထားလိုက်လေသည်။

တိုးမောင် စကားစရပါတော့မည်။

"ဘာတွေ ချက်လာသတုံး အေးမို့"

"ပုစွန်ဆတ်ထုပ်ကလေးတွေကို ခရမ်းချဉ်နှစ်နဲ့ ချက်ထားတယ်။ ပြီးတော့ ပဲကြီးဟင်းနဲ့ ဆူးပုပ်ရွက် အခတ်။ ငါးညင်း



www.burmeseclassic.com

www.burmeseclassic.com



ဝက်မီးအုံး၊ ရေကျိုငါးပိဖျော်လေ"

"ကောင်းတာပေါ့။ ပဲကြီးဟင်း အရည်သောက် ကလေးပါ တော့ ထမင်းမြိန်ဦးမှာပဲ။ ဩော်. . . ဒါထက် အေးမှို"

"ရှင် . . ဘာပြောမလို့လဲ ကိုတိုးမောင်"

"အဟဲ . . ဟဲ . . အဟဲ . . ဟဲ"

ဘယ်လိုစကားစရမှန်းမသိ၍ သွားကိုပင်ဖြဲထားလိုက်ရသည်။

"ဘာတုံးတော့ ပြောစရာရှိရင်ပြောပေါ့၊ နောက်နေ့ ဘာဟင်းစားချင် လို့လဲ၊ ဘာချက်ခဲ့ရမှာလဲ။ စားချင်တဲ့ဟင်း ပြောမလို့မဟုတ်လား"

"မဟုတ်ပါဘူးဟာ။ ငါပြောချင်တာက အဟဲ . . ဟဲဟဲ"

အေးမှို စိတ်သိပ်မရှည်တော့။ ထမင်းချိုင့်၊ ဟင်းချိုင့်တွေကို အံကျအောင် ကိုင်းထဲပြန်ထည့်နေမိသည်။

"အဟဲ. . . ဟဲ. . . ငါ ပြောချင်တာကလေ"

"အိုတော်. . . ဒီကနေ့ ကိုတိုးမောင် ဘာဖြစ်နေတယ် မသိဘူး။ မျက်နှာကလည်း စပ်ဖြဲဖြဲနဲ့ . . . ကျောက်ကျောကို ဆီသုတ်ထားတဲ့အတိုင်းပဲ။ ပြောစရာရှိရင် မြန်မြန်ပြော"

သည်တော့လည်း တိုးမောင်ခမျာ အရဲစွန့်၍ပြောလိုက်သည်။ ပြောထွက်မည့် ပြောထွက်တော့လည်း ရည်ရွယ်ထားသည်နှင့် ရောက်သွားသည့်လမ်းက တကယ့်ကို ဝေလွဲတချော်။

"ဟို. . . ဟိုလေ. . . နင်သိလား၊ ရွှေတိဂုံဘုရားကို ကျားတက်တယ်ဆိုတာလေ"

"ဟွန်း. . . သိသားပဲ။ ကျားက မျက်စိလည်ပြီး ပစ္စယံ ထက် တက်ခိုအောင်းနေလို့ ဂေါ်ရာတပ် စစ်ပုလိပ်တွေက နှိမ်နင်း ပစ်ခတ်လိုက်ရတဲ့ဥစ္စာ၊ ဘာဆန်းလို့လဲ။ ဒီကိစ္စ တစ်တိုင်းတစ်ပြည်လုံး ဟိုးဟိုး ကျော်နေတဲ့ဟာ"

သွားစမ်း . . သေစမ်း၊ သေလိုက်စမ်း။ တိုးမောင်ခမျာ သူ့နှ





ကို သူ မရိုက်မိအောင် မနည်းကို ထိန်းချုပ်ထားလိုက်ရသော

နောက်တစ်နေ့ရောက်တော့လည်း ကံအားလျော်စွာ တိုးမောင် တက်ကြီး အိမ်မှာမရှိပြန်။ ကုန်ဈေးတန်းသို့သွား၍ ပဲရဆေး အဝယ် ထွက်နေသည်။

ထုံးစံအတိုင်းဆိုသလိုပင် အေးမှိုက သူလုပ်ဆောင်ရမည့် ဝတ္တရားကို ကျေပွန်စွာ သွက်သွက်လက်လက် လုပ်ကိုင်နေသည်။ ထမင်း ဆိုင်မှ ခြေလှမ်းသွက်သွက်ဖြင့် လာခဲ့ရသည်ထင့်၊ အေးမှို၏ နဖူးပြင်၌ ချွေးဥကလေးများ သီးနေကြသည်။ အင်္ကျီလက်ပြတ် ဝတ်ထားသည့် အတွက် ဖြူဝင်းသော လက်မောင်းသားများမှာလည်း ချွေးကလေးတွေ ထစိုစို ဖြစ်နေကြ၏။ ဒါသည်ပင် တိုးမောင်အတွက်တော့ မရိုးနိုင်သော အလှပေတည်း။

မနေ့ညကတည်းက အခွင့်သာအခါပေးလျှင် ရင်ထဲတည်စိုး ခံစားမှုတို့အား မိုးရေပမာ သွန်းချလိုက်မည်ဟု ကြုံးဝါးရင်း ပြောရမည့် စကားတို့ကို ပွဲမဝင်ခင် ကြိုတင်လေ့ကျင့်ထားခဲ့သည်။ သည့်အတွက် သည်ကနေ့တော့ဖြင့် မနေ့ကလို ကသောင်းကနင်း မဖြစ်နိုင်ဟု ယုံကြည် ထားလိုက်သည်။ လိုရင်းကို တိုတိုရှင်းရှင်းဖြင့် ထိထိရောက်ရောက် ပြော ဆို အရချိုင်လိုက်မည်ဟုလည်း ဆုံးဖြတ်ထားလိုက်သည်။

"အေးမှို"

"ဘာတုံးတော့"

"နင့်ကို ငါတကယ် စကားအတည်ပြောချင်လို့ပါဟာ"

"စကားပြောစရာပဲ ပြောပေါ့။ ဘာဆန်းလို့လဲ၊ ပါးစပ်ရှိ ရင် ပြောလို့ရတာပဲဟာ"

"ခုပြောမယ့်စကားက နင့်ကိုရည်ညွှန်းပြီး ပြောမယ့်စကား မို့လို့ ပလ္လင်ခံနေရတာ"

"ပြောမှသာ ပြောစမ်းပါတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာ ငါပြောလိုက်ရင် နင် စိတ်ဆိုးသွားမှာလား"

"စိတ်ဆိုးစရာရှိရင်တော့ စိတ်ဆိုးမှာပေါ့။ စိတ်ဆိုးစရာ မရှိရင် ဘာလို့ စိတ်ဆိုးရမှာလဲ။ ကဲ. . . ပြောစရာရှိတာ ပြော. . ."

"ပြောမှာပေါ့ အေးမို့ရာ။ နင့်ဟာကလည်း ဆောင့်ကြီး အောင့်ကြီးနိုင်လိုက်တာ"

"ကျုပ် အလုပ်ရှိသေးတယ်တော့။ ဆိုင်မှာက ဒီအချိန် လူကျနေတာ။ အမေနဲ့ ထွေးကြည်တို့ လက်လည်မှာ မဟုတ် ဘူး။ ဒီတော့ ပြောချင်လည်းပြော၊ မပြောချင်လည်းနေ၊ ကျုပ် ပြန်တော့မယ်"

ပြောပြောဆိုဆိုနှင့် နေသားတကျ ပြန်ထည့်ပြီးသော လေးဆင့် ချိုင့်ကြီးကိုဆွဲကာ နေရာမှထသည်။

"ဟာ. . . ဟာ. . . ခဏကလေး ခဏကလေးပါဟာ။ ဒီတစ်ခါတော့ ဝေ့မနေ ဝိုက်မနေတော့ဘူး။ တုတ်ထိုးအိုး ပေါက်ပဲ ပြောချလိုက်တော့မယ်။ ဒီမှာ . . အေးမို့"

"ရှင် . . ရှင့်"

"နင့်ကို . . . ငါသိပ်ချစ်တယ်ဟာ။ နင် . . နင် 'ချစ်မယ်' မဟုတ်လားဟင်"

ပြောမည့်ပြောတော့လည်း တကယ့်ကို ပစ်ကွင်းတည့်တည့် ထိ ရောက်သွားသည့် စကားပါပေ။ တိုးမောင်အဖို့ သူပြောလိုသည့်စကားကို အဆင်ချောစွာ ပြောလိုက်ရသည့်အတွက် ဝမ်းနှုတ်ဆေးစားပြီးသကာလ ချုပ်နေသော ဝမ်းတို့ကို ဒလဟောစွန့်ထုတ်ပြီးခဲ့သည့်အလား တစ်ကိုယ်လုံး ပေါ့ပါးသွားရလေတော့၏။ မျက်နှာတစ်ခုလုံးလည်း ပြုံးပြုံးရွှင်ရွှင်။

"ပြော. . ပြောပါဟာ. . . နင့်အသံကို နားနဲ့ ဆတ်ဆတ် ကြားချင်လို့ပါ။ ငါ့ရင်တွေလည်း ခုန်လှပြီ။ နင် 'ချစ်မယ်'





မဟုတ်လားဟင်"

'အေးမို့ . . ကိုတိုးမောင်ကို ချစ်ပါတယ်' ဒါမှမဟုတ် 'အေးမို့ ငိုးစားပါဦးမယ်'၊ သို့တည်းမဟုတ် 'ဟင့်အင်း. . . ချစ်ပါဘူး၊ ချစ်ရေး ကြိုက်ရေးကို စိတ်မဝင်စားဘူး' စသဖြင့် အေးမို့၏ နှုတ်မှ တစ်ခုခုသော တစ်ခု ထွက်လာလိမ့်မည်ဟု တိုးမောင် မျှော်လင့်ထားခဲ့သည်။

သို့သော်. . . သို့သော်ငြား အေးမို့၏ စကားကြောင့် တိုးမောင် ခမျာ အောင်ကြုကြု၊ အူကြောင်ကြောင်ဖြစ်လျက် လင်းတမှိုင်မှိုင်တာ ဘျန်ရစ်ခဲ့ရပါသတည်း။ အေးမို့၏ စကားက ရှင်းရှင်းကလေး။


"အဟင်း. . . ဟင်း ကိုတိုးမောင်ဟာလေ။ တော်တော် ကြောင်တာပဲ။ ဘာတွေစိတ်ကူးယဉ်ပြီး ထင်ရာမြင်ရာတွေ စွတ်ပြောနေသလဲ မသိဘူး။ ကျုပ် က 'အေးမို့'လေ၊ 'အေးမို့'။ တော်ပြောတဲ့ 'ချစ်မယ်' မဟုတ်ဘူး။ ဘယ်က မိန်းမနာမည်တွေ ပြောနေသလဲ မသိဘူး။ ကဲ . . 'ချစ်မယ်' မဟုတ်တဲ့ အေးမို့ ပြန်ပါပြီရှင့်"

စိန်မိုးယံ စာပေ

www.burmeseclassic.com

www.burmeseclassic.com









လ

ရာ

**သီတို့** တရွေ့ရွေ့ ပြောင်းခဲ့ပါချေပြီ။

တိုးမောင်လည်း ရေဒီယိုပြုပြင်ရေး အတတ်ပညာကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ပြီဖြစ်၏။ သင်တန်းဆရာက သင်တန်းကာလအတွင်းကပင် မျက်နှာလွှဲရလောက်အောင် တွမ်းကျင်စွာတတ်မြောက်နေသော တိုးမောင်အား များစွာသဘောကျကာ သူ့ဆိုင်တွင် လက်ထောက်သင်တန်းပြဆရာအဖြစ် လစာကောင်းကောင်းပေးပြီး ခန့်ထားခဲ့သည်။ ထိုမျှမက သီးခြား ပြင်ဆိုင်ခွဲထွက်လျှင်လည်း လိုအပ်သော အကူအညီများ ပေးဦးမည်ဟု ဆိုထားရာ တိုးမောင်၏ အနာဂတ်အနေအထားအဖို့ ရေကန်အသင့် ကြာအသင့် ဖြစ်နေပေတော့သည်။

လောလောဆယ်တော့ ကိုယ်ပိုင်ဆိုင် မထောင်သေး၊ ဆရာနှင့်ပင် တွဲဖက်လျက် လက်ထောက်သင်တန်းပြဆရာအဖြစ် လခစားအလုပ်ကိုလုပ်ရင်း၊ ကိုယ်ပိုင်ငွေလည်း စု၏။ အချို့အဝတ်တို့လည်း ပေါက်တောကုန်းရှိ ဘွားရွှေစာထံ လူကြုံနှင့် ပို့ပို့ပေးခဲ့၏။

သည်ကာလအတွင်း သူနှင့် အေးမို့တို့မှာ နှလုံးသားချင်း ဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးရုံမက အသည်းချင်းလည်း ပေါင်းစပ်ဖလှယ်ပြီးခဲ့လေပြီ။ အခေါ် အပြောတွေလည်း ညက်ပ။

"ကိုယ်တို့ချင်း နီးချင်ပြီ အေးမှိရယ်"

"ဒီကလည်း နီးချင်တာပေါ့ ကိုတိုးရယ်။ ရွာကလူကြီးတွေကို မြို့ခေါ်လာပြီး အမေ့ဆီမှာ လာတောင်းပေါ့"

"စိတ်ချ. . .၊ ဝါကျွတ်ပြီဆိုတာနဲ့ ပေါက်တောကုန်းကို ပြန်ပြီး ဘွားရွှေစာတို့၊ သူကြီးဘိုးရွှေရတို့ကို သွားခေါ်လာမယ်။ ပြီးရင် အေးမှိအမေဆီမှာ မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ယူမယ်။ နောက် ဆွေပြမျိုးပြအဖြစ် အေးမှိကို ကိုတိုးတို့ ပေါက်တောကုန်းကို ခေါ်သွားမယ်"

"တကယ်"

"တကယ်ပေါ့ အေးမှိရာ။ ကိုယ်တို့ ပေါက်တောကုန်းရွာဆိုတာ သိပ်ကို ပျော်စရာကောင်းတဲ့ရွာပေါ့။ ဘွားရွှေစာသာ အေးမှိကိုမြင်ရရင် သိပ်ကိုချစ်မှာ"

"အေးမှိကလည်း ဘွားရွှေစာကို မမြင်ဖူးရသေးပေမဲ့ ကိုယ့်ဘွားဘွားလို စိတ်ထဲထင်မှတ်ထားတာပါရှင်"

သည်သို့ ချစ်သူနှစ်ဦး ဘယ်သူဘယ်ဝါမှ မသိရလေအောင် သိုသိုသိပ်သိပ်ဖြင့် ချစ်စခန်းကလေးကို တည်ဆောက်ခဲ့ကြသည်။ တိုးမောင်အဖို့ အိမ်ထောင်ကျလျှင်ဖြင့် သူ့ရွာနှင့်မလှမ်းမကမ်းရှိ မြို့နယ်သို့ ပြောင်းကာ ရေဒီယိုပြင်ဆိုင်ဖွင့်မည်။ ဘွားရွှေစာကိုလည်းခေါ်ကာ အိမ်ဦးခန်းတွင်တင်လျက် ပြုစုလုပ်ကျွေးမည်။ အေးမှိကိုတော့ ပင်ပန်းမည်စိုး၍ ထမင်းဆိုင်မဖွင့်ခိုင်းတော့။ အိမ်မှုကိစ္စလေးတွေသာ လုပ်ကိုင်စေမည်။ စီးပွားရေး လုပ်စို့တောင်းဆိုလာလျှင်တော့ တစ်ပိုင်တစ်နိုင် အိမ်ဆိုင်ကလေး ဖွင့်ပေးမည်ဆိုပါတော့။

အနာဂတ်ကို တွေးကြည့်တော့လည်း ပျော်စရာ။





**ဝါဆော**

**ထင်း**

**လွှတ်** သီတင်းကျွတ်ပေဦးတော့မည်။

တော်သလင်းမြစ်တွင်း သင်ဖြူးခင်းပြီးလေသည့် သမယ၊ သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုး ရွာသွန်းဖြိုးကာ ငါးမည်ကြာခိုင်တို့လည်း ကြိုင်လှိုင်၍ သင်းပေရော့မည်။

တိုးမောင်ကား သူ့စိတ်ကူးနှင့်သူ။

စိတ်ကူးထဲကအတိုင်း သူ့ဆရာထံ အလုပ်မှ ခွင့်ယူလိုက်သည်။

"သွားပါကွာ. . . သွားပါ။ ဒီလိုမျိုး ဝါလကင်းလွတ်သီတင်းကျွတ်မှာ ကိုယ့်ရပ်ကိုယ့်ရွာပြန်ပြီး ဘုန်းတော်ကြီးတွေ၊ လူကြီးသူကြီး မိဘဘိုးဘွား၊ ဆရာသမားတွေကို ပြန်ကန်တော့ရတာ အင်မတန်မှ ကောင်းမွန်လှပါတယ်။ စိတ်အေးအေးသာသွား"

အမှန်မတော့ တိုးမောင်က သူ့အကြံနှင့်သူ။

ဘုရားဖူးရင်း လိပ်ဥလည်းတူးရင်း ဆိုသကဲ့သို့ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့်တကွ သူ့အပေါ် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် လူကြီးသူများကို ကန်တော့မည့်အပြင် အေးမှိုကို လိုက်တောင်းရမ်းပေးရန် ဘွားရွှေစာတို့ သူကြီးဘိုးရွှေရတို့ ခေါ်လာခဲ့မည် ဖြစ်သည်။ သူတို့ကိုလည်း ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများကို လိုက်လံပို့ဆောင်ပေးမည် ဖြစ်သည်။

သည်အကြောင်းကို ကိုမောင်တက်ကြီးကို အသိမပေးရသေး ဝါကျွတ်ခါနီး၍ ရွာပြန်မည်ဟုသာ ပြောထား၏။ ဒါကလည်း ဖြုန်းခနဲ အံ့အားတသင့် ဖြစ်သွားစေရန်ဖြစ်၏။

တကယ့်တကယ်ကျတော့ ထင်မှတ်မထားတာ ဖြစ်လာရသည်။

အံ့အားသင့်စရာတော့ အကောင်းသား။

တိုးမောင်က သည်ဘက်၌ နှုတ်ဆိတ်နေသကဲ့သို့ ကိုမောင်တက်ကလည်း သည်ဘက်မှာ နှုတ်ဆိတ်နေခဲ့သည်။ ကနဦး၌ ကိုမောင်တက်တစ်ယောက် မိန်းမသနာ စိတ်မဝင်စား။ လူပျိုသိုးကြီးဘဝဖြင့် ဘိုးတော်တက်အမည်ခံကာ ဘဝနေဝင်ချိန်ထိ ဖြတ်သန်းသွားလိမ့်မည်ဟု ယုံကြည်ထားခဲ့၏။ ထကယ့် တကယ်ကျဘော့ ထင်မှတ်မထားတာတွေ တကယ် ဖြစ်လာရတော့သည်။

"အေးမှိုလည်း အံ့အားသင့်သွားတာပေါ့ ကိုတိုးရယ်။ ဘိုးတော်တက်က အေးမှိုမရှိတုန်း အမေ့ဆီလာတာတဲ့ ကိုတိုးရဲ့။ သူက အေးမှိုနဲ့လက်ထပ်လိုတဲ့ အကြောင်း၊ အေးမှိုကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ ထားမယ့်အကြောင်း၊ လက်ဝတ်လက်စား အပြည့်အစုံဆင်မယ့်အကြောင်း၊ အမေ့ကိုလည်း ဘာအလုပ်မှမလုပ်ခိုင်းဘဲ အိမ်ဦးခန်းမှာထားပြီး ဘုရားသွား ကျောင်းတက်မှန်သမျှကို ပံ့ပိုးကူညီမယ့်အကြောင်း စကားတွေ ရှန်းရှန်းဝေအောင် နားသွင်းထားခဲ့တယ်"

"ဒီတော့ အေးမှိုအမေရဲ့ သဘောထားက ဘယ်လို





တဲ့လဲ"

"အမေက ကိုတိုးနဲ့ အေးမှိုတို့ ချစ်နေကြတာတို့ မသိဘူး ခုကိစ္စမှာ သမီးကညာ အခါမလင့်သာဆိုပြီး သမီးရဲ့ ရှေ့ရေးကို စဉ်းစားမိလို့ ထင်ပါရဲ့။ လက်ခံလိုက်သတဲ့ ကိုတိုးရယ်။ အေးမှိုတော့ သေသာသေလိုက်ချင်တာပဲ"

"အေးမှိုက အေးမှိုနဲ့ကိုတိုးတို့ ချစ်နေကြတဲ့အကြောင်းကို ဖွင့်မပြောလိုက်ဘူးလား"

"ဖွင့်မပြောဘဲ ဘယ်နေပါ့မလဲ ကိုတိုးရယ်။ ဖွင့်ပြောလိုက်တာပေါ့။ ဒါပေမဲ့ အမေက သူ့ နှုတ်ကတိလွှန်ပြီးပြီ ဖြစ်လို့ ဘာမှ မတတ်နိုင်တော့ဘူးတဲ့။ ခုကိစ္စမှာလည်း ကိုတိုးထက် ကိုမောင်တက်က အသက်ကြီးတယ်၊ နေငွေကြေးခိုင်တယ်တဲ့။ အိမ်ထောင်တစ်ခု ပြုကြပြီဆိုတဲ့အခါ မိန်းကလေးအဖို့ ကိုယ့်ထက်ငယ်တဲ့သူ၊ ကိုယ်နဲ့ အသက်မတိမ်းမယိမ်းတွေကို ရှောင်တာ အကောင်းဆုံးတဲ့။ ကိုယ့်ထက်အသက်ကြီးမှ ကိုယ့်အပေါ် မယားလိုတစ်ဖုံ၊ ညီမလိုတစ်သွယ်၊ သမီးနှယ်တစ်နည်း လိုက်လျောပြီး ချစ်တတ်တာတဲ့"

အေးမှိုထံမှ ကြားလာရသော စကားတွေက တိုးမောင်၏နားထဲ သံရည်ပူနှင့် လောင်းချခံလိုက်ရသလို တကယ့်ကို မခံချိမခံသာအောင် ဖြစ်ရသည်။ တကယ်တမ်းဆိုလျှင် အေးမှိုနှင့် သူ ဘာမျှမဖြစ်ကြသေးမီ ကိုမောင်တက်၏ ဆန္ဒကိုသိရလျှင် သူ့အနေနှင့် ကိုမောင်တက် သူ့အပေါ်တွင် ပြုဖူးသော ကျေးဇူးတရားအရ ဘာမျှရှေ့တိုးစရာ အကြောင်းမရှိ။

ခုတော့ အေးမှိုနှင့် သူသည် စွယ်တော်ရွက်ကလေးတစ်ခုလို ဖြစ်ခဲ့ရချေပြီ။ တိုးမောင်တစ်ယောက် အေးမှိုအမေလည်း စိတ်ရှိသော အေးမှိုလည်းကောင်းစား၊ ကျေးဇူးရှိသော ကိုမောင်တက်လည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာရလေအောင် ရန်ကုန်မြေကို ကျောခိုင်း၍သွားရလျှင် ကောင်းလေမည်လား။

"ပြောလေ . . ကိုတိုး၊ အေးမှီတို့ ဘာလုပ်ကြရင် ကောင်းမလဲဟင်"

"အင်း . . အဲဒါကိုပဲ ကိုတိုး စဉ်းစားနေတာ"

"အေးမှီတော့ ကိုတိုးနဲ့လွဲရင်တော့ သေမှာပဲ"

"မဟုတ်မဟပ်တွေ မပြောပါနဲ့ အေးမှီရယ်။ ကိုတိုးရဲ့အချစ်နဲ့ အေးမှီရဲ့ဘဝတစ်ခုလုံးကို အကောင်းဆုံးဖြစ်အောင် ထုဆစ်မှုန်းခြယ်သွားမှာပါ အေးမှီရဲ့။ ကိုင်း . . စိတ်ချမ်းချမ်းသာသာနဲ့ ဟန်မပျက်နေနော်။ ကိုမောင်တက်ကြီး အေးမှီကို လာတောင်းမယ့်ရက် မတိုင်ခင် ကိုတိုးအကောင်းဆုံးဖြစ်အောင် စီစဉ်မှာပါ"

သည်လိုမျိုး နှစ်သိမ့်မှုပေးလိုက်တော့ အေးမှီလည်း ကျေနပ်သွားတော့သည်။

ချစ်သူအေးမှီရှိရာ ရန်ကုန်မြေသို့ ပြန်တွေးတိုင်း တိုးမောင်လွမ်းပါသည်။ သူ. . . ဘယ်သူ့ကိုမှအသိမပေးဘဲ ရန်ကုန်မြေကို ကျောခိုင်းလျက် ဇာတိရပ်ရွာပေါက်တောကုန်းသို့ ပြန်လည်ရောက်ရှိနေသည်မှာ တစ်လပင်ပြည့်ပါရော့မည်။

သည်တစ်လတာ ကာလအတွင်း အေးမှီ၏ ဘဝကားချပ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲနေလိမ့်မည်မှာ သေချာသည်။ ပြီးတော့ သူ့အပေါ် အသည်းအသန် နာကျည်းသွားမှာလည်း သေချာသည်။

တကယ်တော့ သူ့အဖို့ အေးမှီကို မချစ်လို့မှမဟုတ်ဘဲ။

စွန့်၍ မချစ်ခဲ့သော်ငြား ချစ်၍ စွန့်ခဲ့ရပါသည်။

အေးမှီကို ချစ်လွန်း၍လည်း သူ့နှလုံးသားကို အကျဉ်းချ၍





သူသာတိတ်တိတ် ချစ်စိတ်တွေဖြေသိမ့်လျက် ချစ်သူရှိရာ နယ်မြေအရှုံးကိုရင်မှာပိုက်ပြီး ကျောခိုင်းထွက်ခွာလာခဲ့ခြင်းသာဖြစ်ပါသည်။

ကနဦးတော့ အေးမှီအဖို့ မချစ်မနှစ်သက်သောသူ၏ ရင်ခွင်ထဲ ရောက်လာရသည်ဆိုကာ စိတ်ဆင်းရဲပါလိမ့်မည်။ နောက်တော့လည်း သံယောဇဉ် နွယ်အမြစ်တွေက မသိမသာ တွယ်ယှက်လာမည်သာဖြစ်၏။ ထိုအခါဝယ် အေးမှီ၏အမေသော်လည်းကောင်း၊ အေးမှီသော်လည်းကောင်း၊ ကျေးဇူးတော်ရှင် ကိုမောင်တက်သော်လည်းကောင်း၊ ပျော်စရာမိသားစု၊ ချစ်အိမ်ထဲက မိသားစုလေး ဖြစ်သွားကြပါမည်။ သည့်အတွက် သူ့နှလုံးသားကို စတေးလိုက်ရသည်မှာ ကျေနပ်နေမိပါသည်။

"မြေးရေ"

"ဘာတုံး . . . ဘွား"

"ရွာထိပ်က ဘွားပြန်လာတော့ လမ်းမှာ ကျောင်းဒကာကြီး ဘိုးသံလုံးနဲ့ တွေ့တယ်။ သူ့အိမ်က ရေဒီယို ပျက်နေတာ လာပြင်ပေးနိုင်ရင် ပြင်ပေးပါလို့ ဘွားကိုမှာလိုက်တယ်။ မြေးမလဲ ရွာပြန်ရောက်ကတည်းက လန်းလန်းရွှင်ရွှင်ကိုမရှိ။ အပြင်တွေဘာတွေလည်း မသွားဘဲ အိမ်တွင်းချည်းအောင်းနေတယ်။ ကေန္တ ရည်းစားပူမျှား မိနေသလားမသိဘူး"

"ဟာ . . မဟုတ်တာ၊ ဘွားကလည်း"

"အောင်မလေးတော် . . ဘွားက ဒီလောက် လူကဲခတ်မညံ့ပါဘူးမြေးရဲ့။ အသွေးမြင်အသွင်သိသလို အငွေ့မြင် အပင်သိပါတယ်။ ဟောဒီပေါက်တောကုန်းမှာ ဘယ်သူ့တို့မြေးကြိုက်သလဲ . . . ဘွားကို ပြော၊ ရအောင်ပေးစားမယ်။ ဟွန်း. . . ဟွန်း. . . ငါ့မြေးက နှယ်နှယ်ရရမှတ်လို့။ ဘယ်သူမှ မပြင်တတ်တဲ့စက်တွေ ပြင်တတ်တဲ့သူ"

www.burmeseclassic.com



"ကဲပါ. . . ဘွားရယ်။ ကျွန်တော် ဘိုးသံလုံးတို့ဘက် သွားလိုက်ဦးမယ်"

"သွားပါတော် . . သွားပါ"

တိုးမောင်လည်း ရေဒီယိုပြင်ရန် ခဲ၊ ဂေါက်၊ မီတာ၊ ဝါယာကြိုးနှင့် တိုလီမုတ်စများကို ယူဆောင်လျက် ကျောင်းဒကာကြီး ဘိုးသံလုံးထံ ထွက်လာခဲ့လေသည်။





**ဆိုး**

**ထံလုံး**

**အဓိ** ပျက်နေသောရေဒီယိုကြီး တိုးမောင်၏ လက်တွေ့မျက်တွေ့ ပြုပြင်ပေးလိုက်မှုကြောင့် အညစ်အဟောင်းမှ အသစ်အကောင်း ဖြစ်လာသည်ကိုကြည့်ရင်း ဝမ်းသာအားရဖြစ်နေသည်။

"တော်တယ်ကွာ. . .၊ မင်းကိုတော့ ငါ့အရမ်း သဘောကျသွားပြီ။ ဆရာတော်ကြီး ပြောဖူးသလိုပဲ၊ မင်းဟာ တစ်နေ့တျရင် ထူးချွန်တဲ့သူတစ်ယောက် ဖြစ်လာမယ်ဆိုတာ အခုလက်တွေ့ပဲ။ ကိုင်း. . . ထမင်းပွဲ ပြင်ထားတယ်. . . စားကွာ"

ဟိုး . . နဂိုကတည်းကပင် ကျောင်းဒကာကြီး၏ အိမ်သည် တိုးမောင်အတွက် စားအိမ်သောက်အိမ် ဖြစ်နေသည်မို့ အားမနာတော့ပါ။ ထမင်းစားပွဲတွင် ထိုင်ကာ အားရပါးရ စားဖို့ပြင်ပါတော့သည်။

"မင်းအတွက် ကျောင်းဒကာမကြီးက သေသေချာချာ ပြင်ဆင် ချက်ပြုတ်ထားတာကွ။ ပုစွန်ဆတ်ထုပ်တလေးတွေကို ခရမ်းချဉ်နှစ်နဲ့ ချက်ထားတယ်။ ပြီးတော့ ပဲကြီးထောင်းနဲ့ဆူး



www.burmeseclassic.com

www.burmeseclassic.com



ပုပ်ရွက်အခတ်။ တည်းဝက်မီးအုံး၊ ရေကျိုင်းပိဖျော်လေ"

"ဟင်"

ကျောင်းဒကာကြီး ရွတ်ပြသွားသော ဟင်းလျာတွေကြောင့် အေးမှီကို သူ သတိရသွားသည်။ စားပွဲပေါ်ရှိ ဟင်းလျာတွေသည် တစ်ချိန်က အေးမှီ ချက်ပြုတ်လာပို့ပေးသွားသော ဟင်းလျာတွေနှင့် အမျိုးအမည် ထပ်တူတွေပင် မဟုတ်ပါ ကလား။

"ဝုတ်"

"ဝုတ်"

"ဟဲ့ . . ခွေး . . ဟဲ့ . . ခွေး။ ဗျို့ . . ဘိုးသံလုံး၊ အဲဒီမှာ တိုးမောင်ရှိသလားဗျို့"

ခွေးဟောင်သံနောက်၌ ကပ်ပါလာသည့် ခြံဝမှအသံ။

"ရှိတယ်ဟေ့ . . . ရှိတယ်။ ထမင်းစားနေတယ်။ ဘာကိစ္စလဲ"

"သူ့အိမ်မှာ ရန်ကုန်က ဧည့်သည်တွေ ရောက်နေလို့၊ အဲဒါ . . . ဘွားရွှေစာက အခေါ်လွှတ်လိုက်လို့ပါ"

"အေး . . . အေး"

ရန်ကုန်က ဆိုပါကလား။ ဘယ်သူတွေများပါလိမ့်။

တိုးမောင်ရင်ထဲမှာတော့ ဒိန်းခနဲ။

ထမင်းစားသောက်ပြီးလေသော် ဘိုးသံလုံးကို နှုတ်ဆက်လျက် အိမ်ဘက် လှည့်ပြန်ခဲ့တော့သည်။



စိန်မှဘေ ဆေး



"တင်

........

..............."

ခြံထဲလှမ်းဝင်တော့ အိမ်ပေါ်တွင် ရှိနေကြသူတွေကို မြင်ရသည်။ မြင်ရလျှင်မြင်ရချင်း တိုးမောင် ဘာလုပ်လို့ဘာကိုင်ရမှန်း မသိတော့။ ခြေလှမ်းတွေက ရှေ့တိုးရမည့်အစား အနောက်ဘက်သို့ ဆုတ်သွားကြသည်။

သူ ရှေ့မဆက်ရဲတော့ပါ။

မဆက်ရဲဆို ကိုမောင်တက်နှင့် အေးမှီတို့ နီးမောင်နှံ၊ ပြီးတော့ ကိုမောင်တက်၏ ယောက္ခမကြီး ဒေါ်လှမြိုင်တို့ကို တွေ့လိုက်ရသည် မဟုတ်လား။

"ရက်စက်ပါပေ့ အေးမှီရယ်။ ငြိမ်သက်စပြုနေတဲ့ ကိုတိုးရဲ့ နှလုံးသားကို လာဆွနေတာလားဟင်"

ဟူ၍ ညည်းတွားပြီး ခြံဝမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူ ဝေးရာသို့ ပြေးရပါတော့မည်။

"ဟေ့ ဟေ့ကောင် . . . တိုးမောင်၊ နေဦး . . . နေဦး"

စိန်မှီးယံ ဆေး

www.burmeseclassic.com



"ဟာ. . . ကိုမောင်တက် . . ခင်ဗျား . . ခင်ဗျား"

"နေ. . . နေပါဦးကွ။ ငါရှင်းပြတာလည်း နားထောင်ပါဦး"

"မရှင်းပါနဲ့တော့ဗျာ။ ဘာမှ မကြားချင်တော့ဘူး။ ခင်ဗျားတို့ ပြန်ကြရင် ကောင်းမယ်"

"ပြန်မှာပါကွာ။ ငါတို့ ခုပဲပြန်ကြမှာပါ။ အေးမို့ကိုထား ပြီးတော့လေ"

"ဘာ. . . ခင်ဗျား ရက်စက်လှချည်လား။ ကိုယ့် မယားတစ်ယောက်ကို . . ."

"ဘာမယားမှ မဟုတ်ဘူး။ အေးမို့နဲ့ငါ ဘာမှမဖြစ်ဘူး။ သူဟာ ခု ငါ့သမီးဖြစ်သွားပြီ"

"ဗျာ"

"ဟုတ်တယ်. . . ငါ တကယ်ယူဖြစ်လိုက်တာက အေးမို့ရဲ့အမေကိုပဲ။ ငါက ဘာမှမဆင်ခြင်ဘဲ အေးမို့ကိုယူဖို့ လုပ်သေးတယ်။ အဲဒီတုန်းမှာ အေးမို့ခမျာ မျက်ရည်နဲ့မျက်ခွက်။ ဒီကြားထဲ မင်းကထွက်သွားတယ်။ အားလုံး ဇာတ်ရည်လည်တော့မှ မင်းရဲ့စိတ်ဓာတ်ကို သဘောပေါက်ရတယ်။ လေးလည်းလေးစားသွားတယ်။ ငါက ဟင်းကောင်းကြိုက်တယ်ကွ။ လက်ရာလည်း ရှေးတယ်။ ဒီတော့ အေးမို့နဲ့ မင်းကို ပေးစားမယ်။ ငါကတော့ ရာသက်ပန်လက်ရာကောင်းကောင်းချက်ကျွေးမယ့် အေးမို့အမေကိုယူမယ်ဆိုပြီး ယူလိုက်တာပေါ့။ စောစောတုန်းက လာမလို့ဟာ၊ အလုပ်တွေဖြတ်နေရသေးတာနဲ့ ခုမှ လာဖြစ်ဘာ"

တိုးမောင်အဖို့ လောကကြီး၏ ဆန်းကြယ်ပုံကို အံ့အား တသင့် ဖြစ်နေရသည်။

စိန်မိုးပျံ စာပေ



ခုတော့လည်း အလွမ်းတွေမှန်သမျှကို ခဝါချရတော့မည်။ မကြာမီ ပျော်စရာတွေ ဖြစ်လာတော့မည်။

ဘာကြောင့်ဆို သူ့အချစ်ဆုံး အေးမို့သည် သူ့ပြန်အလာကို စောင့်ကြိုနေရှာသည် မဟုတ်ပါလား။

(ကြည်ရွှင်ပြုံးပျော်နိုင်ကြပါစေ)

မြို့မေတ္တာခံယူမယ့်

**ကိုရွှေတောသား**

၉. ၄. ၂၀၀၉
(နံနက် ၁၀း၀၀ နာရီတိတိ)

စိန်မိုးပျံ စာပေ

BURMESE CLASSIC .com

www.burmeseclassic.com